

# အဟောင်း
# စွန့်၍အသစ်
# တည်ဆောက်ခြင်း

သို့မဟုတ်

**နွေဦးတော်လှန်ရေးသို့ ဘက်ပြောင်းပူးပေါင်းခြင်း**

ပြည်သူ့ပန်းတိုင်

အစီရင်ခံစာ

အောက်တိုဘာ ၂၀၂၄

# အဟောင်း စွန့်၍ အသစ် တည်ဆောက်ခြင်း

သို့မဟုတ်

**နွေဦးတော်လှန်ရေးသို့ ဘက်ပြောင်းပူးပေါင်းခြင်း**

သို့မဟုတ်

နွေဦးတော်လှန်ရေးသို့ ဘက်ပြောင်းပူးပေါင်းခြင်း

# မာတိကာ


**နိဒါန်း** ၇

**ပြည်သူ့ပန်းတိုင်နှင့် စည်းရုံးလှုံ့ဆော်ရေးနှင့်ပံ့ပိုးကူညီရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ** ၈

**အချက်အလက်နှင့် သုတေသနနည်းစနစ်** ၁၂

**တပ်တွင်း သရုပ်သကန်** ၁၅

- အကျင့်ပျက်ခြစားမှုများ ၁၆
- ဝါဒဖြန့်မှုများနှင့်လုပ်ကြံဇာတ်လမ်းများ ၁၇
- ရွေးကောက်ပွဲအား နှောင့်ယှက်ဖျက်ဆီးခြင်း ၁၈
- တိုက်ပွဲဝင်စိတ်ဓာတ်နှင့် တိုက်ပွဲအသင့်ဖြစ်မှု ၂၀
- တပ်သားသစ်စုဆောင်းခြင်း ၂၂
- ရှေ့တန်းစစ်မြေပြင်မှအားနည်းဆုတ်ယုတ်လာမှုများ ၂၆
- စီးပွားရေးစီမံခန့်ခွဲမှုအလွဲများ ၂၈
- စစ်သည်များနှင့် ၎င်းတို့မိသားစုများ၏ဘဝများ ၃၁
- ဘာသာရေးဖိနှိပ်မှုနှင့်လူမျိုးရေးတင်းမာမှုများ ၃၄
- ဂျန်ဒါခွဲခြားဆက်ဆံမှုများ ၃၇
- ရက်စက်ကြမ်းကြုတ်မှုများနှင့်ရာဇဝတ်မှုများ ၃၈
- ဒီဂျစ်တယ်ဖိနှိပ်မှု ၄၀
- ကြိုတင်အကွက်ချထားသော ရွေးကောက်ပွဲ ၄၃
- နိဂုံး ၄၅

**တော်လှန်ရေး၏ သရုပ်သကန်** ၄၈

- ဘက်ပြောင်းလာသူများ၏ မတူညီသောဇာတ်ကြောင်းများ ၄၉
- ဘက်ပြောင်းရေးမဟာဗျူဟာ ၅၁
- စစ်မှုထမ်းဥပဒေနှင့်ယင်းဥပဒေအပေါ်တုံ့ပြန်မှုများ ၆၂
- အနာဂတ်ပြုပြင်ပြောင်းလဲမှုများ ၆၄
- နိုင်ငံတကာ အသိုင်းအဝိုင်း ၆၇
- နိဂုံး ၆၉

**မူဝါဒဆိုင်ရာ အကြံပြုချက်များ** ၇၀

## အတိုကောက်စာလုံးများ

| | |
|---|---|
| CRPH | ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ |
| EAO | တိုင်ရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်း |
| ERO | တိုင်းရင်းသားလူမျိုးစုတော်လှန်ရေးအဖွဲ့အစည်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUG | အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ |
| PDF | ပြည်သူ့ကာကွယ်ရေးတပ်မတော် |
| စစ်ကောင်စီ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မှ ၂၀၂၃ ခုနှစ် နှောင်းပိုင်းအထိ ကာလအတွင်းတွင် စစ်သားများ၊ ရဲတပ်ဖွဲ့ဝင်များ နှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်ဦးရေ ၁၅,၀၀၀ ကျော်သည်[၁] စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်တော်လှန်နေသော နွေဦးတော်လှန်ရေးထံသို့[၂] ဘက်ပြောင်းခိုလှုံခဲ့ကြသည်။ ထိုသို့ အစုလိုက်အပြုံလိုက် ဘက်ပြောင်းခိုလှုံမှု ဖြစ်စဉ်များကို အောက်တိုဘာလ ၂၀၂၃ တွင် စတင်ခဲ့သော ၁၀၂၇ စစ်ဆင်ရေးကလည်း ပို၍အရှိန်အဟုန် ကြီးမားလာစေရန် တွန်းအားပေးနိုင်ခဲ့ပြီး အနည်းဆုံး လုံခြုံရေးတပ်ဖွဲ့ဝင် ၄,၀၀၀ ကျော် လက်နက်ချအညံ့ခံလာခဲ့သည်။ [၃]

ဤသို့ မြန်မာနိုင်ငံသမိုင်းတစ်လျှောက် မကြုံစဖူး ကြီးမားလှသည့် ဘက်ပြောင်းမှုများနှင့် လက်နက်ချမှုများသည် စစ်တပ် နှင့် တိုင်းရင်းသားပြည်သူများအကြား နက်ရှိုင်းသော ရပ်တည်ချက်ပြောင်းလဲမှုများ အကြီးအကျယ် ရှိနေကြောင်း ပေါ်လွင်စေခဲ့သည်။ အထူးသဖြင့် ဘက်ပြောင်းသူများကို ပြည်သူအများက ကြိုဆိုလက်ခံခြင်းသည် စစ်အုပ်စုအပေါ် ထိုးနှက်ချက်ဖြစ်စေသလို တော်လှန်ရေးကိုလည်း အားဖြည့်ပေးရာရောက်ကြောင်း သက်သေပြနေသည်။ ဘက်ပြောင်းခိုလှုံလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့စွန့်ခွာခဲ့သော စစ်တပ်အတွင်း ရှိနေသော အယူအဆများနှင့် လုပ်ဆောင်ချက်များအပေါ်၎င်း၊ ၎င်းတို့ကို စည်းရုံးနိုင်ခဲ့သော တော်လှန်ရေး ၏ အခြေခံမူများအပေါ်၎င်း၊ တန်းတူညီမျှမှုကိုအခြေခံသော စစ်တပ်အလွန် ဖက်ဒရယ် မြန်မာနိုင်ငံတော်ကြီး ပေါ်ထွက်လာစေနိုင်မည့် လက်တွေ့ဖြစ်နိုင်ချေများနှင့် အရေးပါမှုများအပေါ်၎င်း အများနှင့်မတူသော သီးခြားကွဲပြားသည့်ရှုထောင့်မှ မြင်ပေးနိုင်ကြသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်ပြီးနောက်တွင် အာဆီယံ၊ တရုတ်နိုင်ငံ နှင့် အိန္ဒိယနိုင်ငံတို့ အပါဝင် အဓိက ပြင်ပနိုင်ငံတကာအင်အားစုများသည် စစ်ကောင်စီနှင့် "အားလုံးပါဝင်သော" တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် တိုက်တွန်းခဲ့ကြပြီး၊ ဖိနှိပ်ခံပြည်သူများအား ဖိနှိပ်သူနှင့်ညှိနှိုင်းရန်[၄] တောင်းဆိုခဲ့ကြသည်။ ထိုသို့သော တွေ့ဆုံဆွေးနွေးမှုသည် စစ်အုပ်စု၏ဖိနှိပ်မှုများကို ကာလကြာမြင့်စွာ ခံစားလာခဲ့ ရသော မြန်မာပြည်သူများအတွက် လက်ခံနိုင်စရာအတိုင်းအတာတစ်ခု မဟုတ်ခဲ့ချေ။ သို့သော် အရပ်သားနှင့်စစ်သား ထာဝရရန်သူ ဖြစ်ရမည်ဟုလည်း ဆိုလိုခြင်းမဟုတ်ပေ။

ဤအစီရင်ခံစာထဲတွင် သုံးသပ်တင်ပြထားသော ပြည်သူ့ပန်းတိုင်စကားဝိုင်းဆွေးနွေးပွဲများကို ကြည့်ခြင်းအားဖြင့် ဒီမိုကရေစီဘက်တော်သားများနှင့် တော်လှန်ရေးခေါင်းဆောင်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်ဟောင်းများနှင့် အကျိုးရှိပြီး အပြန်အလှန်သဟဇာတရှိသော တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ကြောင်း တွေ့နိုင်သည်။ ထို့ကြောင့် ဤဆွေးနွေးပွဲများသည် စစ်အုပ်စုအလွန်ကာလ မြန်မာနိုင်ငံအတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြန်လည်ကုစားရေးအတွက် ဖြစ်နိုင်ခြေအလားအလာကို မျှော်လင့်၍ရနိုင်ကြောင်း ဖော်ပြနေသည်။

# ပြည်သူ့ပန်းတိုင်နှင့် စည်းရုံးလှုံ့ဆော်ရေးနှင့် ပံ့ပိုးကူညီရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

## အဖွဲ့အစည်းနောက်ခံသမိုင်း

ပြည်သူ့ပန်းတိုင်အဖွဲ့သည် နွေဦးတော်လှန်ရေးတွင် တက်ကြွစွာပါဝင်လှုပ်ရှားနေသော မြန်မာနိုင်ငံအခြေပြု အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သည်။ အဖွဲ့အစည်းကို ၂၀၂၁ မတ်လတွင် ဘက်ပြောင်းလာသည့် စစ်ဘက်အရာရှိများက ‘ပြည်သူ့စစ်သားများ’ ဟုခေါ်သည့်အဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ခေါင်းဆောင်မှုနှင့်အဖွဲ့ဝင်များ တိုးများလာပြီး ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် ‘ပြည်သူ့ပန်းတိုင်’ ဟုအမည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ (၁) ရက်နေ့တွင် တနင်္ဂနွေစကားဝိုင်းပုံစံဖြင့် ‘အတွေးအခေါ်လမ်းအစီအစဉ်’ ပထမဆုံးအပိုင်းကို စတင်မိတ်ဆက်နိုင်ခဲ့ပြီး ဤစကားဝိုင်းဆွေးနွေးပွဲများကို ယနေ့အချိန်အထိ အပိုင်းလိုက် ဆက်လက်တင်ဆက်လျက်ရှိသည်။

လက်ရှိအဖွဲ့အစည်းကို ဦးဆောင်သူများတွင် အရပ်သားများလည်း ပါဝင်နေပြီဖြစ်ပြီး အဖွဲ့၏ရည်မှန်းချက်များ ထဲတွင်လည်း ဘက်ပြောင်းမှုအတွက် စည်းရုံးတိုက်တွန်းရေး သာမက ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ လူနည်းစုပါဝင်နိုင်ရေး နှင့် ဖက်ဒရယ်အရေးတို့အထိ ကျယ်ပြန့်စွာ ပါဝင်လာပြီဖြစ်သည်။

**https://peoplesgoal.org**

ယခုအချိန်တွင် နွေဦးတော်လှန်ရေးသည် လက်ရှိအာဏာသိမ်းစစ်အုပ်စုကို အဆုံးသတ်နိုင်ရုံသာမက နှစ်ပေါင်း (၇၀) ကျော်အတွင်း ဒီမိုကရေစီအစိုးရများ ကြာကြာမခံနိုင်အောင် အမြဲဖြိုခွဲလာခဲ့သော စစ်တပ်အင်အားစုကြီးကိုပါ အဆုံးသတ်ပေးနိုင်မည်ဟု ယုံကြည်သူများ ပိုမိုများပြားလာနေပြီဖြစ်သည်။ စစ်အာဏာရှင်တော်လှန်ရေး အဖွဲ့များသည် ကွဲပြားစုံလင်လှသောကြောင့် အချင်းချင်းကြားပဋိပက္ခမဖြစ်အောင် တားဆီးပြီးရန်နှင့် စစ်အုပ်စုကို ဖိအားပေးနိုင်ရန် ဗျူဟာမြောက် စုစည်းကျစ်လစ်မှုများရှိရန် မဖြစ်မနေလိုအပ်သည်။ ထိုသို့ဖိအားပေးရာတွင် စစ်တပ်ကို အတွင်းပိုင်းမှအားနည်းလာအောင်ဘက်ပြောင်းမှုများအပါအဝင် အကြမ်းမဖက်နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းသည်လည်း အရေးပါသော ဗျူဟာတစ်ရပ် ဖြစ်လာခဲ့သည်။ ထို့ပြင် ပြည်သူ့ပန်းတိုင်၏ အခြေခံအယူအဆသည်[၇] စစ်သည်များအစုလိုက်အပြုံလိုက်ဘက်ပြောင်းမှု ဖြစ်ပေါ်လာအောင်ဆောင်ရွက်၍ တော်လှန်ခြင်းသည် တော်လှန်ရေးအောင်မြင်နိုင်ချေအား (၄၆) ဆ ပိုမိုများစေနိုင်သည်ဟု ညွှန်းဆိုထားသည့် သုတေသနတွေ့ရှိချက်များနှင့်လည်း ကိုက်ညီမှုရှိသည်ကို[၆] တွေ့နိုင်သည်။

‘ဘာကြောင့် လူထုတိုက်ပွဲအောင်မြင်ရသနည်း’ ‘Why Civil Resistance Works’ ဟု အမည်ပေးထားသည့် စာအုပ်ထဲတွင် Erika Chenoweth and Maria J. Stephan က အောက်ပါအတိုင်း ရှင်းပြထားသည်။

> “ကျွန်ုပ်တို့ အဓိကထောက်ပြလိုတဲ့ အချက်ကတော့ အကြမ်းမဖက်တော်လှန်မှုတွေဟာ လက်နက်ကိုင်တော်လှန်မှုတွေထက် အများပူးပေါင်းပါဝင်နိုင်စွမ်း ပိုအားကောင်းတဲ့ အားသာချက် ရှိတယ်ဆိုတာပါပဲ။ ဒီအချက်ဟာ ရလဒ်အပေါ်မှာ အရေးကြီးတဲ့

သက်ရောက်မှုတစ်ခုပါပဲ။ လက်နက်ကိုင်ပုန်ကန်မှုထက်စာရင် အကြမ်းမဖက် ခုခံတွန်းလှန်မှုမှာ ပါဝင်နိုင်ဖို့ စိတ်ခံစားပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ သတင်းအချက်အလက်ပိုင်းဆိုင်ရာနဲ့ ဖွဲ့သတ္တိပိုင်းဆိုင်ရာ အတားအဆီးတွေ အများကြီးပိုနည်းပါတယ်။ ပူးပေါင်းပါဝင်သူများခြင်းဟာ အောင်မြင်မှုအတွက်လိုအပ်တဲ့ အချက်တွေဖြစ်တဲ့ ရင်ဆိုင်အံတုနိုင်စွမ်းကောင်းခြင်း၊ နည်းစနစ်ပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်နိုင်စွမ်းပိုရှိခြင်း၊ အုပ်ချုပ်ရေးယန္တရားများကို ပိုမိုနှောင့်ယှက်နိုင်ခြင်း (ထိုမှတစ်ဆင့် စစ်အစိုးရက မူလအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ရင်းနှီးပေးဆပ်မှု ပိုမိုလုပ်ဆောင်လာရစေခြင်း)၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အပါအဝင် ရန်သူကို ထောက်ခံခဲ့သူတွေ ဘက်ပြောင်းလာနိုင်ခြေပိုများခြင်း စတဲ့အရည်အသွေးတွေ ရှိလာစေဖို့ အထောက်အကူဖြစ်စေပါတယ်။[၇]

နှစ်,နှစ်တာအတွင်း ပြည်သူ့ပန်းတိုင်တွင် အကြောင်းအရာအမျိုးမျိုးဆွေးနွေးခဲ့ကြပြီး ပါဝင်ဆွေးနွေးခဲ့သူ အများအပြားကလည်း ဘက်ပြောင်းခြင်းသည် တော်လှန်ရေးအတွက် အရေးပါသော ဗျူဟာတစ်ခုအဖြစ် သက်ရောက်မှုရှိနေကြောင်း ထပ်တူအသိအမှတ်ပြု ထောက်ခံခဲ့ကြသည်။ ဤသို့ဆွေးနွေးမှုများ ပြုလုပ်နိုင်အောင် စီစဉ်ပံ့ပိုးပေးခြင်းအားဖြင့် ပြည်သူ့ပန်းတိုင် ကဲ့သို့ စည်းရုံးလှုံ့ဆော်ရေးကန်ပိန်းများနှင့် အထောက်အကူပြု အဖွဲ့အစည်းများသည် ဘက်ပြောင်းလာသောလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တော်လှန်ရေးလှုပ်ရှားမှုအတွင်းမှ နိုင်ငံရေးအဖွဲ့အစည်းများအကြား ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်နိုင်ခဲ့သည်။ ဤလုပ်ငန်းစဉ်များသည် အရပ်ဘက်လူမှုရေးဝန်းများနှင့် ဆွေးနွေးတိုင်ပင်မှုများဖြစ်ပေါ်လာအောင် ဖန်တီးပေးခြင်းအားဖြင့် ကွဲပြားစုံလင်သော ဒီမိုကရေစီအင်အားစုများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာအောင် မြှင့်တင်မှုများ ဖြစ်စေခဲ့သည်။ ထိုမှတစ်ဆင့် ဘက်ပြောင်းလာသူများ၏ အတွေးအမြင်များနှင့် အတွေ့အကြုံများ အလဟဿမဖြစ်စေရန်နှင့် တော်လှန်ရေး ပိုမိုအခြေခိုင်လာစေရန် ဆောင်ရွက်နိုင်ခဲ့ပြီး အများပါဝင်မှုပိုမိုအားကောင်းသော အနာဂတ်မြန်မာနိုင်ငံ တည်ဆောက်နိုင်ရေး ကြိုတင်ပြင်ဆင်မှုအတွက်လည်း အထောက်အကူဖြစ်စေခဲ့သည်။

## ဘက်ပြောင်းလာသူများနှင့် ၎င်းတို့ကိုပံ့ပိုးကူညီနေသော အဖွဲ့အစည်းများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများ

ဘက်ပြောင်းလာသူများ၊ တပ်တွင်းစွန့်ခွာသူများနှင့် လက်နက်ချသူများ ပိုမိုများပြားလာခြင်းကြောင့် ၎င်းတို့ကို ပံ့ပိုးကူညီမှုပေးနေကြသော တော်လှန်ရေးအင်အားစုများနှင့် နိုင်ငံရေးအဖွဲ့အစည်းများသည် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ကြုံတွေ့လာနေရကြောင်း ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးပွဲ မှတ်တမ်းများက ဖော်ပြနေသည်။

### <u>ထောက်ပံ့ပို့ဆောင်ရေး</u>

- **အခြေခံလိုအပ်ချက်များ** - ဘက်ပြောင်းသူများနှင့် ၎င်းတို့နှင့်အတူ လိုက်ပါလာသော မိသားစုဝင်များအတွက် စားဝတ်နေရေး နှင့် လုံခြုံရေးလိုအပ်ချက်များ ထောက်ပံ့နိုင်ရန် လိုအပ်နေသည်။ နိုင်ငံတကာမှ ခိုင်မာသော ပံ့ပိုးကူညီမှုများ မရှိခြင်းကြောင့် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းရန် ပိုမိုအခက်တွေ့စေသည်။[၈]
- **စိစစ်ရေးနှင့် စုံစမ်းမေးမြန်းရေး** - တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) အနေဖြင့် ဘက်ပြောင်းသူများထဲတွင် စစ်အုပ်စု၏ သူလျှိုများပါဝင်မလာစေရေး သတိဖြင့် အသေးစိတ် စိစစ်မေးမြန်းရန် လိုအပ်ပါသည်။

## "အားလုံး သတိထားမှဖြစ်မယ်"

ဘက်ပြောင်းလာသူများကို စိစစ်ခြင်း၏ အရေးပါပုံနှင့်ပတ်သတ်၍ ဘက်ပြောင်းလာသူ ဗိုလ်ကြီးတစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> "ဘက်ပြောင်းသူတွေကို ယုံကြည်လို့ရမလားဆိုရင် သတိထားမှရမယ်လို့ ပြောရမှာပါပဲ။ သေချာပေါက် အာမခံနိုင်တာတော့ မရှိပါဘူး။ လူတိုင်းကို သေချာစစ်ဆေးဖို့ လိုပါတယ်။ သူလျှိုတွေအများကြီးမရှိနိုင်ပေမဲ့ ပါတော့ပါလာနိုင်ပါတယ်။ အရင်က အလုပ်တွဲလုပ်ဖူးတဲ့သူ နှစ်ယောက်လောက် CDM အယောင်ဆောင်ပြီး သူလျှိုလုပ်နေတာကို ကြားမိပါသေးတယ်။ ဒီတော့ ပြဿနာတစ်စုံတစ်ရာရှိတိုင်း သတိထားပြီး သံသယအသင့်အတင့်ထားဖို့တော့ လိုပါတယ်။ ကျွန်တော် စပြီးပူးပေါင်းလာတုန်းကလည်း တော်လှန်ရေးတပ်ဖွဲ့တွေက ကျွန်တော့်ကို အတော်ကြာကြာအထိ အရေးကြီးတဲ့ သတင်းအချက်အလက်တွေ မပြောပြပါဘူး။ ဒီလိုပဲဖြစ်သင့်ပါတယ်။"

### <u>ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မူဝါဒရေးဆွဲချမှတ်ခြင်း</u>

- **ERO များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု** - တိုင်းရင်းသားလူမျိုးစု တော်လှန်ရေးအဖွဲ့အစည်း (ERO) တစ်ခုချင်းစီတွင် မတူညီသော သမိုင်းဖြတ်သန်းမှုနှင့် ရည်ရွယ်ချက်များ ရှိကြသောကြောင့် ၎င်းတို့၏ ရန်ဘက်ဟောင်းများဖြစ်ခဲ့သော ဘက်ပြောင်းလာသူ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ဆက်ဆံပုံ အမျိုးမျိုးကွဲပြားနိုင်ပါသည်။[၉] ERO များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့်၎င်း၊ ဘက်ပြောင်းလာသူများနှင့်အတူ ပါလာသော သီးသန့်ကွဲပြားသည့် အမြင်ရှုထောင့်များကို အထိရောက်ဆုံးအသုံးချခြင်းဖြင့်၎င်း တော်လှန်ရေးတွင် ပိုမိုကြီးမားသော သက်ရောက်မှုများရှိလာအောင်နှင့် မြန်မာနိုင်ငံဒီမိုကရေစီ ပြန်လည်တည်ထောင်ရေးအတွက် လမ်းပွင့်လာအောင် ဆောင်ရွက်နိုင်သည်။[၁၀]

ထိုသို့ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများနှင့် ပတ်သတ်၍ ဘက်ပြောင်းသူတစ်ဦးက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်။

> "ပြီးခဲ့တဲ့ နှစ်,နှစ်ခွဲ အတွင်းမှာ ဘက်ပြောင်းလာသူတွေကို စုစည်းထားတဲ့ အဖွဲ့တွေကြားမှာ ခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုး မရှိသေးပါဘူး။ ဒီအဖွဲ့တွေကြားထဲမှာ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ပြောဆိုမှုနဲ့ အပြန်အလှန်အားပေးမှုတွေရှိဖို့ အရေးကြီးပါတယ်။ (NUG, NUCC, EROs, နိုင်ငံတကာအသိုင်းအဝိုင်း အစရှိတဲ့) သက်ဆိုင်ပါဝင်သူ အဖွဲ့အားလုံးကလည်း ဘက်ပြောင်းမှုရဲ့ အရေးပါမှုကို အသိအမှတ်ပြုပြီး အတူဆွေးနွေးကြဖို့ လိုအပ်ပါတယ်။ စစ်တပ်သာ အတွင်းကနေ ပြိုလဲသွားခဲ့ရင်၊ တော်လှန်ရေးမှာ ပါဝင်နေတဲ့ လူတိုင်းအတွက် အကြီးအကျယ် အကျိုးရှိစေမှာပါ။"[၁၁]

### <u>နိုင်ငံရေးပေါင်းစည်းမှုဆိုင်ရာ စိန်ခေါ်မှုများ</u>

- **ဒီမိုကရေစီစနစ်ကိုဆန့်ကျင်ခဲ့သူများ ဖြစ်နေခြင်း** - စစ်တပ်မှ ဘက်ပြောင်းလာသူများသည် ဒီမိုကရေစီစနစ်ကို ဆန့်ကျင်သော အဖွဲ့အစည်းများနှင့် ယခင်က ပတ်သက်ဆက်နွှယ် ခဲ့သူများ ဖြစ်သောကြောင့် နိုင်ငံရေးအရ ပေါင်းစည်းမှုပြုလုပ်ရာတွင် ကြီးမားသော အတားအဆီးများနှင့် ကြုံတွေ့နေကြရသည်။

- **နိုင်ငံရေးအရ ထိတွေ့ဆက်သွယ်နိုင်စွမ်း နည်းပါးခြင်း** - ဘက်ပြောင်းလာသူများသည် နိုင်ငံရေးအဖွဲ့အစည်းများနှင့် ထိတွေ့မှုအလွန်နည်းသည်။ ၎င်းတို့သည် မြေပြင်အဆင့်တွင်ပင် ထိတွေ့မှုမရှိသောကြောင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် NUG ကဲ့သို့ လွှမ်းမိုးမှုကြီးသော နိုင်ငံရေးအဖွဲ့အစည်းများနှင့်ဆိုလျှင် ပို၍ပင်အလှမ်းဝေးသည်။
- **အနာဂတ်တွင် အားလုံးပါဝင်နိုင်ရေး** - တော်လှန်ရေးအင်အားစုများဘက်က စစ်ရေးအရ အောင်မြင်မှုများရရှိပြီးသည့် နောက်ပိုင်းတွင် ဒီမိုကရေစီစနစ်တည်ဆောက်ရေးဖြစ်စဉ်တွင် ပါဝင်ခဲ့ဖူးခြင်းမရှိသော နိုင်ငံသားများနှင့်အတူ ဖက်ဒရယ်ပြည်ထောင်စုသစ်တစ်ခုကို ထူထောင်ရန် စိန်ခေါ်မှုများ ရင်ဆိုင်ရနိုင်သည်။[၁၂]
- **အသွင်ကူးပြောင်းမှုကာလတရားမျှတမှု လိုအပ်ချက်** - အစုအဖွဲ့အားလုံး ပါဝင်ရေးသည် ဦးစားပေးအချက်ဖြစ်သင့်သော်လည်း စစ်ဘက်တာဝန်ထမ်းဆောင်ခဲ့စဉ် ကြီးလေးသော ရာဇဝတ်များ ကျူးလွန်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသွင်ကူးပြောင်းကာလတွင် အပြစ်ပေးအရေးယူရေးမှုကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ဆက်လက်စွဲကိုင်ထားသည်။[၁၃]
- စစ်အုပ်စု၏ အောက်ခြေဝန်ထမ်းများကို ဥပဒေကြောင်းအရ မည်သို့သတ်မှတ်သင့်ကြောင်းမှာ ဆက်လက်ဆွေးနွေးရမည့် ကိစ္စတစ်ခုဖြစ်သော်လည်း သိန်းနှင့်ချီသော ဘက်ပြောင်းသူများကို နိုင်ငံရေးဆိုင်ရာ ပူးပေါင်းပါဝင်မှုများတွင် ဖယ်ချန်ထားခြင်းက တော်လှန်ရေးကို တန်ပြန်ထိခိုက်မှု ဖြစ်စေနိုင်ကြောင်း ပြည်သူ့ပန်းတိုင်တွင် ဆွေးနွေးခဲ့ဖူးသူများက ထောက်ပြခဲ့ကြသည်။[၁၄]

## "ခွင့်လွှတ်ဖို့ မေ့ပစ်ဖို့ တတွင်တွင်ပြောနေရုံနဲ့ မရပါဘူး

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သတ်၍ ဆောင်ရွက်နေသော တာဝန်ရှိသူတစ်ဦးက အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> "ကျူးလွန်ခံရသူတွေနဲ့ ကျူးလွန်သူတွေကို အတူသင့်မြတ်ဖို့ ဒီအတိုင်းပြောနေရုံနဲ့ မရပါဘူး။ ဘက်ပြောင်းသူအားလုံးကိုလည်း လူတွေလက်ခံရယ်လို့ မျှော်လင့်ထားလို့မရပါဘူး။ ဒါပေမဲ့ ပြည်သူတွေကို ဘက်ပြောင်းမှုဆိုင်ရာ လှုပ်ရှားမှုတွေရဲ့ အဓိကအရေးပါပုံတွေကို နားလည်အောင်ရှင်းပြထားဖို့ လိုအပ်ပါတယ်။ အမှန်တရားရှာဖွေရေး၊ တာဝန်ယူမှု တာဝန်ခံမှုရှိရေး၊ ပြစ်ဒဏ်ပေးရေး၊ ပြန်လည်ကုစားရေးနဲ့ အသွင်ပြောင်းလဲရေး စတာတွေ မရှိမဖြစ်လိုအပ်ပါတယ်။
>
> ဘက်ပြောင်းလာသူတွေ အမျိုးမျိုးရှိပါတယ်။ အချို့လူတွေက ဘက်ပြောင်းလာပေမဲ့ ရပ်တည်ချက်မမှန်သေးပါဘူး။ အချို့လူတွေက စစ်ရာဇဝတ်ကောင်တွေ ဖြစ်နိုင်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ပြည်သူက သူတို့ကိုခွင့်လွှတ်ဖို့ တောင်းဆိုနေရုံနဲ့မရပါဘူး။ ပထမဆုံးမေးရမှာက ဘက်ပြောင်းလာသူတွေက ဘယ်သူတွေလဲ၊ ဘာလုပ်ခဲ့တာလဲ ဆိုတာပါပဲ။ ကျွန်တော်တို့တွေ အမှန်တရားကို ရဲရဲရင့်ရင့် ရှာဖွေဖို့လိုပါတယ်။ ဒါမှသာ ကျူးလွန်ခံခဲ့ရသူတွေဟာ တစ်စုံတစ်ရာ ကျေနပ်မှု ရနိုင်မှာဖြစ်ပါတယ်။ ခွင့်လွှတ်ဖို့ မေ့ပစ်ဖို့ တတွင်တွင်ပြောနေရုံနဲ့ မရပါဘူး။ လူတိုင်း အမှန်ကိုသိခွင့်ရှိပါတယ်။ ဘက်ပြောင်းသူတွေက ဘယ်လိုလူတွေလဲဆိုတာ သိခွင့်ရှိပါတယ်။ ဒါပေမယ့် အပြစ်ပေးတာတစ်ခုပဲ လုပ်မယ်ဆိုပြန်ရင်လည်း ဘက်ပြောင်းလာကြဖို့ ဘာနဲ့ဆွဲဆောင်စည်းရုံးမလဲဆိုတာ မေးစရာဖြစ်လာပါတယ်။"

## အတားအဆီးများကို ကျော်လွှားခြင်း

- **အဆက်အသွယ် ဆက်ထားခြင်း** - မည်သို့ပင် အတားအဆီးများ ရှိစေကာမူ ဘက်ပြောင်းလာသူအများအပြားသည် စစ်ဘက်၊ ရဲဘက်မှ ၎င်းတို့၏ လုပ်ဖော်ကောင်ဖက်ဟောင်းများနှင့် အဆက်အသွယ်ရှိတတ်ကြသည်။[၁၆]
- **စည်းရုံးရေးနှင့် သတင်းထောက်လှမ်းရေး** - ၎င်းတို့သည် လုပ်ဖော်ကိုင်ဖက်ဟောင်းများကို တော်လှန်ရေးနှင့်ပူးပေါင်းရန် နှင့် ဒီမိုကရေစီအရေး လှုပ်ရှားမှုအတွက် အဖိုးတန်သတင်းများ မျှဝေပေးရန် စည်းရုံးကြလေ့ရှိသည်။

အထက်ဖော်ပြပါ ထောက်ပို့နှင့် နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးခြင်းအားဖြင့် တော်လှန်ရေးတပ်ဖွဲ့များ အနေဖြင့် ဘက်ပြောင်းသူများအား ပိုမိုထောက်ပံ့မှုပေးနိုင်ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီအရေး လှုပ်ရှားမှုတွင် ၎င်းတို့ပိုမိုပါဝင်ဆောင်ရွက်နိုင်စွမ်း ရှိလာအောင် အားပေးမှုဖြစ်စေကြောင်း ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ရှိလာသော ကောက်ချက်ချသုံးသပ်ချက်များက ညွှန်ပြနေသည်။[၁၇]

# အချက်အလက်နှင့် သုတေသနနည်းစနစ်

ဤအစီရင်ခံစာတွင် ဇန်နဝါရီလ ၂၀၂၃ မှ ဩဂုတ်လ ၂၀၂၄ အတွင်း ကျင်းပခဲ့သော အွန်လိုင်းစကားဝိုင်းဆွေးနွေးပွဲ ၅၄ ခု ခန့်မှ အဓိကအချက်အလက်များကို ထုတ်နုတ်ပြီး ခွဲခြားစိတ်ဖြာ သုံးသပ်ထားသည်။ ထိုဆွေးနွေးပွဲများတွင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းများအကြောင်းကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ဆွေးနွေးခဲ့ကြပြီး ကြိုတင်ပြင်ဆင်ထားသော ထုတ်ပြန်ချက်များကို ဖတ်ရှုပြခြင်းမျိုးမဟုတ်ဘဲ ခေါင်းချင်းဆိုင် စဉ်းစားအကြံထုတ်ကာ လွတ်လပ်စွာဝိုင်းဖွဲ့ဆွေးနွေးသည့် ပုံစံမျိုးဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ပါဝင်ဆွေးနွေးသူများထဲတွင် စစ်တပ်မှဘက်ပြောင်းလာသူများ ၅၀ % နီးပါး ပါဝင်ခဲ့ပြီး ဘက်ပြောင်းမှုနှင့် တိုက်ရိုက်သက်ဆိုင်သည့် အကြောင်းအရာသီးသန့်သာ ဆွေးနွေးခဲ့ခြင်းတော့မဟုတ်ပေ။

ဆွေးနွေးပွဲများတွင် ဗမာစကားကို အဓိကအသုံးပြုခဲ့ပြီး အချိန်နှင့်တပြေးညီ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခြင်းကိုလည်း အတွေ့အကြုံရင့်စကားပြန်များ အသုံးပြု၍ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ပြည်သူ့ပန်းတိုင် အဖွဲ့သားများက ဆွေးနွေးပွဲမှတ်တမ်းများကို စုစည်းပြီး ပြန်လည်အစီအစဉ်ချရေးသားကာ ထပ်နေသော အကြောင်းအရာများကို ဖယ်ရှားခြင်း နှင့် ဘာသာပြန်ဆိုမှုများကို ပိုမိုရှင်းလင်းစေရန် တည်းဖြတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဇန်နဝါရီလ ၂၀၂၃ ခုနှစ်မတိုင်မီ ကျင်းပခဲ့သော ဆွေးနွေးပွဲများအား အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆို ရေးသားရန်နှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန် ကျန်ရှိနေပါသေးသောကြောင့် ဤအစီရင်ခံစာထဲတွင် ထည့်သွင်းသုံးသပ်ထားခြင်း မရှိပါ။

# အစီရင်ခံစာ ဖွဲ့စည်းပုံ

ဤအစီရင်ခံစာကို ခေါင်းစဉ်ကြီး (၃) ခုခွဲ၍ ရေးသားထားသည်။

၁။ မြန်မာစစ်တပ်၏ ဖွဲ့စည်းပုံ၊ အတွေးအခေါ်အယူအဆများ နှင့် အာဏာသိမ်းမှုဖြစ်ပြီး နောက်ပိုင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ပြောင်းလဲလာသော သဘောထားများ

၂။ တော်လှန်ရေး၏ ဖွဲ့စည်းပုံ၊ အတွေးအခေါ်အယူအဆများ နှင့် တော်လှန်ရေးနှင့် လုံခြုံရေး တပ်ဖွဲ့များမှ ဘက်ပြောင်းလာသူများကြား ဆက်ဆံရေး

၃။ မူဝါဒဆိုင်ရာ အကြံပြုချက်များ

**အပိုင်း ၁။** ဤအခန်းတွင် မြန်မာစစ်တပ်၏ အတွင်းသရုပ်အကြောင်း ဘက်ပြောင်းသူများ၏ ပုံဖော်ပြောကြားချက်များကို ဦးစားပေးဖော်ပြထားပါသည်။ အဆိုပါ ဘက်ပြောင်းလာသူများမှာ တပ်သား အဆင့်မှ ဆေးတပ်ဖွဲ့အရာရှိများအဆင့်ထိ အမျိုးမျိုးပါဝင်ပြီး ၎င်းတို့မှတစ်ဆင့် စစ်တပ်အင်စတီကျူးရှင်း များ၏ ဖွဲ့စည်းပုံနှင့် စစ်ဘက်အသိုင်းအဝိုင်းများအတွင်း လွှမ်းမိုးနေသော သဘောထားများကို သိရှိ နိုင်သည်။

**အပိုင်း ၂။** မြန်မာနိုင်ငံဒီမိုကရေစီအရေး လှုပ်ရှားမှုအတွင်း ကိုယ်စီကဏ္ဍအလိုက် တာဝန်ထမ်း ဆောင်နေသော ပုဂ္ဂိုလ်များနှင့် ဘက်ပြောင်းလာသူများအကြား ဆွေးနွေးမှုများကို စုသည်းကောက်နုတ် ဖော်ပြထားပါသည်။ ထိုပုဂ္ဂိုလ်များအထဲတွင် NUG ၊ NUCC ၊ အလုပ်သမားသမဂ္ဂ၊ ကျောင်းသားသမဂ္ဂ၊ PDF ၊ ERO စသည့် အဖွဲ့များ၏ အဖွဲ့ဝင်များ၊ ဆရာ/ဆရာမများ နှင့် သုတေသီများ ပါဝင်ကြသည်။ ဘက်ပြောင်းသူ အများစုသည် နိုင်ငံရေးအတွေ့အကြုံနှင့် လူအများရှေ့စကားပြောသည့် အတွေ့အကြုံ နည်းသောကြောင့် အခြားသော စကားဝိုင်းဆွေးနွေးသူများသည် တော်လှန်ရေး၏ ဖွဲ့စည်းပုံနှင့်အယူအဆ များအကြောင်းကိုင်း၊ ဘက်ပြောင်းလာသူများက တော်လှန်ရေးအတွက် တစ်ဖက်တစ်လမ်းမှ မည်သို့ ပါဝင်ကူညီနိုင်ကြောင်းကိုင်း ဘက်ပြောင်းလာသူများနှင့် အတူတွဲကာ ပါဝင်ဆွေးနွေးပေးခဲ့ကြသော ကြောင့် အလွန်အကျိုးရှိသော ဆွေးနွေးမှုများဖြစ်ခဲ့သည်။

**အပိုင်း ၃။** မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားနေသော ပြည်တွင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာ ဒီမိုကရေစီ အစိုးရများအတွက် ပြည်သူ့ပန်းတိုင်မှ တင်ပြထားသည့် မူဝါဒဆိုင်ရာ အကြံပြု ချက်များ ပါဝင်သည်။ အကြံပြုချက်များကို ဤအစီရင်ခံစာထဲတွင် ပါဝင်နေသော ဆွေးနွေးပွဲများမှ ကောက်နုတ် ခွဲခြမ်းစိတ်ဖြာမှုများအပေါ် အခြေခံ၍ တင်ပြထားပါသည်။ သို့သော် ဤအကြံပြုများသည် ပါဝင်ဆွေးနွေးခဲ့သူများအားလုံး၏ အတွေးအမြင်များနှင့် အပြည့်အဝထပ်တူကျသည့် ကိုယ်စားပြု တင်ပြချက်များမဟုတ်ပါ။



အပိုင်း - ၁

# တပ်တွင်း သရုပ်သကန်

# တပ်တွင်းသရုပ်သကန်

## အကျင့်ပျက် ခြစားမှုများ

၂၀၂၁ အာဏာသိမ်းမှုဖြစ်စဉ်အတွက် မြန်မာစစ်တပ်ကပေးသော အကြောင်းပြချက်သည် ၂၀၂၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က မဲမသမာမှုများ ကျူးလွန်ခဲ့သည် ဟူသော စွတ်စွဲချက်အပေါ် အခြေခံသည်။[၁၈] သို့သော် ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သော ဘက်ပြောင်းလာသူများစွာ၏ ထုတ်ဖော်ပြောဆိုချက်များအရ မြန်မာစစ်တပ်အတွင်း အကျင့်ပျက် ခြစားမှုများ အကြီးအကျယ်ရှိနေကြောင်း သိရှိရသည်။[၁၉]

- **ရန်ပုံငွေအလွဲသုံးစားလုပ်မှု** - စစ်ဘက်အရာရှိများသည် ရဲဘော်များ၏ လစာနှင့်ရိက္ခာများကို မကြာခဏ အလွဲသုံးစား လုပ်လေ့ရှိသည်။ တပ်တွင်းစွန့်ခွာထွက်ပြေးမှုများ ရှိလျှင်လည်း အရာရှိများမှ အထက်သို့ မတင်ပြဘဲ ၎င်းတို့၏ လစာများကို ဆက်လက်ထုတ်ယူနေရုံသာမက၊ ၎င်းတို့ အမည်များကို အသုံးချပြီး ချေးငွေထုတ်ယူမှုများပါ ကျူးလွန်တတ်ကြသည်။[၂၀]
- **မှောင်ခိုဈေးကွက်** - တပ်သားများ၏ လယ်ယာစိုက်ပျိုးရေးနှင့် သက်သာချောင်ချိရေး စီမံကိန်းများ အတွက် အသုံးပြုရမည့် သီးနှံမျိုးစေ့စားရိတ်များ၊ တပ်သုံးလောင်စာဆီများ၊ ရိက္ခာများကိုလည်း အရာရှိများက အလွဲသုံးစားထုတ်ယူပြီး မှောင်ခိုဈေးကွက်တွင် ပြန်လည်ရောင်းချမှုများ ဖြစ်ပေါ် နေသည်။[၂၁]
- **ဒေသတွင်းအမြတ်ထုတ်ခြင်း** - တပ်ရင်းတပ်ဖွဲ့ခေါင်းဆောင်များသည် ၎င်းတို့တာဝန်ကျရာ နယ်မြေများကို အပိုင်စားနယ်မြေများအဖြစ် မှတ်ယူပြီး မသမာမှုများ၊ တရားမဝင် သစ်မှောင်ခို နှင့် သတ္တုတူးဖော်ရေး ကဲ့သို့လုပ်ငန်းများကို လုပ်ကိုင်ကြလေ့ရှိသည်။[၂၂] စစ်သည်များအကြား ပြောဆိုကြလေ့ရှိသည့် သာဓကတစ်ခုအကြောင်းကို စကားဝိုင်း ဆွေးနွေးသူတစ်ဦးက ပြန်လည်ဝေမျှခဲ့ပြီး စစ်သည်များသည် ကြက်များကဲ့သို့ အစာကို အမြဲရှာဖွေနေရပြီး ဗိုလ်မှူးကြီးများသည် ခြင်္သေ့များကဲ့သို့ လက်အောက်ငယ်သားများကို ဟိန်းဟောက်ပြီး အစာရှာဖွေခိုင်းလေ့ရှိကာ ဗိုလ်ချုပ်များမှာမူ ကြွံများ၊ ဝေလငါးများကဲ့သို့ ပါးစပ်ဟထားရုံနှင့် အစာများဝင်လာလေ့ရှိဟု ၎င်းကဆိုသည်။[၂၃]

ဤသို့သော အဖွဲ့အစည်းအလိုက် အကျင့်ပျက်ခြစားမှုများနှင့် အမြတ်ထုတ်မှုများအကြောင်း ထွက်ဆိုချက်များသည် ဒီမိုကရေစီကိုအသုံးပြု အကျင့်ပျက်ခြစားမှုများ ကျူးလွန်သောကြောင့် အာဏာသိမ်းရ ပါသည်ဟူသော စစ်တပ်၏ ဖန်တီးပြောဆိုမှုများကို မေးခွန်းထုတ်စရာ များစွာဖြစ်စေသည်။[၂၄] ဘက်ပြောင်း လာသူများ၏ အဆိုပါ ထုတ်ဖော်ပြောဆိုမှုများသည် မြန်မာစစ်တပ်အတွင်းနှင့် နိုင်ငံရေးစနစ်များအတွင်း အလုံးစုံပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်နှင့် တာဝန်ယူမှုတာဝန်ခံမှုယန္တရားများ တည်ဆောက်ရန် လိုအပ် နေကြောင်း ဖော်ပြနေသည်။

# ဝါဒဖြန့်မှုများနှင့် လုပ်ကြံဇာတ်လမ်းများ

ပြည်သူ့ပန်းတိုင်သို့ ဘက်ပြောင်းလာသူများသည် အာဏာသိမ်းစစ်တပ်၏ ဝါဒဖြန့်ရေးစနစ်အကြောင်းကိုလည်း မီးမောင်းထိုး တင်ပြခဲ့ကြသည်။ ထိုထဲတွင် အတိုက်အခံအင်အားစုများကို အကြမ်းဖက်သမားများ၊ သူပုန်များအဖြစ် တံဆိပ်ကပ်ပြီး ရက်စက်ကြမ်းကြုတ် သွေးဆာနေသူများအဖြစ် ပုံဖျက်ခြင်းလည်းပါဝင်သည်။ အဆိုပါ ဝါဒဖြန့်မှုလုပ်ငန်းများတွင် အဓိကပါဝင်သော အကြောင်းအရာအချို့ရှိသည်။ [၂၅ ၂၆]

## "NLD ပါတီက အန္တရာယ်ရှိတယ်လို့ အားလုံးကိုပြောထားတယ်"

ဝါဒဖြန့်မှုများထဲမှ လုပ်ကြံဇာတ်လမ်းတစ်ခုမှာ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံကိုကာကွယ်ရန် သူမဖခင်က တည်ထောင်ခဲ့သော စစ်တပ်ကို ဖြိုခွဲဖျက်ဆီးရန် ပူးပေါင်းကြံစည်နေပြီး နိုင်ငံ့ရွေးကောက်ပွဲတွင်လည်း မသမာမှုများ ကျူးလွန်နေသည်ဟူသော စွပ်စွဲချက်ဖြစ်သည်။ ဘက်ပြောင်းလာသော ရဲဘော်တစ်ဦး၏ ဇနီးဖြစ်သူက စစ်တပ်အတွင်း သူမခေါင်းထဲ ရိုက်သွင်းခဲ့သော အကြောင်းအရာကို အောက်ပါအတိုင်း ပြန်လည်ပြောပြခဲ့သည်။

> "ကျွန်မတို့ကို ပြောတာကတော့ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားသားနဲ့ လက်ထပ်ထားပြီး နိုင်ငံကို နိုင်ငံခြားသားတွေဆီ ရောင်းစားဖို့ ကြိုးစားနေတဲ့သူ ဖြစ်တယ်။ ပြီးတော့ ကုလား ဒါမှမဟုတ် အသားမဲတဲ့ တောင်အာရှသားတွေလက်ထဲကို နိုင်ငံကိုထိုးအပ်ဖို့ ကြံစည်နေတဲ့သူဖြစ်တယ်လို့ ပြောပါတယ်။ ရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်းမှာ NLD ဟာ အန္တရာယ်ရှိတယ်၊ စစ်တပ်နဲ့ ကျွန်မတို့ဘဝတွေကို ဖျက်ဆီးမယ့်သူ ဖြစ်တယ်လို့ ကျွန်မတို့အားလုံးကို ပြောပါတယ်။ တိုင်းပြည်ကို စစ်တပ်ကသာ ထာဝရကာကွယ်နိုင်မှာဖြစ်ပြီး အခြားပါတီတွေကို ယုံကြည်အားကိုးလို့ မရနိုင်ဘူးလို့လည်း ပြောပါတယ်။"[၂၇]

ထို့ပြင် ဝါဒဖြန့်မှုများတွင် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်လာသောစစ်သည်များကို ပစ်မှတ်ထားပြီး ၎င်းတို့အား စစ်တပ်စခန်းများမှ ရန်ပုံငွေများကို ခိုးယူထွက်ပြေးပြီး နိုင်ငံခြားသားများနှင့် အကြမ်းဖက်သမားများကို အားပေးကူညီသူများအဖြစ် ပုံဖျက်ဖော်ပြခြင်းများလည်းပါဝင်သည်။ CDM တပ်မတော်သားများအား သူခိုးများ သူရဲဘောကြောင်သူများအဖြစ် ပုံဖျက်ပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များကို မယုံကြည်ကြစေရန် နှင့် ထပ်မံဘက်ပြောင်းမည့်သူများကို တားဆီးနိုင်စေရန် ကြိုးစားလျက်ရှိသည်။[၂၈]

အာဏာသိမ်းစစ်အုပ်စုသည် သတင်းမှားများနှင့် အကြောက်တရားများကို အသုံးချ၍ အာဏာတည်မြဲရေး၊ တော်လှန်သူများကိုဖိနှိပ်ရေးများ လုပ်ဆောင်နေကြောင်း အဆိုပါဝါဒဖြန့်မှုများက ဖော်ပြနေပြီး ၎င်းတို့သာလျှင် တိုင်းပြည်၏ ပြည်တွင်းပြည်ပ အန္တရာယ်များကို ကာကွယ်ပေးနေသူများအဖြစ် ပြန်လည်ပုံဖော်နေကြောင်း တွေ့နိုင်သည်။

## ဝါဒဖြန့်မှုများအား တန်ပြန်ခြေဖျက်ခြင်း

### "အတိတ်က သင်ခန်းစာပြန်ယူရမယ်"

ဤကဲ့သို့ သတင်းမှားဖြန့်ဝေမှုများ အများအပြားဖြစ်ပေါ်နေချိန်တွင် စစ်သားများကို မြန်မာ့သမိုင်းနှင့် ယခင်က ဒီမိုကရေစီအရေး လှုပ်ရှားမှုများအကြောင်း အသိပညာပေးရန် အရေးကြီးသည်ဟု ဗိုလ်ကြီး ဟောင်းတစ်ဦးက ဆိုသည်။

> "၁၉၈၈ ခုနှစ်တုန်းက စစ်တပ်က တော်လှန်သူတွေကို အကြမ်းဖက်နှိမ်နင်းခဲ့တယ်။ ဒါက ကျွန်တော်မမွေးခင်က ကိစ္စတွေဖြစ်ပြီး တပ်ထဲမှာလည်း ဒါကို အမှန်အတိုင်း ပြောပြကြလေ့မရှိပါဘူး။ ကျွန်တော့်ဘာသာ လေ့လာပြီး သိခဲ့ရတာပါ။ စစ်တပ်ထဲမှာရော နိုင်ငံတဝှမ်းလုံးမှာရော သူတို့တွေ အဓိက ဝါဒဖြန့်နေတာကတော့ သူတို့တွေဟာ နိုင်ငံတော်နဲ့ ဗုဒ္ဓဘာသာအတွက် ကာကွယ်ပေးနေသူတွေ ကယ်တင်ရှင်တွေ ဆိုတာပါပဲ။ ဒါကြောင့် ၈၈၈၈ အရေးတော်ပုံအကြောင်းကို အမြဲပြန်လည်အောက်မေ့ပြီး စစ်တပ်ရဲ့ ဝါဒဖြန့်မှုတွေကို ချေဖျက်ဖို့ လိုပါတယ်။ စစ်တပ်ဟာ ပြည်သူတွေက သူတို့ဝါဒဖြန့်တာတွေကို မယုံတော့ဘဲ စည်းစည်းလုံးလုံးနဲ့ သူတို့ကို ပြန်ဆန့်ကျင်မှာ အရမ်းကြောက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သမိုင်းကနေ အမြဲတမ်း သင်ခန်းစာယူနေပြီး ဒီသင်ခန်းစာတွေကို ဒီနေ့ခေတ်မှာ ပြန်အသုံးချရမှာ ဖြစ်ပါတယ်။"[၂၉]

# ရွေးကောက်ပွဲအား နှောင့်ယှက်ဖျက်ဆီးခြင်း

ပြည်သူ့ပန်းတိုင်သို့ ဘက်ပြောင်းခိုလှုံလာသူများက ၂၀၂၀ ရွေးကောက်ပွဲကို စစ်တပ်က အကြိမ်ကြိမ် နှောက်ယှက်မှုများ ပြုလုပ်ခဲ့သည့်အကြောင်း ပြန်လည်ပြောပြကြသည်။ အဆိုပါ ဖြစ်ရပ်များကို မျက်မြင် ကိုယ်တွေ့ကြုံရခြင်းကြောင့် စစ်အပေါ် အယုံအကြည်ကင်းမဲ့လာပြီး ဘက်ပြောင်းရန် ဆုံးဖြတ်ဖြစ်လာကြ ခြင်းဖြစ်သည်ဟု ၎င်းတို့ကဆိုကြသည်။

### "သူတို့က [ ရဲဘော်တွေရဲ့ ] မှတ်ပုံတင်တွေကို ယူထားတယ်"

ဘက်ပြောင်းလာသူ ရဲဘော်တစ်ဦးက ထိုမသမာမှုများအကြောင်းကို အောက်ပါအတိုင်း ပြန်လည်ရှင်းပြ ခဲ့သည်။

> "သူတို့က ကျွန်တော်တို့မှတ်ပုံတင်တွေ ယူသွားပြီး မဲသွားပေးစရာ မလိုတော့ဘူး၊ ကြိုတင်မဲ ကောက်ယူပြီးသွားပြီလို့ ကျွန်တော်တို့ကို ပြောပါတယ်။ ပြီးတော့ ကိုယ်စားလှယ်လောင်းတွေက ကိုဗစ်စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်လို့ ရွေးကောက်ပွဲဝင်ခွင့် မရှိတော့

ဘူးလို့ ထုတ်ပြန်ချက်တွေ ဖြန့်ဝေခဲ့ပါတယ်။ သူတို့ထောက်ခံတဲ့ ပါတီတွေကို မဲပိုပေးနိုင်အောင် မှတ်ပုံတင်အတုတွေလည်း ထုတ်ပေးပါတယ်။ တီဗီနဲ့ရေဒီယိုတွေကနေ ရွာတွေက မဲရုံတွေမှာ မဲသွားပေးဖို့ ကြေညာပေမဲ့ ပြည်သူတွေ မဲပေးဖို့ရောက်လာတဲ့အခါမှာ သူတို့ကို မဲစာရင်းမှာမပါကြောင်း ပြောပါတယ်။ ပြီးရင် စစ်တပ်ဘက်ကပဲ NLD ကို မဲစာရင်းလိမ်တယ်ဆိုပြီး အပြစ်တင်ပါတယ်။ ဒါပေမဲ့ မဲစာရင်း မသမာမှုတွေလုပ်ခဲ့တာ စစ်တပ်ကိုယ်တိုင်ပါပဲ။ ဒီနည်းလမ်းတွေနဲ့ မလုံလောက်တော့ သူတို့က မဲရေတွက်မှုမှာ မသမာမှုတွေရှိတယ်လို့ စွပ်စွဲပြန်ပါတယ်။ စစ်တပ်က NLD နဲ့ ရင်ကြားစေ့ဖို့ ကြိုးစားနေပေမဲ့ NLD ဟာ မဲမသမာမှု ပြုလုပ်ပြီး အာဏာကို မတရားရယူဖို့ ကြိုးစားတယ်လို့လည်း သူတို့ဗျူဟာအရ သတင်းမှားတွေ လွှင့်ပါတယ်။ အတိုပြောရရင် စစ်တပ်ဘက်ကမဟုတ်တဲ့ ပါတီတွေကို မဲပေးမယ်လို့ သံသယရှိတဲ့ စစ်သားတွေကို မဲပေးခွင့် မပေးပါဘူး။ သူတို့ခိုင်းတာလုပ်မဲ့ စစ်သားတွေကိုတော့ အကြိမ်ကြိမ် မဲပေးခွင့်ပြုပါတယ်။”[၂၀]

## “ရွေးချယ်ခွင့်မပေးဘူး”

နောက်ထပ် စစ်သားဟောင်းတစ်ဦးကလည်း အောက်ပါအတိုင်း ဖြည့်စွက်ရှင်းပြသည်။

“ကျွန်တော်တို့တပ် မဲပေးရမဲ့အလှည့်တုန်းက ကျွန်တော်တို့ နာမည်တွေကို ခဏခဏ ပြန်ခေါ်ပြီး မဲစာရင်းမှာ ရှုပ်ယှက်ခတ်နေအောင် လုပ်ထားပါတယ်။ ကျွန်တော်တို့ကို မဲပေးလို့မရအောင် တမင်လုပ်ထားသလိုပါပဲ။ ကျွန်တော်တို့ ကြိုတင်မဲပေးရမယ်လို့လည်း ပြောပါတယ်။ အခြားရွေးချယ်ခွင့် မပေးပါဘူး။ ကိုယ်မဲပေးချင်တဲ့ပါတီကို ကိုယ်တိုင်မဲပေးမယ်ဆိုတဲ့ ရဲဘော်တွေကိုလည်း သူတို့မဲတွေကို စစ်တပ်ဘက်က ပါတီတွေအတွက် ကိုယ်စားမဲပေးပြီးပြီလို့ ပြန်ပြောပါတယ်။ NLD ပါတီကိုပဲဖြစ်ဖြစ် စစ်တပ်ကထောက်ခံတဲ့ပါတီမဟုတ်တဲ့ အခြားပါတီ တစ်ခုခုကိုပဲဖြစ်ဖြစ် အားပေးထောက်ခံတဲ့ ရဲဘော်တွေကို အနိုင်ကျင့်တတ်ကြပါတယ်။ ရွေးကောက်ပွဲမှာ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်တဲ့ ဆရာ/ဆရာမတွေလည်း ရဲဘော်တွေက ကိုယ်ပေးချင်တဲ့ပါတီကို မဲပေးခွင့်မရတာကိုသိတော့ အရမ်းစိတ်ဆိုးကြပါတယ်။ ဒါဟာ ရွေးကောက်ပွဲဂုဏ်သိက္ခာကို ကျဆင်းစေပြီး စေတနာ့ဝန်ထမ်းတွေရဲ့ အားထုတ်မှုကိုလည်း စော်ကားရာရောက်တယ်လို့ ပြောကြပါတယ်။ စစ်တပ်ဟာ ရွေးကောက်ပွဲပျက်စီးမှုအတွက် စေတနာ့ဝန်ထမ်းတွေကို အပြစ်တင်ခဲ့ပါတယ်။ မသမာမှုတွေအားလုံးကို သူတို့အပေါ် လွှဲချခဲ့ပါတယ်။ ဗိုလ်ချုပ်တစ်ယောက်ဆိုရင် ဒီလိုအငြင်းအခုန်ဖြစ်နေတဲ့ ကာလအတွင်းမှာပဲ မဲမသမာမှုတွေကို ဖြေရှင်းဖို့ အာဏာသိမ်းဖို့လိုနိုင်ကြောင်း အရိပ်အမြွက်ပြောခဲ့ပါသေးတယ်။”[၂၁]

ဘက်ပြောင်းသူများ တင်ပြခဲ့သော အဆိုပါနှောင့်ယှက်မှုများသည် ဒီမိုကရေစီလမ်းစဉ်ကို ဖျက်ဆီးပြီး မြန်မာ့နိုင်ငံရေးကို လက်ဝါးကြီးအုပ်ရန် စစ်တပ်၏ ကြိုးပမ်းမှုများကို မီးမောင်းထိုးပြနေသည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း လုပ်ဆောင်ခဲ့ပုံများသည် အနာဂတ်ရွေးကောက်ပွဲများတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်လာရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စနစ်နှင့် ယန္တယားများကို အလုံးစုံပြင်ဆင်ပြောင်းလဲနိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း သက်သေခံနေသည်။

# တိုက်ပွဲဝင်စိတ်ဓာတ်နှင့် တိုက်ပွဲအသင့်ဖြစ်မှု

ဘက်ပြောင်းလာသူများ၏ သတင်းပေးမှုအရ စစ်သားအများစုသည် အခြေခံလိုအပ်ချက်များဖြစ်သော စားနပ်ရိက္ခာနှင့် နေရာထိုင်ခင်း ရရှိရေးကိုသာ အဓိကလိုလားကြောင်း သိရသည်။ ထိုစစ်သည်များသည် ပညာရေးနိမ့်ကျပြီး စီးပွားရေးအခွင့်အလမ်းများ မရရှိကြသောကြောင့် အလွယ်တကူ ဝါဒဖြန့်သိမ်းသွင်း ခံရပြီး အမိန့်များကို ကျေးကျွန်များသဖွယ် လိုက်နာဆောင်ရွက်တတ်လာကြသည်။[၃၂]

## "တစ်နေ့တစ်နေ့ ကိုယ့်သေတွင်းကိုယ်တူးနေရသလိုပါပဲ"

ဘက်ပြောင်းလာသော ဗိုလ်ကြီးတစ်ဦးက ကိုယ်တွေ့တိုက်ပွဲအတွေ့အကြုံအချို့ကို အောက်ပါအတိုင်း ပြန်လည်ရှင်းပြခဲ့သည်။

> "တပ်မှူးက ကျွန်တော့်ကို အကုန်လုံးမေ့ထားလိုက်၊ ချစ်တဲ့လူတွေကိုလည်း မေ့ထားလိုက်၊ တိုက်ပွဲကိုပဲ ခေါင်းထဲထည့်ထားလို့ ပြောတယ်။ ရန်သူက စိတ်ဓာတ်တက်ကြွနေတယ်၊ ငါတို့တွေလည်း အကုန်စွန့်လွှတ်ပြီး တိုက်မှရမယ်လို့ပြောပါတယ်။ ကျွန်တော်ဒါကို သဘောမတူဘူး။ ကိုယ့်ကိုယ်ကိုယ် ကျွန်တစ်ယောက်လို ခံစားရတယ်။ သူတို့က ကျွန်တော်တို့ကို အားတက်အောင် ဘာမှလုပ်မပေးဘူး။ ခိုင်းတဲ့အတိုင်းလုပ်ဖို့ပဲ ပြောပါတယ်။ ကျွန်တော်က မေးခွန်းပြန်ထုတ်တာ သေချာဆင်ခြင်သုံးသပ်တာတွေလုပ်ချင်ပေမဲ့ သူတို့က ဒါမျိုးဆိုမကြိုက်ဘူး။ တစ်နေ့တစ်နေ့ ကိုယ့်သေတွင်းကိုယ်တူးနေရသလိုပဲ ခံစားရတယ်။ ရဲဘော်အများစုကလည်း အရက်သမားတွေ ဖြစ်ကုန်တယ်။ အရာရှိတွေရော အောက်ခြေရဲဘော်တွေပါ ရှေ့တန်းတွေမှာပါ မူးရူးနေကြတယ်"[၃၃]

## "မဖြစ်နိုင်လည်း ရအောင်တိုက်"

ဗိုလ်ကြီးဟောင်းတစ်ဦးကလည်း အခြေအနေကို ဤသို့သုံးသပ်ပြသည်။

> "စစ်သည်အများစုက စားစရာနဲ့အိပ်စရာ ရဖို့လောက်ပဲ ဂရုစိုက်တာပါ။ ဒီထက်ပို မတွေးတတ်ကြတော့ဘူး။ သူတို့ အခြားအလုပ်သာရမယ်ဆိုရင် စစ်တပ်ကနေ ချက်ချင်း ထွက်လာမှာပဲ။ သူတို့ဆီမှာရှိနေတဲ့ စစ်သားတွေက တကယ်ကို ဦးနှောက်ဆေးခံထားရတာပါ။ သူတို့ကိုသတ်ခိုင်းတဲ့သူ ဘယ်သူ့ကိုမဆိုသတ်မှာပဲ။ ဘာမှတွေးနေမှာမဟုတ်ဘူး။ သူတို့မှာ ဘာစိတ်ဓာတ်မှမရှိတော့ဘူး။ ဒါပေမဲ့ PDF တွေက အရမ်း စိတ်ဓာတ်ရှိတယ်။ ပြီးတော့ စစ်သားတွေက အချင်းချင်း မယုံကြတော့ဘူး။ တပ်မှူးတွေက နေ့တိုင်း အောက်ခြေရဲဘော်တွေရဲ့လုပ်ဆောင်ချက်တွေကို ပြန်တင်ပြနေရတယ်။ တိုက်ပွဲရှိရင်လည်း အရာရှိတွေက မြေပုံလေးပဲကြည့်ပြီး သူတို့လက်အောက်ငယ်သားတွေကို မနိုင်နိုင်တဲ့တိုက်ပွဲတွေ အတင်းတိုက်ခိုင်းတယ်။"[၃၄]

- **အရန်တပ်ဖွဲ့များ၏ အခြေအနေ** - အရန်တပ်ဖွဲ့များမှ စစ်သည်များသည် ပိုမိုသက်သာသော အခြေအနေများကို ရရှိတတ်ကြသည်။ ရှေ့တန်းသို့ မလိုက်ပါရရေး၊ သင်တန်းများတက်ရရေး လာဘ်ထိုးနိုင်ကြပါသည်။ ၎င်းတို့၏ တပ်စခန်းများမှာ မြို့များနှင့် အနီးတဝိုက်တွင်သာ တည်ရှိတတ်သည်။ သို့သော် လူအင်အားမလုံလောက်သော အခြေအနေ ဖြစ်လာချိန်တွင် အရန်တပ်ဖွဲ့ဝင်များလည်း ခြေလျင်တပ်ဖွဲ့ဝင်များနှင့်အတူ ရှေ့တန်းသို့လိုက်ပါရပြီး ၎င်းတို့ နှစ်ဖက်ကြား တင်းမာမှုများ မြင့်တက်လာလျက်ရှိသည်။[၃၅]

## "ဒီလိုကိစ္စမျိုးတွေဖြစ်နေတာ မသိခဲ့ဘူး"

ဘက်ပြောင်းလာသူတစ်ဦးက စစ်မှုထမ်းသစ်ဘဝတွင် တွေ့ကြုံခဲ့ရသော စစ်တပ်၏ ကျင့်ဝတ်ဖောက်ဖျက်မှုများအကြောင်း အောက်ပါအတိုင်း ပြန်လည်ပြောပြခဲ့သည်။

> "၂၀၁၆ ခုနှစ် အကျော်မှာ EU ကနေပြီးတော့ စစ်တပ်ကို သင်တန်းလာပေးတာ ရှိခဲ့ပါတယ်။ ကျွန်တော်လည်း (၆) လ သင်တန်းတက်ဖို့ စာရင်းသွင်းပြီး အပြီးထိ တက်ခဲ့ပါတယ်။ ကျွန်တော်နဲ့အတူ သင်တန်းတက်ခဲ့တဲ့သူ အများစုက အတင်းအကြပ် စစ်တပ်ထဲကို အပို့ခံခဲ့ရတာပါ။ သူတို့ကိုယ်ပိုင်သဘောနဲ့ ဝင်ခဲ့တာမဟုတ်ပါဘူး။ ဒီလိုကိစ္စမျိုးတွေ ရှိနေတာ ကျွန်တော်မသိခဲ့ဘူး။ တဖြည်းဖြည်းနဲ့ အချို့စစ်သည်တွေက လာဘ်ထိုးပြီး သင်တန်းမတက်ရအောင်လုပ်ကြတာ တွေ့ခဲ့ရတယ်။ ကျွန်တော်တို့ရဲ့ စစ်တပ် အဆင့်အတန်းမမီတာကိုလည်း တွေ့လာခဲ့ရတယ်။ ကျွန်တော်တို့တွေကို သင့်တော်တဲ့လစာနဲ့ ရိက္ခာမပေးထားဘူး။ တစ်ရက်ကို ကြက်ဥ (၂) လုံးလောက်ပဲ ရတယ်၊ အခြားအထောက်အပံ့လည်းမရှိဘူး။ ပိုက်ဆံပေးရင် စားစရာကောင်းကောင်းကို သီးသန့်စားလို့ရအောင် စီစဉ်ပေးတဲ့ ကျွေးမွေးရေးအဖွဲ့တွေလည်း ရှိနေတာ သိလိုက်ရတယ်။"[၃၆]

## "စစ်သည်တွေ အရမ်းပင်ပန်းပြီး ဘဝကို စိတ်ကုန်လွန်းလို့ အထုပ်အပိုးတွေ ပစ်ချ၊ တောင်ပေါ်ကနေ ခုန်ချပြီး သတ်သေသွားတာလည်း မြင်ဖူးတယ်"

နောက်ထပ် ဘက်ပြောင်းလာသူ စစ်သည်တစ်ဦးကလည်း ပိုမိုဆိုးရွားသောအခြေအနေများအကြောင်းကို အောက်ပါအတိုင်း ပြန်လည်ရှင်းပြခဲ့သည်။

> "ကျွန်တော် ငယ်ငယ်က လမ်းပျောက်နေခဲ့တာပါ။ သူငယ်ချင်းတွေနဲ့ ညဘက်တွေ လျှောက်လည်ရင်း အဖမ်းခံလိုက်ရတယ်။ ရဲစခန်းမှာ ကျွန်တော့်ကို ထောင်ကျခံမလား စစ်တပ်ထဲဝင်မလားဆိုပြီး မေးတယ်။ ဒါကြောင့် ကျွန်တော် စစ်တပ်ထဲရောက်လာတာပါ။ ဝင်ချင်လို့ ဝင်ခဲ့တာမဟုတ်ပါဘူး။ တစ်လကြာတော့ ကျွန်တော့်ကိုရှေ့တန်းပို့လိုက်ကြတယ်။ ဘာလုပ်ရမှန်းတောင် မသိခဲ့ပါဘူး။ ကျွန်တော့် သူငယ်ချင်း (၅) ယောက်ထဲက (၃) ယောက် ကျသွားတယ်၊ ကျွန်တော့်အစ်ကိုလည်း ကျသွားတယ်။ ကျွန်တော် CDM အကြောင်းလည်း မသိပါဘူး။ တစ်ခါ ရှေ့တန်းကနေ ထွက်ပြေးတော့ ကျွန်တော့်ကို ပြန်ဖမ်းမိသွားသေးတယ်။ ကံကောင်းလို့ ပစ်သတ်မခံရတာပါ။ အခြားသူတွေဆို ထွက်ပြေးရင် ပစ်သတ်ကြတယ်။ အသက်ကြီးပြီး ဘာမှမလုပ်နိုင်တော့တဲ့ ရဲဘော်တွေလည်း အများကြီးပါနေတယ်။ ရဲဘော်တွေက အရမ်းပင်ပန်းပြီး ဘဝကို စိတ်ကုန်လွန်းလို့ အထုပ်အပိုးတွေ ပစ်ချ၊ တောင်ပေါ်ကနေ ခုန်ချပြီး သတ်သေသွားတာလည်း မြင်ဖူးပါတယ်။ ကျွန်တော်တို့ကို စားနပ်ရိက္ခာလည်း အလုံအလောက် မပေးဘူး။ လက်နက်ခဲယမ်းတွေချည်းပဲ သယ်ကြရတယ်။ ရဲဘော်

တစ်ယောက် လေယာဉ်ပေါ်ကနေ ခုန်ချသွားတာ မြင်ဖူးတယ်။ သူက ကျွန်တော့်ဘေးမှာ ထိုင်နေရင်း ပြောတယ် 'ငါ ဆက်ပြီး မခံနိုင်တော့ဘူး' ဆိုပြီး ခုန်ချသွားတာပဲ။ နောက်ရဲဘော်တစ်ယောက်ကတော့ ထွက်ပြေးလို့ဆိုပြီး အရာရှိရဲ့ ပစ်သတ်တာ ခံလိုက်ရတယ်။ သူ့ကိုတော့ တိုက်ပွဲကျတယ်လို့ပဲ ပြန်ပြီးသတင်းပို့လိုက်ကြတယ်။"[၂၇]

ဘက်ပြောင်းသူများ၏ တင်ပြချက်များအရ မြန်မာစစ်တပ်အတွင်း ကြီးမားသည့် ပြဿနာများဖြစ်သော ဝေါ်မွတ်ဆင်းရဲခြင်း၊ အယုံအကြည်ကင်းမဲ့ခြင်း နှင့် ဘက်ပြောင်းမှုများ ပိုမိုများပြားလာခြင်းတို့ ဖြစ်ပေါ်နေကြောင်း တွေ့နိုင်သည်။ ဤဖြစ်စဉ်များက စစ်တပ်အတွင်းမှ ကာလရှည်ကြာ ဒုက္ခခံစားနေရသော စစ်သည်များကို စားနပ်ရိက္ခာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ကမ်းလှမ်းရန် ဒီမိုကရေစီအင်အားစုများဖက်မှ ပိုမိုကြိုးစားရန် လိုအပ်ကြောင်း မီးမောင်းထိုးပြနေသည်။

# တပ်သားသစ် စုဆောင်းခြင်း

ဖေဖော်ဝါရီလ ၂၀၂၄ ခုနှစ် မှစတင်၍ အာဏာသိမ်းစစ်အုပ်စုသည် တပ်သားလိုအပ်ချက်များကို ဖြည့်တင်းရန် တစ်နိုင်ငံလုံး စစ်မှုမထမ်းမနေရ ဥပဒေကို ထုတ်ပြန်ခဲ့သည်။[၂၈] တိုက်ပွဲများ ဒုတိယနှင့် တတိယမြောက်နှစ်အထိ ကြာမြင့်လာချိန်တွင် အကျအဆုံးများနှင့် ဘက်ပြောင်းမှုများကြောင့် အင်အားဆုတ်ယုတ်လာသော စစ်တပ်သည် တပ်သားသစ်များ ပိုမိုစုဆောင်းနိုင်ရန် နည်းလမ်းပေါင်းစုံကို အသုံးပြုလာခဲ့ကာ လူငယ်များအား အတင်းအကြပ် စစ်မှုထမ်းစေခြင်း၊ တပ်ပြေးများအား ပြစ်ဒဏ်လျှော့ပေါ့ခြင်းများ လုပ်ဆောင်လာခဲ့သည်။ ထို့သို့တပ်သားစုဆောင်းရာတွင်လည်း အကာအကွယ်နည်းသော ရပ်ရွာလူထုများကို အဓိက ပစ်မှတ်ထားလာခဲ့သည်။

## "သူတို့က အမြဲတမ်း အရေးနိမ့်နေတယ်"

တပ်ကြပ်ကြီးဟောင်းတစ်ဦးက စစ်တပ်၏ လူသားအရင်းအမြစ် ပြဿနာများအကြောင်းကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

"အကျအဆုံးနဲ့ ဘက်ပြောင်းမှုတွေများလာပြီး သူတို့အင်အားချိနဲ့လာပြီ။ အခု သူတို့တွေ တပ်သားသစ်ကို အသည်းအသန် စုနေကြတယ်။ အာဏာသိမ်းမှုမတိုင်ခင်က တပ်သားသစ်အများစုကို မြန်မာနိုင်ငံအထက်ပိုင်းမှာ စုကြတာများတယ်။ အခုတော့ အဲဒီနယ်တွေမှာ တော်လှန်ရေးတပ်ဖွဲ့တွေ အင်အားကောင်းလာပြီး တိုက်ပွဲတွေဖြစ်လာနေပြီ။ စစ်တပ်ဘက်က ထိုးစစ်တောင် မဆင်နိုင်ဘူး၊ အမြဲတမ်း အရေးနိမ့်နေတယ်။ တပ်သားသစ်တွေလည်း မလောက်ဘူး၊ ရှိတဲ့ စစ်သည်တွေကလည်း ခြေကုန်လက်ပမ်းကျနေပြီ။ ခဏခဏလည်း အာဏာဖီဆန်မှုတွေ ဖြစ်ဖြစ်လာတယ်။ အရာရှိအတော်များများကလည်း PDF တွေကို ဆက်သွယ်ပြီး လာတိုက်မယ်ဆိုတာ ကြိုအသိပေးပြီး ဆုတ်ခွင့်ပေးတယ်ဆိုရင် ပြန်မတိုက်ဘဲ စခန်းအသိမ်းခံမယ်ဆိုပြီး ညှိတတ်ကြတယ်။"[၂၉]

## "သူတို့ ပိုက်ဆံပေးတာတောင် လူတွေတပ်ထဲမဝင်တော့ဘူး"

CDM ဗိုလ်ကြီးတစ်ဦးကလည်း အောက်ပါအတိုင်း မှတ်ချက်ပေးခဲ့သည်။

> "စစ်တပ်မှာ သစ္စာစောင့်သိမှုရော တိုက်လိုခိုက်လိုစိတ်ရော မရှိတော့ဘူး။ တပ်သားသစ်လည်း စုလို့မရတော့ဘူး။ အရာရှိအသစ်တွေတောင် မဝင်တော့ဘူး။ ရှိတဲ့အရာရှိတွေကလည်း လက်နက်ချဖို့လောက်ပဲ စဉ်းစားနေကြပြီ။ စစ်တပ်ဘက်ကနေ တပ်ပြေးတွေကို ပြန်လက်ခံမယ်လို့ ကြေညာနေပေမဲ့ ဘယ်သူမှ တပ်ထဲ ပြန်မဝင်ချင်ကြတော့ဘူး။ ဒီတော့ သူတို့ ကြံရာမရ ဖြစ်နေတာ သိသာပါတယ်။ စစ်တပ်ရဲ့ သမိုင်းမှာ တပ်ပြေးတွေ ခွင့်မဲ့ပျက်ကွက်တွေကို ဘယ်တုန်းကမှ ခွင့်မလွှတ်ဖူးဘူး။ အခုတော့ သူတို့ ပိုက်ဆံပေးတာတောင် လူတွေ တပ်ထဲ မဝင်ချင်ကြတော့ဘူး"[၄၀]

## တပ်သားစုဆောင်းရေးဗျူဟာများနှင့် ပြည်သူများအပေါ် သက်ရောက်မှုများ

## "ပြည်သူ့ဆန္ဒနဲ့ ဆန့်ကျင်နေတာ"

- **နယ်ခံပြည်သူ့စစ်များနှင့် ရွာအလိုက်ခွဲတမ်းဖြင့် တပ်သားစုခြင်း** - ပဲခူးအနောက်ခြမ်းကဲ့သို့ စစ်တပ်ထိန်းချုပ်မှု အားနည်းရာ ဒေသများတွင် စစ်တပ်ထောက်ခံသူ ပြည်သူ့စစ်တပ်ဖွဲ့များ ကြီးစိုးနေပြီး လူငယ်များကိုအတင်းအကြပ် တပ်သားသစ် စုဆောင်းလျက်ရှိသည်။ လူငယ်တပ်သားသစ် မပေးနိုင်သော ကျေးရွာများကို ဒဏ်ကြေး ကျပ်ငွေ (၂) သန်း၊ (၃) သန်းခန့် ကောက်ခံလေ့ရှိသည်။[၄၁] အဆိုပါ ပြည်သူ့စစ်များအကြောင်းကို ဗိုလ်ကြီးဟောင်းတစ်ဦးက အောက်ပါအတိုင်းပြောပြသည်။

> "သူတို့က သူပုန်တွေကို နှိမ်နင်းနေတာဖြစ်တယ်လို့ အာဏာသိမ်းစစ်တပ်က ဒေသခံတွေကို အမြဲပြောတယ်။ ပြီးတော့ သူတို့ကို တစ်စိတ်တစ်ပိုင်း သစ္စာခံထားတဲ့ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့တွေလည်းရှိတယ်။ ကျွန်တော်စစ်တပ်ထဲမှာနေတုန်းက သူတို့နဲ့ တွဲလုပ်ဖူးပါတယ်။ သူတို့တွေကို စစ်တပ်က အားပေးပြီး အသုံးချနေတာပါ။ ပြည်သူ့စစ်တွေရဲ့ အဓိကတာဝန်က ပြည်သူတွေကို ဖိနှိပ်ဖို့နဲ့ စစ်တပ်အတွက် သတင်းစုဆောင်းပေးဖို့ပါပဲ။ သူတို့က ဒေသဘာသာစကားတတ်ပြီး နယ်မြေကျွမ်းတယ်။ ပြီးတော့ စစ်တပ်က ပိုပြီးယုံကြည်ရတဲ့ အဖွဲ့တွေကိုဆိုရင် လက်နက်ပါ တပ်ဆင်ပေးထားတတ်ပါတယ်။"[၄၂]

- **အကြပ်ကိုင်ငွေညှစ်ခြင်းနှင့် ပြန်ပေးဆွဲခြင်း** - တပ်သားသစ်အများစုသည် တပ်ထဲသို့မဝင်ပါက ထောင်ချခံရမည်ဟူသော ခြိမ်းခြောက်မှုကြောင့်၎င်း၊ အလိမ်အညာ အလုပ်ခေါ်စာများကြောင့်၎င်း တပ်ထဲဝင်လာခဲ့ကြသူများဖြစ်ပြီး ၎င်းတို့သည် ထွက်ပြေးလွတ်မြောက်ရန် မဖြစ်နိုင်သောလံသည့် စခန်းများဆီသို့ ပို့ဆောင်ခြင်း ခံရလေ့ရှိသည်။ ထို့ပြင် တပ်တွင်းစွန့်ခွာသူများကို ပြန်လည်တာဝန်ထမ်းဆောင်ရန် စစ်တပ်ဘက်က ပြန်လည်ဖိတ်ခေါ်လျက်ရှိသည်။ ပြည်သူ့ပန်းတိုင် ဆွေးနွေးပွဲတွင် ပါဝင်သူတစ်ဦးက စစ်တပ်သည် ယခင်က တပ်ပြေးမှုနှင့် ခွင့်မဲ့ပျက်ကွက်မှုများကို လုံးဝခွင့်လွှတ်လေ့မရှိသော်လည်း ယခုအခါ ယခင်ကလို ငွေကြေးမက်လုံးလောက်မျှနှင့် တပ်သားသစ်များ စုဆောင်းနိုင်ခြင်း မရှိတော့သည့်အတွက်သာ ယခုလို လုပ်ဆောင်လာရခြင်းဖြစ်သည်ဟု မှတ်ချက်ပေးခဲ့သည်။[၄၃]

## "ဦးနှောက်မရှိတဲ့ ဘာမဆိုခိုင်းလို့ရတဲ့ အသုံးချခံလူသားတွေ"

စစ်တပ်က စစ်မှုထမ်းဥပဒေကို အသုံးပြု၍ တပ်သားသစ်စုဆောင်းရန် ကြိုးပမ်းမှု၏ နောက်ကွယ်က ဖရိုဖရဲခြေအနေများအကြောင်းကို တပ်ကြပ်ကြီးဟောင်းတစ်ဦးက အောက်ပါအတိုင်း ပြန်လည်ပြောပြခဲ့သည်။

> "ခြေလျင်၊ခြေမြန် တပ်ဖွဲ့တွေက ခေါင်းပုံဖြတ်တာ အခံရဆုံးတပ်ဖွဲ့တွေပါပဲ။ သူတို့တွေကလည်း လူ့အခွင့်အရေး ချိုးဖောက်မှု အဆိုးဆုံးကျူးလွန်သူတွေပါပဲ။ အများစုက ပညာမတတ်ကြဘူး။ အတော်များများကလည်း သူခိုးဓားပြတွေဖြစ်ခဲ့ဖူးပြီး ပေးတဲ့အမိန့်တွေကို မျက်လုံးစုံမှိတ် လိုက်လုပ်မဲ့သူတွေပါပဲ။ အိမ်ထောင်မရှိတဲ့ ခြေလျင်စစ်သည်တွေဆိုရင် ရှေ့တန်းမှာ နှစ်အတော်ကြာအောင် ဆက်တိုက်အပို့ခံထားရပြီး ရာထူးတိုးတာလည်း မရှိပါဘူး။ သင်တန်းတက်ခွင့်ပိုရတဲ့ အခြားတပ်ဖွဲ့တွေက သူတို့ကို ဦးနှောက်မရှိတဲ့ ဘာမဆိုခိုင်းလို့ရတဲ့ အသုံးချခံ လူသားတွေလို့ပဲ မြင်ကြတယ်။ အရန်တပ်ဖွဲ့တွေကတော့ ခြေလျင်ခြေမြန် တပ်ဖွဲ့တွေထက် အများကြီး ပိုသက်သာကြပါတယ်။ သူတို့တွေက ရှေ့တန်းမလိုက်ရဖို့ သင်တန်းတွေပဲ တက်ရဖို့ လာဘ်ထိုးနိုင်ကြတယ်လေ။ စခန်းတွေနဲ့ မြို့တွေပေါ်မှာ လုံခြုံရေးတွေလောက်ပဲ လုပ်ရတယ်။ ဒီလို အခြေအနေတွေကြောင့် အန္တရာယ်နဲ့ပိုကြုံနေရတဲ့ ခြေလျင်စစ်သည်တွေက ပိုပြီးဘက်ပြောင်းနိုင်ခြေ များပါတယ်။ အခုနောက်ပိုင်းမှာတော့ စစ်သည်အင်အား မလုံလောက်တော့တဲ့အတွက် အရန်တပ်တွေကိုလည်း ခြေလျင်တပ်တွေနဲ့အတူ ရှေ့တန်းပို့နေရပြီး သူတို့တွေကြားမှာလည်း အတော်လေး တင်းမာမှုတွေ ရှိလာနေပါတယ်။"[၄၄]

## စစ်မှုထမ်းဥပဒေနှင့် နောက်ဆက်တွဲများ

### "သူတို့ မိသားစုတွေတော့ ဘယ်ပါမလဲ"

ဗိုလ်ကြီးဟောင်းတစ်ဦးကလည်း စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ယခုလို မှတ်ချက်ပေးခဲ့သည်။

> "ရာထူးကြီးတဲ့သူတွေကတော့ စစ်မှုထမ်းဥပဒေကို အားပေးတာပေါ့။ သူတို့မိသားစုတွေမှ မပါတာကိုး။ သူတို့ သားသမီးတွေက ပိုကောင်းစားလာပြီး တပ်သားသစ်တွေကြောင့် သူတို့အာဏာ ပိုတည်မြဲမယ်လေ။ တစ်ဘက်မှာလည်း အောက်ခြေရဲဘော်တွေက စစ်မှုထမ်းဥပဒေအသစ်ကို ကြောက်လန့်နေကြရတယ်။ အောက်ခြေရဲဘော်အများစုက သူတို့ တပ်မှူးတွေထက်တောင် အသက်ကြီးလေ့ရှိပြီး တပ်မှူးက သူတို့ကို စိတ်တိုင်းကျ အနိုင်ကျင့်တာ ခံရတယ်။ ဒီလို မကျေနပ်မှုတွေကနေ ရှေ့တန်းမှာ ရက်စက်မှုတွေ ပိုပိုဆိုးလာတယ်။"[၄၅]

- စစ်မှုထမ်းဥပဒေအသစ်အရ စစ်သည်များ အိမ်ထောင်ပြုခွင့် မရှိတော့ပေ။ အိမ်ထောင်သည်စစ်သည်များသည် ရှေ့တန်းသွားလိုစိတ်မရှိကြသလို ရှေ့တန်းတွင်လည်း စွမ်းစွမ်းတမံ ထမ်းဆောင်လိုစိတ် မရှိကြသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ အထက်တန်းနှင့် အလယ်အလတ်တန်းစား မိသားစုများမှာ ၎င်းတို့၏ သားသမီးများအား နိုင်ငံခြားသို့ စေလွှတ်ခြင်း၊ တပ်သားသစ် စုဆောင်းမှုတွင် မပါဝင်ရန် လာဘ်ထိုးခြင်းများ ပြုလုပ်နိုင်ကြသောကြောင့် စစ်တပ်အနေနှင့် ရွေးချယ်စရာမရှိသော ဆင်းရဲသားအများကို အဓိကပစ်မှတ်ထားကာ တပ်သားသစ် စုဆောင်းလျက်ရှိသည်။[၄၆]

## လက်တလော ဖြစ်စဉ်များနှင့် ရပ်ရွာလူထုထံမှ တုံ့ပြန်မှုများ

- မကြာသေးခင်က ဖြစ်ပေါ်ခဲ့သည့် ရပ်ရှင်ရုံတစ်ရုံ စီးနင်းခံရသည့် ဖြစ်စဉ်တွင် စစ်သားများက လူငယ်အားလုံးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းနှင့် အများစုမှာ ပေါ်တာထမ်းသူများ နှင့် စတေးခံစစ်သည်များအဖြစ် အသုံးချခံရနိုင်ကြောင်း ၂၀၂၄ ခုနှစ်၊ ဖေရယ်လ စကားဝိုင်းဆွေးနွေးပွဲတွင် CDM ဗိုလ်ကြီးတစ်ဦးက ပြန်လည်ပြောပြခဲ့သည်။[၄၇] ကျေးရွာများတွင်လည်း စစ်မှုထမ်းဥပဒေကို ရှောင်ရှားနိုင်ရန် လာဘ်ထိုးခြင်းများ၊ စစ်သားများက လမ်းပေါ်စစ်ဆေးရေးဂိတ်များတွင် ငွေညှစ်နေခြင်းများ၊ စစ်မှုထမ်းရန်ခြိမ်းခြောက်ပြီး အကြပ်ကိုင် ငွေတောင်းခံခြင်းများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။[၄၈]

## အမျိုးသမီးတပ်သားသစ်များ စုဆောင်းခြင်း

- ယခုအချိန်တွင် အမျိုးသမီးများသည်လည်း စစ်မှုထမ်းရန်အကျုံးဝင်သွားပြီဖြစ်သည်။ အစောပိုင်းတွင် အမျိုးသမီးများကို အမှတ်စဉ် - ၅ မတိုင်မီအထိ ရှေ့တန်းထွက်ရန် တာဝန်ပေးမည်မဟုတ်ကြောင်း ကြေညာခဲ့သော်လည်း အမျိုးသမီးများကို ဒရုန်းတပ်ဖွဲ့များကဲ့သို့ တပ်ဖွဲ့များနှင့်အတူ ရှေ့တန်းစစ်မြေပြင်တွေ စတင်တွေ့ရှိနေရပြီဖြစ်သည်။[၄၉] အမျိုးသမီးတစ်ဦးက သူမအနေဖြင့် မှော်ဘီမြို့နယ် အမှတ်-၄ စစ်သင်တန်းကျောင်း ဟုဆိုသော အဆောက်အဦတွင် အမျိုးသမီးဆေးတပ်ဖွဲ့ဝင်များနှင့်အတူ စစ်သင်တန်းတက်ခဲ့ရကြောင်း ပြန်လည်ရှင်းပြသည်။[၅၀]

စစ်မှုမထမ်းမနေရ ဥပဒေကို တစ်နိုင်ငံလုံးအတိုင်းအတာ အပြည့်အဝကျင့်သုံးလိုက်ခြင်းသည် အာဏာသိမ်းစစ်တပ် အနေဖြင့် တပ်သားသစ်စုဆောင်းနိုင်ခြင်း မရှိတော့ကြောင်း နှင့် စစ်သည်အင်အားဖြည့်တင်းရန် နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေကြောင်း သိသာပေါ်လွင်စေသည်။ အကာအကွယ်နည်းသော လူပုဂ္ဂိုလ်များနှင့် အမျိုးသမီးများကို စစ်မှုထမ်းအဖြစ် သိမ်းသွင်းခြင်းသည် စစ်တပ်၏ ဗျူဟာပြောင်းလဲလာမှုကို ဖော်ပြနေသည်။ အဆိုပါ ဖြစ်စဉ်များကြောင့် စစ်တပ်၏ မြန်မာပြည်သူများအပေါ် အကြပ်ကိုင် အမြတ်ထုတ်နေခြင်းကို အရေးပေါ် တားဆီးနိုင်ရန် လိုအပ်လာနေပြီး ဒီမိုကရေစီအင်အားစုများဘက်မှလည်း စစ်သားနှင့်ရဲများအား ဖရိုဖရဲဖြစ်နေသော လုံခြုံရေးတပ်ဖွဲ့များမှ စွန့်ခွာလာစေရန် တွန်းအားများပေးနိုင်မည့် အခွင့်အရေးတစ်ရပ်လည်း ပေါ်ပေါက်လာနေသည်။

# ရှေ့တန်းစစ်မြေပြင်မှ အားနည်းဆုတ်ယုတ်လာမှုများ

စစ်တပ်၏ မြေပြင်အခြေအနေ အကန့်အသတ်များအကြောင်းကို ဒုအရာခံဗိုလ်ဟောင်းတစ်ဦးကလည်း အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

> “၁၉၉၀ မှာ ကျွန်တော် စစ်တပ်ထဲစဝင်တုန်းက တပ်ရင်းတွေက နိုင်ငံအနှံ့ ပြန့်မနေသေးဘူး။ တပ်ရင်းတိုင်းကလည်း အင်အားအပြည့်နဲ့ အနည်းဆုံး သန်သန်မာမာစစ်သည် (၄၀၀) လောက်ရှိတတ်တယ်။ အခုတော့ တပ်ရင်းတစ်ရင်းမှာ တကယ်ရှေ့တန်းမှာတိုက်နိုင်တဲ့ စစ်သည် (၇၀) လောက်ပဲ ရှိတော့တယ်။ ၁၉၉၅ နောက်ပိုင်းမှာ စစ်တပ်က ရှိနေပြီးသား တပ်ရင်းတွေမှာတောင် အင်အားပြည့်အောင် မဖြည့်နိုင်ဘဲ တပ်ရင်းတပ်ဖွဲ့အသစ်တွေ ဆက်တိုက် တိုးချဲ့နေခဲ့တယ်။ အဲ့ဒီအချိန်ကတည်းက သူတို့မှာ လူအင်အားနည်းလာတာပါ။”[၅၁]

## တိုင်းစစ်ဌာနချုပ်ကျရှုံးခြင်းနှင့် နောက်ဆက်တွဲများ

### “စစ်ဌာနချုပ်တွေသာ ကျသွားခဲ့ရင်၊ နေပြည်တော်လည်း ဆက်ပြီးတိုက်နိုင်မှာမဟုတ်တော့ဘူး”

ဗိုလ်ကြီးဟောင်းတစ်ဦးကလည်း ၁၀၂၇ စစ်ဆင်ရေးအကြီးအကျယ် မရခင်အချိန်လေးတွင် စစ်တပ်၏ စစ်ဗျူဟာ ဌာနချုပ်များတွင် ဖရိုဖရဲဖြစ်ပျက်နေပုံအကြောင်းကို တိုက်တိုက်ဆိုင်ဆိုင် အောက်ပါအတိုင်း ကြိုတင်ထုတ်ပြောခဲ့ဖူးသည်။[၅၂]

> “စစ်တပ်က တပ်ရင်းအဆင့်လောက်တင် ကျရှုံးတာမဟုတ်ဘူး။ တပ်မဆိုတာ တပ်ရင်းဆယ်ရင်း ပါပါတယ်။ သူတို့တွေက လက်နက်ကြီးတွေ အထိုင်ချထားတဲ့ စစ်ဗျူဟာစခန်းတွေကိုပါ လက်လွှတ်လိုက်ရတာဖြစ်တယ်။ မြို့နယ် (၂၀) လောက်မှာ ဒီလို စစ်ဗျူဟာစခန်းတွေကို စွန့်ခွာထွက်ပြေးသွားတာ မီးရှို့ဖျက်ဆီးခံရတာတွေ ဖြစ်ခဲ့ပြီးပါပြီ။ ဒီလို စခန်းအများစုမှာ တပ်ရင်းမှူးတွေက တပ်ရင်းတစ်ခုလုံးကိုပါခေါ်ပြီး အမှော်အမြင်ရှိရှိနဲ့ မိသားစုတွေနဲ့အတူ ဘက်ပြောင်းလာတာပါ။ မြင်ပြင်မှာတိုက်နေရတာကလည်း တိုင်းစစ်ဌာနချုပ်မှူးတွေပါပဲ။ စစ်ဌာနချုပ်တွေပါ ကျသွားရင် နေပြည်တော်ကလည်း ဆက်တိုက်နိုင်မှာမဟုတ်တော့ဘူး။ ထောက်ပို့တွေ ဘာမှဆက်မလုပ်နိုင်တော့သလို ဘာဗျူဟာမှလည်း ပြန်မသုံးနိုင်တော့ပါဘူး။ စစ်သည်တွေတင်မက အရာရှိအများစုကလည်း တော်လှန်ရေးတပ်တွေက လက်နက်ချခွင့်ပေးမဲ့အချိန်ကို စောင့်နေကြတာပါပဲ”[၅၃]

တိုင်းစစ်ဌာချုပ်များ၏ အရေးပါပုံကို လက်တလောဖြစ်ပျက်ခဲ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးနှင့်[၅၄] မန္တလေးတိုင်း မိုးကုတ်မြို့ ကျရှုံးမှုများက မီးမောင်းထိုးပြလျက်ရှိသည်။[၅၅]

## "ဒါက သမိုင်းဝင်အဖြစ်အပျက်ပဲ"

လက်တလောဖြစ်စဉ်များနှင့် ပတ်သတ်၍ နောက်ထပ်ဗိုလ်ကြီးတစ်ဦးကလည်း ဤသို့မှတ်ချက်ပေးလာခဲ့သည်။

"မြောက်ပိုင်းမဟာမိတ်တွေလက်ထဲကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကျသွားတာ အခုပဲ သိလိုက်ရပါတယ်။ ဒါက သမိုင်းဝင် အဖြစ်အပျက်ပါပဲ။ တော်လှန်ရေး တပ်တွေဆီကို တိုင်းစစ်ဌာနချုပ်တစ်ခု ကျသွားတယ်ဆိုတာ အရင်က မရှိခဲ့ဖူးပါဘူး။ အခုတော့ တစ်မြို့လုံးရော စခန်းရော တော်လှန်ရေးတပ်တွေလက်ထဲ ရောက်သွားပြီး သူတို့ဘက်က တပ်ဖွဲ့အားလုံး ရှုံးနိမ့်သွားပါပြီ။ သူတို့တွေ ရှုံးရတာက ဗျူဟာကောင်းကောင်း မချနိုင်လို့ပါ။ စစ်ကောင်စီက စီးပွားရေး၊ နိုင်ငံရေး နဲ့ လူတွေကို အုပ်ချုပ်ဖို့လောက်ပဲ အာရုံစိုက်နေတာပါ။ သူတို့စစ်သည်တွေရဲ့ တိုက်ခိုက်ရေးစွမ်းရည်ကို လျစ်လျူရှုထားတာပါ။ ဒါ့အပြင် မြေပြင် အကျအရှုံးတွေကို ဖုံးကွယ်ထားတော့ တပ်မှူးတွေကလည်း စစ်မြေပြင် အခြေအနေမှန်ကို မသိကြဘူး။ ရဲဘော်တွေက စိတ်ဓာတ်ပျက်နေပြီး ရှေ့တန်းမှာ ရွတ်ရွတ်ချွံချွံ မတိုက်ချင်ကြတော့ဘူး။ ဒါက ဒိုမီနို သက်ရောက်မှုလိုပါပဲ။ တစ်ဖွဲ့ကျသွားရင် အခြားအဖွဲ့တွေကို စိတ်ဓာတ်ထိခိုက်စေပါတယ်။ သူတို့တွေ ဆုံးရှုံးသွားတဲ့နေရာတွေကိုလည်း ပြန်တိုက်ယူနိုင်စွမ်း မရှိကြတော့ပါဘူး။ စစ်တပ်ရဲ့ အရည်အသွေးက တစ်စထက်တစ်စ ပိုပြီးကျဆင်းလာနေပါပြီ။ သူတို့တွေက အစကတည်းက ပရော်ဖက်ရှင်နယ်စစ်တပ် မဆန်ခဲ့တာပါ။ နပိုလီယံလာပြီး ဦးစီးပေးရင်တောင် အဖက်ဆယ်လို့ မရနိုင်တော့ပါဘူး။"

## ရဲဘော်များနှင့် အရာရှိများ၏ သဘောထားများ

- အခွင့်အရေးရသည့်အခါ တော်လှန်ရေးအင်အားစုများထံ လက်နက်ချရန် ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်ဟူသော သဘောထားအမြင်များသည် တပ်သားများနှင့် အရာရှိများကြားတွင် ကျယ်ပြန့်စွာ ရှိနေသည်ဟု မြေပြင်မှထွက်ပေါ် လာသော သတင်းများနည်းတူ[၅၆] ပြည်သူ့ပန်းတိုင်၏ အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) အရာရှိတစ်ဦးကလည်း ထောက်ပြသည်။ ဤအချက်သည် စစ်တပ်ရာထူးအဆင့်ဆင့်ထဲတွင် အမြင်မှန်ရလာမှု ပိုများလာနေကြောင်းနှင့် ဘက်ပြောင်းမှုများ ထပ်မံဖြစ်ပေါ်လာနိုင်ခြေရှိနေကြောင်း[၅၇] ညွှန်ပြနေသည်။

## "ဖြစ်နေတာတွေနဲ့ပတ်သက်ပြီး ဒေါသထွက်နေကြတဲ့ တပ်သားတွေ အများကြီးရှိပါတယ်။"

အခြေအနေကို တပ်ကြပ်ကြီးဟောင်းတစ်ဦးက အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

"လက်ရှိမှာ လေတပ်ဦးစီးမှူးက မင်းအောင်လှိုင်ရဲ့ အမိန့်ကို မျက်စိစုံမှိတ် လိုက်နာနေပြီး သူ့ကိုဖုံးကြဲခိုင်းတဲ့ နေရာမှန်သမျှကို ဗုံးလိုက်ကြဲနေတယ်။ တကယ်တမ်း ဘာဗျူဟာမှမရှိဘူး။ သူ့ကိုပေးတဲ့အမိန့်အတိုင်း ကြံရာမရ လိုက်လုပ်ဖို့ပဲ တွေးတော့တယ်။ လေတပ်မှာ ဖရဲသီးသတင်းပေးတွေ အများကြီးရှိတယ်။[၅၈] ခုနောက်ပိုင်းမှာ စစ်သားတွေက CDM လုပ်ပြီး ဘက်ပြောင်းဖို့ ကျွန်တော့ကို ဆက်သွယ်လာရင် တပ်ထဲမှာပဲဆက်နေပြီး သတင်းအချက်အလက်ပို့ပေးဖို့ သူတို့ကို ပြန်စည်းရုံးလေ့ရှိတယ်။ ဖြစ်ပျက်နေတာတွေနဲ့ ပတ်သက်ပြီး စစ်သည်အတော်များများက ဒေါသထွက်နေကြတယ်။ ဒါကြောင့် သူတို့သဘောနဲ့သူတို့ သတင်းအချက်လက်တွေ မျှဝေပေးကြတယ်။"[၅၉]

### "အရမ်းနောက်ကျသွားခဲ့ပြီ"

သို့သော် စစ်သားအများစုသည် တပ်တွင်းပုန်ကန်မှုပြုလုပ်ရန် မလွယ်ကူလှပဲ မျှော်လင့်ချက်မဲ့သည့် အခြေအနေသို့ တွန်းပို့ခံလာခဲ့ရသည်။ ဆေးကုသခွင့်မရခဲ့သောကြောင့် စိတ်ဖိစီးမှုနှင့် ဆုံးရှုံးမှု ကြုံခဲ့ရသည့် အကြောင်းကို ရဲဘော်ဟောင်းတစ်ဦးက ဤသို့ရှင်းပြသည်။

> "ကျွန်တော့ အခန်းဖော်က ကိုယ့်ကိုယ်ကို သေကြောင်းကြံပြီး ပိုးသတ်ဆေး သောက်ခဲ့တယ်။ ကျွန်တော်တို့ သူ့ကို စစ်ဆေးရုံကို ခေါ်သွားတယ်။ ဒါပေမယ့် ညနက်ကြီးဖြစ်နေပြီး သူကအရာရှိ မဟုတ်တာကြောင့် VIP အဆောင်ကို ဝင်ခွင့်မရခဲ့ဘူး။ အထွေထွေဆောင်မှာကျတော့ ညနက်ပိုင်းမှာ ဝန်ထမ်းတွေမရှိဘူး။ ဆရာဝန်တွေ သူနာပြုတွေ လာကြည့်ပေးဖို့ သူများတွေကို အချိန်အတော်ကြာအောင် လိုက်ခေါ်ပြီး ပြောခဲ့ရတယ်။ ဒါပေမယ့် အရမ်းနောက်ကျသွားပြီ။"[၆၀]

# စီးပွားရေးစီမံ ခန့်ခွဲမှုအလွဲများ

စစ်ကောင်စီ၏ ခေါင်းဆောင်မှုအောက်တွင် တိုင်းပြည်စီးပွားရေး အလွန်ယိုယွင်းပျက်စီးလာခဲ့ပြီး စစ်တပ်၏ တရားဝင်မှုနှင့် အများယူဆထားသည့် အုပ်ချုပ်မှုစွမ်းရည်အပေါ်လည်း သက်ရောက်မှုရှိလာခဲ့သည်။ ပြည်သူ့ပန်းတိုင်က ပြုလုပ်သော ဘက်ပြောင်းလာသူများနှင့် အရပ်သားခေါင်းဆောင်များကြား ဆွေးနွေးမှုများတွင် စစ်တပ်၏ စီးပွားရေးစီမံခန့်ခွဲမှုအလွဲများနှင့် ပတ်သက်၍ အောက်ပါပြဿနာများကို တွေ့ရှိခဲ့ရသည်။

- **လျှပ်စစ်မီးဖြန့်ဝေရာတွင် ခွဲခြားမှုရှိခြင်း** - လက်ရှိတွင် လျှပ်စစ်မီးကို ခွဲခြားဆက်ဆံသည့် ပုံစံမျိုးဖြင့် ဖြန့်ဖြူးပေးနေသည်ဟု ယခင်အစိုးရလက်ထက်က မြို့ပြအင်ဂျင်နီယာဟောင်းတစ်ဦးက ရှင်းပြသည်။ စစ်ကောင်စီသည် တိုင်းပြည်တွင်ရှိနေသော အခြေခံအဆောက်အအုံများကို ထိရောက်စွာ အသုံးပြုရန် လိုအပ်သော လူအင်အားနှင့် ကျွမ်းကျင်မှုများ မရှိပဲဖြစ်နေသည်။ အာဏာသိမ်းမှု မတိုင်ခင်တွင် အစိုးရသည် LNG စက်ရုံများကို စီမံခန့်ခွဲရန် ပြင်ပကုမ္ပဏီများနှင့် (၅) နှစ်စာချုပ် ချုပ်ဆိုထားခဲ့သည်။ အာဏာသိမ်းမှုအလွန်ကာလတွင် အဆိုပါစာချုပ်များ ပျက်ပျယ်သွားခဲ့ပြီး ထုတ်လုပ်ဖြန့်ဖြူးမှုလည်း ကျဆင်းသွားခဲ့သည်။ စစ်ကောင်စီ၏ အစီအစဉ်ထဲတွင် အများပြည်သူ ဝန်ဆောင်မှုပေးရေးလုပ်ငန်း မပါသောကြောင့်[၆၁] ၎င်းတို့သည် နိုင်ငံအတွင်းရှိသော စက်ရုံများကို လည်ပတ်ရန်၊ ပြင်ဆင်မွမ်းမံရန် သို့မဟုတ် အဆင့်မြှင့်တင်ရန် စွမ်းရည်မရှိသလို ဆန္ဒလည်းမရှိကြပေ။

- **လျှပ်စစ်မီး ပြတ်တောက်မှုများ** - လျှပ်စစ်မီးပြတ်တောက်မှုများသည် အများပြည်သူအတွက် အထူး စိတ်ညစ်ဖွယ်ရာ ကိစ္စတစ်ခု ဖြစ်လာခဲ့သည်။ ရေစက်များ၊ ပန်ကာများနှင့် နေစဉ်ဘဝအတွက် မရှိမဖြစ် လိုအပ်သောအရာများ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများနှင့် ခေတ်ပေါ်ဆေးပစ္စည်း ကိရိယာများအပေါ် အမှီအခိုပြုနေရသူများအတွက် လိုအပ်သောပစ္စည်းများသည် လျှပ်စစ်မီး ပုံမှန်မရ သောအခါ အသုံးမဝင် ဖြစ်ကုန်သည်။[၆၂]
- **ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု** - ခရီးသွားလုပ်ငန်း လုံးဝနီးပါး ရပ်တန့်သွားခဲ့ပြီး[၆၃] နိုင်ငံတကာ စီးပွားရေး ပိတ်ဆို့မှုက ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးအခွင့်အလမ်းများ ထွက်ခွာသွားအောင်[၆၄] တွန်းပို့မှုဖြစ်စေခဲ့သည်။ သို့သော် တရုတ်နိုင်ငံသည် စစ်အုပ်စု ဦးဆောင်မှုအောက်ရှိ မြန်မာနိုင်ငံကို ခရီးသွားလုပ်ငန်း နှင့် ရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမား ဆက်လက်ပံ့ပိုးနေသည့် နိုင်ငံအနည်းငယ် အနက် တစ်ခုအဖြစ် ဆက်ရှိနေသည်။[၆၅]
- **ဦးနှောက်ယိုစီးမှု** - ကျွမ်းကျင်လုပ်သားများ အထူးသဖြင့် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍမှ ကျွမ်းကျင် လုပ်သားများ နိုင်ငံစွန့်ခွာထွက်ပြေးခဲ့ကြသောကြောင့် လုပ်သားအရင်းအမြစ်ဆိုင်ရာ အကျပ်အတည်း တစ်ခု ဖြစ်ပေါ်လာခဲ့သည်။[၆၆]
- **တရားဥပဒေစိုးမိုးမှုအားနည်းခြင်း** - တရားဥပဒေစိုးမိုးမှုအားနည်းသောကြောင့် ခိုးဆိုးလုယက်မှုများ၊ လောင်းကစားများ နှင့် လူကုန်ကူးဂိုဏ်းများ ကြီးထွားလာခဲ့သည်။[၆၇]
- **အရင်းအမြစ် စီမံခန့်ခွဲမှုအလွဲများ** - စစ်အုပ်စုသည် သဘာဝအရင်းအမြစ်များ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့်ပတ်သက်၍ အလွန်ဆိုးရွားသော စီမံ ခန့်ခွဲမှုအလွဲများ ပြုလုပ်လာခဲ့သည်။ မြန်မာနိုင်ငံပြည်သူအများစုသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်း အပေါ် အမှီအခိုပြုနေရသော်လည်း အခြေခံ လိုအပ်ချက်များဖြစ်သည့် စက်သုံးဆီ၊ မြေဩဇာနှင့် ပိုးသတ်ဆေးများ လက်လှမ်းမမီနိုင်လောက်အောင် ဈေးတက်လာခဲ့သည်။ အချိန်အခါမဟုတ် မိုးရွာ သွန်းသည့် ပြဿနာကို ဖြေရှင်းရန် စိုက်ပျိုးရေးအင်ဂျင်နီယာ နည်းစနစ်များ ရှိရန်လည်း လိုအပ်လာ ခဲ့သည်။[၆၈]
- **လုံခြုံရေးနှင့် စီးပွားရေးအစီအစဉ်မရှိခြင်း** - လုံခြုံရေး မရှိပါက အခြေခံဝန်ဆောင်မှုလုပ်ငန်းများကို ရန်ပုံငွေ ထောက်ပံ့နိုင်ရန် လိုအပ်သော ရေရှည်စီးပွားရေးစီမံကိန်း သို့မဟုတ် တည်ငြိမ်သော ဝင်ငွေအရင်းအမြစ်များ မရရှိနိုင်ပါ။[၆၉]
- **တိုင်းရင်းသားလူမျိုးစုဒေသများရှိ ချွတ်ခြုံကျနေသော စီးပွားရေးအအခြေအနေများ** - အထူးသဖြင့် တိုင်းရင်းသားလူမျိုးစု ဒေသများတွင် စီးပွားရေးချွတ်ခြုံကျနေပြီး ထိုဒေသများရှိ ပြည်သူများသည် နေ့စဉ်ရှင်သန်ရေးအတွက် ရုန်းကန်နေကြရသည်။ ထိုဒေသများသည် သင့်လျော်သော လမ်းပန်း ဆက်သွယ်ရေးမရှိသလို၊ ရေ သို့မဟုတ် လျှပ်စစ်မီး ကဲ့သို့ လိုအပ်ချက်များအတွက် အခြေခံ အဆောက်အအုံများ မရှိကြပေ။ ထိုဒေသများရှိ လူဦးရေ ၇၀% ခန့်သည် တစ်နိုင်တစ်ပိုင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းအပေါ် အမှီအခိုပြုကြသူများဖြစ်ပြီး စစ်တပ်သည် အကြီးစား စိုက်ပျိုးမွေးမြူရေး မလုပ်နိုင်အောင် ဖိအားပေးသည့်အနေဖြင့် သီးနှံရိတ်သိမ်းချိန်တွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။[၇၀]

- **တရုတ်၏ငွေကြေးပံ့ပိုးမှုဖြင့် တည်ဆောက်နေသော မြစ်ဆုံစီမံကိန်း** - စစ်ကောင်စီသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးပြီး သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်တစ်ခုဖြစ်သော ဧရာဝတီမြစ်ကြီးကို ခြိမ်းခြောက်မှုဖြစ်စေသည့် တရုတ်၏ငွေကြေးပံ့ပိုးမှုဖြင့် တည်ဆောက်နေသော မြစ်ဆုံရေကာတာ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရန် အချက်ပြခဲ့သည်။ ဤစီမံကိန်းသည် ဧရာဝတီမြစ်ဝှမ်းတစ်ခုလုံးနှင့် မြန်မာ့ယဉ်ကျေးမှုတစ်ခုလုံးအပေါ် သက်ရောက်မှုရှိနိုင်ပြီး ပြည်သူများဆန့်ကျင်လာအောင် အကဲစမ်းနေသည်။[၇၃]
- **ငွေကြေးဖောင်းပွမှုနှင့် ပညာရေး** - ငွေကြေးဖောင်းပွမှုသည် စားနပ်ရိက္ခာနှင့် ကုန်ပစ္စည်းဝယ်ယူနိုင်စွမ်း တစ်ခုတည်း အပေါ်သာ သက်ရောက်ခြင်းမဟုတ်ပဲ မိသားစုများအတွက် ကျောင်းဝတ်စုံများနှင့် ကျောင်းစာအုပ်များ ဝယ်ယူနိုင်စွမ်းအပေါ်ပါ သက်ရောက်မှုရှိသည်။ ဤအခြေအနေသည် ၎င်းတို့ဘဝ တစ်ခုလုံးအပေါ် သက်ရောက်မှု ဖြစ်စေနိုင်သည်။[၇၄]
- **အလုပ်သမားအခွင့်အရေး ချိုးဖောက်မှု** - စစ်အုပ်စုသည် စီးပွားရေးခရိုနီများအတွက် အပေးအယူတစ်ခုအနေဖြင့် အလုပ်သမားသမဂ္ဂများဖွဲ့စည်းခြင်းကို တားမြစ်ပိတ်ပင်ခဲ့ပြီး[၇၅] အလုပ်သမားခေါင်းဆောင်များသည်လည်း ထောင်ချခြင်း သို့မဟုတ် သတ်ဖြတ်ခြင်း ခံခဲ့ရသောကြောင့် အလုပ်သမားကိုယ်စားလှယ်များ မရှိကြတော့ပေ။ တရားဝင်စည်းကမ်းကြပ်မတ်မှု မရှိတော့သည့်အတွက် အလုပ်ရှင်များက အလုပ်သမားအခွင့်အရေး လေးစားလိုက်နာရန် ဖိအားမရှိကြတော့ပေ။ ဥပမာ ကိုယ်ဝန်သည်အထည်ချုပ်စက်ရုံ အလုပ်သမားများသည် အခြားသော ကိုယ်ဝန်မရှိသူများနည်းတူ သတ်မှတ်ခွဲတမ်းနှင့် သတ်မှတ်အလုပ်ချိန်ပြည့်အောင် အလုပ်လုပ်ရန် တွန်းအားပေးခံရပြီး ဤအချက်သည် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုတစ်ခုဖြစ်သည်။[၇၆]

ဒီမိုကရေစီတစ်ပိုင်းကာလ စီးပွားရေးပွင့်လင်းလာချိန်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးအလားအလာကောင်းခဲ့ပြီး ကမ္ဘာ့ဘဏ် နှင့် IMF တို့၏ ခန့်မှန်းများနှင့်အညီ နှစ်စဉ်စီးပွားရေး တိုးတက်မှုနှုန်း ၆% မှ ၇% ကြားရှိခဲ့သည်။ အာဏာသိမ်းမှု အလွန်ကာလတွင် စီးပွားရေး သုံးပုံတစ်ပုံခန့် ကျဆင်းသွားခဲ့သည်ဟု ခန့်မှန်းရသည်။ တကယ်တမ်းတွင် အစိုးရများသည် အခွန်ကောက်အကောက်မှတစ်ဆင့် အများပြည်သူထံမှ ငွေကြေးထောက်ပံ့မှု ရယူကြပြီး ဤနည်းလမ်းသည် အစိုးရ၏ တာဝန်ခံမှုကိုလည်း မြှင့်တင်ပေးသည်။ စစ်အုပ်စုကမူ အခွန်ကောက်ခံခြင်းကို လျစ်လျူရှုထားပြီး အရေးပါဆုံး စီးပွားရေးကဏ္ဍတစ်ခုဖြစ်သည့်[၇၇] သဘာဝအရင်းအမြစ် ရောင်းချခြင်းလုပ်ငန်းကိုသာ ဦးစားပေးဆောင်ရွက်လာခဲ့သည်။ သို့သော် သာမန်ပြည်သူများသည် ဤလုပ်ငန်းထဲတွင် ပါဝင်နိုင်ခြင်းမရှိပေ။ ဤလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်လိုင်စင်များ ပြုလုပ်ရန်လိုအပ်ပြီး ထို့အတွက် အရည်အချင်းဆန်းစစ်မှုမရှိပဲ စစ်တပ်ခရိုနီများကသာ လိုင်စင်များရကြသည်။ ဤသို့ ခရိုနီများကစီမံခန့်ခွဲသော ကုန်ပစ္စည်းများအပေါ် အမှီအခိုပြုခြင်းကြောင့် လက်ဝါးကြီးအုပ်မှုများ၊ ဈေးအဆမတန်မြှင့်တင်မှုများ၊ နေရာအနှံ့အကျပ်အတည်းများ ဖြစ်ပေါ်လာအောင် တွန်းပို့မှုဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံစီးပွားရေးသည် သဘာဝအရင်းအမြစ် ထွက်ကုန်များအပေါ်သာ ဆက်လက်အမှီအခိုပြုနေသရွေ့ နိုင်ငံရေးနှင့် စီးပွားရေးမတည်ငြိမ်မှုများ ဆက်ရှိနေမည်ဖြစ်သည်။

# စစ်သည်များနှင့် ၎င်းတို့ မိသားစုများ၏ဘဝများ

စစ်တပ်သည် ၎င်း၏ဝါဒဖြန့်မှုများတွင် တစ်မျိုးပြောသော်လည်း တကယ်တမ်းတွင် စစ်သားများနှင့် ၎င်းတို့၏ မိသားစုများကို လုံလောက်စွာ ထောက်ပံ့ပေးခြင်းမရှိပေ။ ငွေကြေးနှင့် ပတ်သက်၍ ၎င်းတို့အပေါ် စစ်တပ်၏ ထိန်းချုပ်မှုများအကြောင်းကို ဘက်ပြောင်းလာသူများက ပြောပြကြပြီး ဥပေက္ခာပြုမှု နှင့် ခေါင်းပုံဖြတ်မှုများ ရှိနေသော ပကတိအရှိတရားကို ၎င်းတို့က ထုတ်ဖော် အသိပေးလာကြသည်။

## "ရွာသားတွေဆီက ဓားပြတိုက်ပြီး ဖြေရှင်းကြတယ်"

ဘက်ပြောင်းလာခဲ့သည့် ဗိုလ်မှူးတစ်ဦး၏ ဇနီးကလည်း သူမမိသားစုအခြေအနေကို အောက်ပါအတိုင်း ပြန်လည်ပြောပြသည်။

> "စစ်သားတွေကို လေ့ကျင့်ပေးပြီးရင် မိသားစုနဲ့ နေဖို့အချိန်မပေးပဲ ရှေ့တန်းကို တစ်ခါထဲ တန်းပို့လိုက်တယ်။ ဒီအခြေအနေတွေက ဘက်ပြောင်းဖို့ စတင်စေ့ဆော်မှု ဖြစ်စေတယ်။ မိသားစုနဲ့အတူနေဖို့ အချိန်မရတာနဲ့ပတ်သက်ပြီး စောဒကတက်တဲ့ စစ်သားတစ်ယောက်ဆို ထောင်ချခံခဲ့ရပြီး သူ့ဇနီးကိုလည်း အကျယ်ချုပ်ချလိုက်တယ်။ ရဲဘော်တွေက ရှေ့တန်းထွက်တဲ့အခါမှာလည်း နောက်မှာကျန်ခဲ့တဲ့ မိသားစုတွေဟာ ရိက္ခာခွဲတမ်းနဲ့ အခြားအခြေခံလိုအပ်ချက်တွေ မရကြပါဘူး။ တပ်တွင်းအရာရှိတွေကပဲ မောင်ပိုင်စီးပြီး ရောင်းစားကြတယ်။ ရဲဘော်တွေအတွက် ပြန်ကြည့်ပေးတာ အရမ်းနည်းတာကြောင့် ဂိုဏ်းဖွဲ့ပြီး ရွာသားတွေဆီက ဓားပြတိုက်ပြီး ဖြေရှင်းကြတဲ့သူတွေ အများကြီးရှိလာတယ်။"[၇၆]

## သွားလာလှုပ်ရှားခွင့် ကန့်သတ်ခြင်း

ဘက်ပြောင်းလာသူများ၏ ပြောကြားချက်အရ စစ်သားများနှင့် ၎င်းတို့မိသားစုများ၏ သွားလာလှုပ်ရှားမှုအပေါ် စစ်ဘက်ဆိုင်ရာ မူဘောင်များအတွင်းမှ တင်းကျပ်သော ကန့်သတ်မှုများ ပြုလုပ်ထားသည်ဟု သိရသည်။ ထိုကန့်သတ်မှုများက စစ်တပ်ကပြုလုပ်သော ထိန်းချုပ်မှုအတိုင်းအတာနှင့် စစ်သည်များအပေါ် ကြီးမားသော နောက်ဆက်တွဲ သက်ရောက်မှုများကို မီးမောင်းထိုးပြနေသည်။

- **စခန်းပြင်မထွက်ရန် တားမြစ်ခြင်း** - စစ်သည်များနှင့် ၎င်းတို့၏ မိသားစုများကို စခန်းပြင်မထွက်ရန် တင်းကျပ်စွာ တားမြစ်ထားပြီး မိဘနာရေးသွားခြင်းကဲ့သို့ အရေးကြီးသည့် အခြေအနေများတွင်ပင် အပြင်ထွက်ခွင့်မပေးချေ။ စစ်သည်တစ်ဦး၏ ဇနီးသည်တစ်ဦး ဆိုင်ကယ်မတော်တဆဖြစ်ပြီး ဆေးရုံတင်ခဲ့ရသော်လည်း ခင်ပွန်းသည်စစ်သားကို ဆေးရုံတွင် လူနာသွားကြည့်ခွင့်မပေးပဲ ထားခဲ့ပြီး နောက်ပိုင်းတွင် ဇနီးဖြစ်သူ သေဆုံးသွားခဲ့သည့် ဖြစ်ရပ်တစ်ခုကိုလည်း ကြုံခဲ့ဖူးသည်ဟု ဘက်ပြောင်းလာသူတစ်ဦးကဆိုပြီး အဆိုပါဖြစ်စဉ်က ၎င်းကို ဘက်ပြောင်းလာစေခဲ့သည်ဟုဆိုသည်။[၇၇]

- **လူမှုရေးအထီးကျန်မှု** - အများပြည်သူထံမှ ရန်လိုသော စိုက်ကြည့်မှုများကို ရှောင်ရှားရန် စစ်သားများသည် စခန်းအတွင်းနှင့် အနီးတစ်ဝိုက်တွင် ရှိနေစဉ်တွင် စစ်ယူနီဖောင်းများ မဝတ်ပဲနေကြသည်။ ဆံပင်ပိုရှည်အောင် ထားလာကြပြီး အရပ်သားများကဲ့သို့ ဝတ်ဆင်လာကြသည်။ သို့သော် ထိုအပြုအမူများအတွက် စစ်တပ်က ၎င်းတို့ကို အပြစ်ပေးခဲ့သည်။[၇၈] ထို့ပြင် လူထုကြား ရောက်သောအခါ တန်ပြန်ဝါဒဖြန့်မှုများနှင့် ကြုံတွေ့ရနိုင်သောကြောင့် လူထုနှင့် ရောနှောနေထိုင်ခြင်း မပြုနိုင်အောင် စစ်မှုထမ်းအများစုထံမှ မှတ်ပုံတင်များ သိမ်းဆည်းထားကြောင်း သိရသည်။[၇၉]

## "သူတို့နဲ့ထိတွေ့နိုင်အောင် လုပ်ရမယ်"

လူမှုရေးအရ အထီးကျန်အောင် သီးခြားခွဲထုတ်ထားသည့် စစ်တပ်၏လုပ်ရပ်ကို တန်ပြန်ခြေဖျက်နိုင်ရန် တော်လှန်ရေးဘက်က ၎င်းတို့ကို လက်ကမ်းထိတွေ့မှု ပြုလုပ်ရန် အရေးကြီးကြောင်း တပ်သားဟောင်းတစ်ဦး၏ ဇနီးဖြစ်သူက အောက်ပါအတိုင်း အလေးထားထောက်ပြခဲ့သည်။

> "အာဏာသိမ်းချိန်ကစပြီး စစ်သားတွေဟာ ပြည်သူနဲ့ထိတွေ့မှု တဖြေးဖြေးပိုနည်းလာတယ်။ လူမှုကွန်ရက် အသုံးမပြုဖို့လည်း ကန့်သတ်ခံထားရတယ်။ စစ်သားတွေထက်စာရင် သူတို့ဇနီးတွေက ပြင်ပကမ္ဘာနဲ့ နဲနဲပိုပြီး ထိစပ်မှုရှိတယ်။ ဒါကြောင့် သူတို့ရဲ့ ခင်ပွန်းသည် စစ်သားတွေကို ဘက်ပြောင်းလာဖို့ သူတို့က ပိုပြောနိုင်တယ်။ နိုင်ငံတစ်ဝှမ်းမှာ ဘာတွေဖြစ်နေလဲ၊ ပြည်သူတွေ ဘယ်လိုခံစားနေရလဲဆိုတာကိုလည်း သူတို့ခင်ပွန်းသည်တွေကို ပြန်ပြောပြနိုင်တယ်။ ဒါကြောင့် သူတို့နဲ့ ထိတွေ့ဆက်သွယ်ဖို့ အရေးကြီးတယ်။ အထူးသဖြင့် သူတို့နဲ့လက်လှမ်းမီအောင်လုပ်ပြီး တန်ပြန်ဝါဒဖြန့်မှုတွေလုပ်ဖို့ အရမ်းအရေးကြီးတယ်။ ဒါမှသာ သူတို့ဟာ အခြေအနေကိုနားလည်ပြီး သူတို့ဘဝအတွက် ဆုံးဖြတ်ချက်ချနိုင်မှာဖြစ်တယ်။"[၈၀]

- **စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲသက်ရောက်မှုများ** - စစ်သားများနှင့် ၎င်းတို့၏ မိသားစုများအတွက် စောင့်ရှောက်မှုနှင့် ထည့်သွင်းစဉ်းစားပေးမှု မရှိသောကြောင့် ၎င်းတို့အပေါ် ကြီးမားသော ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ရှိလာခဲ့သည်။ စစ်သားအများအပြား စိတ်ဖိစီးမှုဖြစ်ကာ အရက်သောက်ကြသောကြောင့် ဆိုင်ကယ်မတော်တဆမှုများ ဖြစ်လာကြသည်။ စစ်သားများ၏ ဇနီးသည်များက အဆိပ်သောက်၍ သို့မဟုတ် ရေထဲခုန်ချ၍ မိမိကိုယ်ကိုယ် အဆုံးစီရင်မှုများ အများအပြား ဖြစ်လာနေသည်။[၈၁]

## "နောက်ဆုံး စစ်တန်းလျားတွေမှာ ဘယ်သူမှ ကျန်တော့မှာမဟုတ်ဘူး။"

တပ်သားတစ်ဦး၏ ဇနီးသည်တစ်ဦးကလည်း ၎င်းတို့၏ခင်ပွန်းသည်များ ရှေ့တန်းထွက်နေရချိန်တွင် စခန်းတွင်ကျန်ခဲ့သူများက မည်သို့ခံစားရကြောင်း ဤသို့ပြန်လည်ပြောပြသည်။

> "အထဲမှာရှိချိန် ထိခိုက်သေဆုံးမှုတွေအကြောင်း ကြားရတယ်။ စကားဝှက်နဲ့တောင် ကျွန်မတို့ပြောကြတယ်။ အသုဘအိမ်တွေမှာ မုန့်ဟင်းခါးကြွေးတာကို ရည်ညွှန်းပြီး 'ဒီနေ့မုန့်ဟင်းခါး ဘယ်နှစ်ပွဲလဲ' လို့ ကျွန်မတို့ ပြောကြတယ်။ ရှေ့တန်းတပ်မှူးတွေက သူတို့ကွပ်ကဲတဲ့ တပ်ဖွဲ့တစ်ခုလုံးကို အသေခံရအောင် ဒါမှမဟုတ် အဖမ်းခံရအောင် ထားခဲ့ပြီး အိမ်ပြန်လာတဲ့အကြောင်းတွေ ကျွန်မတို့ကြားရတယ်။ ကျွန်မတို့ရဲ့ ခင်ပွန်းတွေက ရှေ့တန်းသွားရတဲ့အခါ ကျွန်မတို့လို ဇနီးသည်တွေက စခန်းလုံခြုံရေး တာဝန်ယူပေးရတယ်။ တပ်သားတစ်

ယောက်ကို နေခဲ့ခိုင်းပြီး စခန်းမှာကျန်ခဲ့တဲ့ ဇနီးသည်တစ်အုပ်က စခန်းလုံခြုံရေး ကင်းလှည့်တာတာကို ကွပ်ကဲခိုင်းတယ်။ ကျွန်မတို့ကို လက်နက်ငယ်တွေနဲ့ ကျည်ဆံနည်းနည်းပေးတယ်။ ကျွန်မတို့ စိတ်လုံခြုံမှုရှိအောင် လမ်းပတ်လျှောက်ပြီး တရားရွတ်ကြတယ်။ ဒီစစ်တပ်က နစ်နေတဲ့ သင်္ဘောတစ်စင်းလိုပဲ။ နောက်ဆုံး စစ်တန်းလျားတွေမှာ ဘယ်သူမှ ကျန်တော့မှာမဟုတ်ဘူး။”

စစ်သည်များနှင့် ၎င်းတို့၏ မိသားစုများကို သွားလာလှုပ်ရှားမှု တင်းကျပ်စွာ ကန့်သတ်ထားခြင်းနှင့် ၎င်းတို့အတွက် လုံလောက်သော စောင့်ရှောက်မှုနှင့် ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးမှုများ မရှိခြင်းက စစ်တပ်အတွင်း ဖိနှိပ်သော အခြေအနေများကို ပေါ်လွင်စေသည်။ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းကာ စစ်သည်များနှင့် ၎င်းတို့ မိသားစုဝင်များအတွက် ပိုမိုကောင်းမွန်သောဘဝများ ဖန်တီးနိုင်အောင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အရေးတကြီးလိုအပ်နေကြောင်း ဘက်ပြောင်းလာသူများ၏ ပြောပြချက်များက မီးမောင်းထိုးပြနေသည်။

## အဖွဲ့အစည်းအိမ်တွင်းစီးပွားရေး

- **လုပ်အားပေး** - မြေပြင်တွင်တာဝန်ကျနေသော စစ်သည်များ၏ ဇနီးနှင့် ဆက်ကျော်သက် သား၊သမီးများသည် မည်သည့်လုပ်အားခမျှမရပဲ စခန်းလုံခြုံရေးအတွက် ကင်းလှည့်ရန် တာဝန်ယူရသည်။[၈၂]
- **ဖြတ်စားခြင်းနှင့် ထုတ်ကုန်ကွင်းဆက်ခေါင်းပုံဖြတ်ခြင်း** - ဘက်ပြောင်းလာသော ဗိုလ်မှူးတစ်ဦး၏ ဇနီးသည်က အခြေအနေများအကြောင်း အောက်ပါအတိုင်းရှင်းပြသည်။

### “သူတို့ဆီကပဲ ဝယ်ရတယ်၊ ရွေးချယ်စရာမရှိဘူး”

“ပိုက်ဆံရှိခဲ့ရင်တောင် စားဆီဝယ်ဖို့ ရှာလို့မရဘူး။ ရှိတဲ့ကုန်ဆိုင်တွေအကုန်လုံးကို အရာရှိတွေက ပိုင်ကြပြီး သူတို့က ရသလောက်စျေးတင်ကြတယ်။ အရာရှိကတော်တွေက အပိုဝင်ငွေ ရှာချင်ကြလေ့ရှိတယ်။ ဒါကြောင့် သူတို့က အိမ်ဆိုင်တွေဖွင့်ပြီး တပ်သားတွေရဲ့ ဇနီးတွေက သူတို့ဆီကပဲ ဝယ်ရတယ်။ ရွေးချယ်စရာမရှိဘူး။ ရဲဘော်တွေရဲ့ မိသားစုတွေကိုလည်း သတင်းစာတွေ အတင်းဝယ်ခိုင်းတယ်။ ဒီသတင်းစာတွေကလည်း လနဲ့ချီရက်လွန်နေပြီ။ ရန်ပုံငွေအမျိုးမျိုး အတွက်လည်း အတင်းငွေထည့်ခိုင်းတယ်။ တစ်ခါတလေ ‘ရဲဘော်တွေက အာဟာရရှိတဲ့ အစားအစာတွေ လိုအပ်တယ်၊ ဒါကြောင့် သူတို့အတွက် ဒီဟင်းချက်ပေးကြမယ်’ လို့တောင်ပြောပြီး ကျွန်မတို့ကို အဲ့ဒီဟင်းပွဲတွေ ပြင်ဆင်ဖို့အတွက် လိုအပ်တာတွေ အတင်းဝယ်ခိုင်းတယ်။ နောက်ဆုံး လာစာရလာတဲ့ အချိန်ကျတော့လည်း ကြားထဲမှာ အများကြီး အဖြတ်ခံရတယ်။ မိသားစု စားဝတ်နေရေးအတွက်တောင် မလောက်ဘူး။ သူတို့ရဲ့ စုငွေစာရင်းထဲက ဖြတ်ဖို့ကျတော့လည်း ခွင့်မပြုဘူး။[၈၃]

- **အတုအယောင်အာမခံကြေး** - စစ်သည်တစ်ဦးဆုံးသွားပါက မိသားစုကိုပေးရမည့် အသက်အာမခံကြေးကို ကျန်ရှိဇနီးသည်က ရလေ့မရှိပေ။ ရာထူးကြီးပိုင်းက အရာရှိများ၏ ကျန်ရှိဇနီးသည်များသာ အထောက်အပံ့ ရရှိကြသည်။[၈၄]
- **အလွန်အကျွံသုံးဖြုန်းမှုများ** - ထိပ်ပိုင်းအရာရှိများသည် ခမ်းနားသော ဘုရားစေတီများ တည်ကြပြီး စစ်သားများ၏ မိသားစုများကို ကုန်ကျစရိတ် ဝိုင်းထည့်ခိုင်းသည်။ တည်ထားပြီးသော ဘုရားများကိုလည်း လူပိုသိအောင် တစ်ပတ်တစ်ကြိမ် သွားရောက်ခိုင်းသည်။[၈၅]

ဘက်ပြောင်းလာသူများ၏ ထွက်ဆိုချက်များကို ကြည့်လျှင် စစ်သည်များနှင့် ၎င်းတို့၏ မိသားစုများ အပေါ် ဘဏ္ဍာရေးအရ၎င်း ပုဂ္ဂိုလ်ရေးအရ၎င်း ခေါင်းပုံဖြတ်မှုများ အများအပြားရှိနေကြောင်း တွေ့ နိုင်သည်။ စစ်တပ်က ၎င်းတို့အတွက် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ပျက်ကွက်ခြင်းနှင့် ၎င်းတို့၏ ဘဝအပေါ် ထိန်းချုပ်ကန့်သတ်မှုများ ပြုလုပ်ထားခြင်းက စစ်တပ်အတွင်း အခြေအနေများက အထင်နှင့်အမြင် အလွန်ခြားနားကြောင်း မီးမောင်းထိုးပြနေပြီး အလေးထား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အရေးတကြီးလိုအပ်နေကြောင်း ဖော်ပြနေသည်။

# ဘာသာရေးဖိနှိပ်မှုနှင့် လူမျိုးရေးတင်းမာမှုများ

စစ်တပ်အသိုင်းအဝိုင်းများတွင် ဘာသာရေးနှင့် လူမျိုးရေး တင်းမာမှုများ အများအပြားရှိကြောင်း ဘက်ပြောင်းလာသူများက ရှင်းပြကြသည်။ ဤပြဿနာများသည် မြန်မာနိုင်ငံတွင် သမိုင်းတစ်လျှောက် နက်နဲစွာအမြစ်တွယ်လာခဲ့ပြီး နိုင်ငံတော် မူဝါဒများနှင့် စစ်ဘက်ဆိုင်ရာအုပ်ချုပ်ရေးဆောင်ရွက်ချက်များ၏ လွှမ်းမိုးသက်ရောက်မှုများလည်း အလွန်များခဲ့သည်။

## သမိုင်းကြောင်းနောက်ခံ

- **လူမျိုးစွဲအမြင်** - ၁၉၆၀ ခုနှစ်တွင် ဦးနုသည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်လိုက်ပြီး ဗုဒ္ဓဘာသာ မြန်မာနိုင်ငံ လူမျိုးစွဲဝါဒကို မြှင့်တင်ခဲ့ကာ တိုင်းရင်းသားလူနည်းစုများကို ဖယ်ကြဉ်မှုများ ဖြစ်စေခဲ့သည်။[၈၆] ဤလူမျိုးစွဲအမြင်သည် နောက်ဆက်တွဲ ပဋိပက္ခနှင့် ခွဲခြားဆက်ဆံမှုများအတွက် အခြေခံအုတ်မြစ် ဖြစ်လာခဲ့သည်။
- **တိုင်းရင်းသားလူမျိုးစုများအပေါ် စိုးမိုးချယ်လှယ်မှုများ ကြီးထွားလာခြင်း** - ၁၉၆၂ ခုနှစ် ဦးနေဝင်း လက်ထက် စစ်အာဏာသိမ်းမှုဖြစ်ပြီးနောက်တွင် ဗုဒ္ဓဘာသာကို နိုင်ငံခြားသားများက ကျောထောက်နောက်ခံ ပေးထားသော ခရစ်ယာန်ဘာသာ၏ လွှမ်းမိုးမှုများမှ ကာကွယ်ရန် တိုင်းရင်းသားလူနည်းစုများအပေါ် စိုးမိုးချယ်လှယ်မှုများ ပြုလုပ်ရန် လိုအပ်သည်ဟူသောအမြင် ပေါ်ပေါက်လာခဲ့သည်။ ဤမူဝါဒသည် ချင်းပြည်နယ်နှင့် မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့်မြောက်ပိုင်း တောင်တန်းဒေသများအပေါ် ကြီးမားသော သက်ရောက်မှုများရှိခဲ့ပြီး[၈၇] ထိုဒေသများရှိ ဒေသခံပြည်သူများသည် ၎င်းတို့၏ ကလေးငယ်များကို ဒေသခံဘာသာစကား သင်ကြားခွင့် တားမြစ်ပိတ်ပင် ခံခဲ့ရသလို ၎င်းတို့၏ ဘာသာရေး အခွင့်အရေးအတွက်လည်း တန်းတူကာကွယ်မှု မရခဲ့ကြပေ။[၈၈]

- **ရိုဟင်ဂျာပြည်သူများအပေါ် နှိပ်ကွပ်မှုများ** - မြန်မာနိုင်ငံ အနောက်ပိုင်းရှိ ရိုဟင်ဂျာမွတ်စလင်များသည် ပို၍ပင် ပြင်းထန်သော နှိပ်ကွပ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ အသားပိုညိုသော တောင်အာရှသားများအပေါ်[၈၉] လူမျိုးရေးခွဲခြားဆက်ဆံမှုများကို အမြတ်ထုတ်၍ ရိုဟင်ဂျာဆန့်ကျင်ရေး ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့ကြပြီး ၁၉၈၂ ခုနှစ်တွင် မြန်မာနိုင်ငံသားဥပဒေ ပြဋ္ဌာန်း၍ ၎င်းတို့ကို နိုင်ငံသားဖြစ်ခွင့် ငြင်းပယ်ခဲ့သည်။[၉၀] ထိုမှတစ်ဆင့် ၂၀၁၂ ခုနှစ်တွင် ရန်လိုတိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး ၂၀၁၆-၁၇ ခုနှစ်တွင် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်သည့်အထိ ဆိုးရွားပြင်းထန်ဆုံး အခြေအနေသို့ ရောက်သွားခဲ့သည်။[၉၁]

## မျက်မှောက်ကာလ တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာရေးပြဿနာများ

မြန်မာနိုင်ငံတွင် ဤသို့သော သမိုင်းကြောင်းများရှိခဲ့ပြီး စစ်တပ်၏ ဘာသာရေးအဆိပ်အတောက်ပါသော လက်ရှိသဘောထားအမြင်များအကြောင်းကိုလည်း စကားဝိုင်းဆွေးနွေးသူများက မီးမောင်းထိုးတင်ပြခဲ့ကြသည်။

- **အနိုင်ကျင့်စော်ကားခြင်းနှင့် အကျပ်ကိုင်ခြင်း** - နှုတ်ဖြင့်၎င်း၊ လူမှုရေးအရ၎င်း[၉၂] နှစ်ပေါင်းများစွာ အနိုင်ကျင့်စော် ကားခံခဲ့ရသည့်အကြောင်းကို စစ်သည်တစ်ဦး၏ မွတ်စလင်ဇနီးတစ်ဦးက အောက်ပါအတိုင်း ပြန်လည်ပြောပြသည်။

### "ကျွန်မက သူတို့ကို အစ္စလာမ်ဘာသာ သင်ပေးတာကို ခွင့်မပြုကြဘူး"

> "ကျွန်မ ကလေးတစ်ယောက်ရတော့ ကျွန်မကို ချက်ချင်း ဘုရားသွားရှိခိုးရမယ်လို့ လာပြော ကြတယ်။ ကျွန်မ ခုမှကလေးမွေးပြီးကာစမို့ နေသိပ်မကောင်းဘူးလို့ ပြန်ပြောတော့ ကျွန်မကိုယ်ဝန်ရှိနေတယ်ထင်လို့ ဒါဆိုရင်တော့ သွားစရာမလိုဘူး လို့ပြောကြတယ်။ ခုကတော့ ကျွန်မသွားကိုသွားရမယ်လို့ ပြန်ပြောပြီး ခုမှမီးဖွားပြီးခါစ ဖြစ်နေတာတောင် ကျွန်မကိုအပြစ်ပေးတဲ့အနေနဲ့ သန့်ရှင်းရေး လုပ်ခိုင်းကြတယ်။ ကျွန်မကလေးတွေလည်း ဘုန်းကြီးကျောင်း မဖြစ်မနေသွားရတယ်။ ကျွန်မက သူတို့ကို အစ္စလာမ်ဘာသာ သင်ပေးဖို့ကို ခွင့်မပြုကြဘူး။"[၉၃]

- **ရန်စခြင်းနှင့် ဖိနှိပ်ခြင်း** - စစ်တပ်သည် ဘာသာရေးအကြမ်းဖက်မှုများ ဖြစ်လာအောင်ဆွပေးရန်နှင့် ထိုမှတစ်ဆင့် ဖိနှိပ်မှုများဆက်လုပ်ရန် အကြောင်းပြနိုင်အောင် ချင်းပြည်နယ်ရှိ ခရစ်ယာန်ဘုရားကျောင်းများကို ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး အကျပ်အတည်းကာလကို အမြတ်ထုတ်ကာ ဘာသာရေးတင်းမာမှုများ ဖြစ်လာအောင် ဖန်တီးလာခဲ့သည်။ ဤသို့သော ရန်စခြင်းနှင့် ဖိနှိပ်ခြင်း ဗျူဟာသည် သွေးခွဲအုပ်ချုပ်မှု ဆက်လက်ပြုလုပ်နိုင်အောင် အထောက်အကူဖြစ်စေသည်။[၉၄]
- **စနစ်တကျဖန်တီးထားသော ဘာသာရေးတင်းမာမှုများ** - ဆယ်စုနှစ်ပေါင်းများစွာ အလိုအလျောက် လည်ပတ်လာပြီးသား ဘာသာရေးတင်းမာမှုဖြစ်အောင် ဖန်တီးသောစနစ်များ နေသားတကျ ရှိထားပြီးဖြစ်သောကြောင့်[၉၅] မင်းအောင်လှိုင်နှင့် ၎င်း၏ဗိုလ်ချုပ်များသည် တစ်အိမ်တက်တစ်အိမ်ဆင်း ဝါဒဖြန့်မှုများ ပြုလုပ်ရန် မလိုအပ်တော့ပေ။ ဤသို့ အခိုင်အမာအမြစ်တွယ်နေသောစနစ်များ ရှိထားခြင်းက စစ်တပ်ခေါင်းဆောင်များ၏ တိုက်ရိုက်ကြားဝင်ဆောင်ရွက်မှု မပါပဲ ပဋိပက္ခများနှင့် သွေးကွဲမှုများ ဆက်ဖြစ်လာစေခဲ့သည်။

- **လူထု၏သိမြင်နားလည်မှုနှင့် သူတော်ကောင်းအယောင်ဆောင်စစ်တပ်** - သတင်းအချက်အလက် လက်လှမ်းမှီမှု ပိုများလာသည့်အလျောက် စစ်တပ်သည် ဗုဒ္ဓဘာသာအဖွဲ့အစည်းလည်းမဟုတ် ဗမာ အင်အားစုတစ်ခုလည်း မဟုတ်ပဲ ပြည်သူများကို ဖိနှိပ်နေသည့် သူတော်ကောင်းအယောင်ဆောင်အဖွဲ့ အစည်းသာဖြစ်ကြောင်း လူအများက အသိအမှတ်ပြုလာကြသည်။[၉၆] ဒီမိုကရေစီသည် ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သည်ဟု ဗုဒ္ဓဘာသာဝင်များ ကလက်ခံလာအောင်စည်းရုံးရန် ပိုမိုခက်ခဲလာနေပြီး ဤအချက်သည် လူအများက စစ်တပ်၏ သရုပ်မှန်နှင့် ရန်ရွယ်ချက်အမှန်ကို ပိုမိုသိရှိနားလည်လာ ကြကြောင်း ဖော်ပြနေသည်။[၉၇]
- **အလုပ်ခွင်အတွင်း ခွဲခြားဆက်ဆံမှု** - စစ်ဆေးရုံတွင် အလုပ်လုပ်ခဲ့သော ခရစ်ယာန်ဘာသာဝင် ဘက်ပြောင်းလာသူ တစ်ဦးက သူမ၏အထက်လူကြီးသည် တနင်္ဂနွေနေ့နှင့် ခရစ်ယာန်အားလပ် ရက်များတွင် အလုပ်လုပ်ရန် အချိန်ဇယား အမြဲချပေးလေ့ရှိသည်ဟု ပြောပြသည်။ သူမက အခြား အချိန်ဇယားတစ်ခု ချပေးရန် တောင်းဆိုသောအခါ အဆူခံခဲ့ရပြီး ဘာသာရေးလိုက်စားရန်အတွက် အားပေးထောက်ခံမှုရရန် မမျှော်လင့်ပဲ မိမိအလုပ်ကိုသာလုပ်ရန် ပြောခံခဲ့ရသည်။[၉၈]

## "ဗုဒ္ဓဘာသာကိုပဲ အပြည့်အဝဦးစားပေးတယ်"

လူသိများသော ဘက်ပြောင်းလာသူတစ်ဦးက စစ်တပ်ထဲတွင် မဟာဗုဒ္ဓဘာသာဝါဒ မည်သို့အတင်း အကျပ် သွတ်သွင်းထားကြောင်း အောက်ပါအတိုင်း ရှင်းပြသည်။

> "သူတို့က ဗုဒ္ဓဘာသာကိုပဲ အပြည့်အဝဦးစားပေးတယ်။ စစ်တပ်အခြေစိုက်စခန်းတွေ မှာ ဘုန်းကြီးကျောင်းတွေ၊ စေတီတွေနဲ့ ဗိမာန်တွေ ရှိတယ်၊ ဒါပေမယ့် အခြားဘယ် ဘာသာအတွက်မှ ဆောက်ထားတာမရှိဘူး။ ယေဘုယျအားဖြင့်တော့ ခရစ်ယာန်ဘာသာကို သီးခံလေ့ရှိပေမယ့် အစ္စလာမ်ဘာသာရေး လိုက်စားတာကိုတော့ မရမက တားဆီးကြတယ်။ သူတို့က ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံသာ ဗုဒ္ဓဘာသာကို အဓိက ကာကွယ်ပေးနေသူတွေဖြစ်ပြီး သူတို့ကမှ မကာကွယ်နိုင်ရင် ဗုဒ္ဓဘာသာဟာ ကမ္ဘာပေါ်ကနေ ပျောက်ကွယ်သွားလိမ့်မယ်လို့ ကိုယ့်ကိုယ်ကို အယုံသွင်းထားကြတယ်။ စစ်တပ်အခြေစိုက်စခန်းတွေမှာ ဗုဒ္ဓဘာသာဝင် မဟုတ် သူတွေ အပါအဝင် စစ်သားတွေအားလုံး ဗုဒ္ဓဘာသာ ဘုရားဝတ်ပြုရာမှာ ပါဝင်ကြရတယ်။"[၉၉]

ဤသာဓကများသည် မြန်မာနိုင်ငံတွင် စနစ်တကျ တည်ဆောက်ထားပြီး အမြစ်တွယ်နေသော ဘာသာ ရေးနှင့် တိုင်းရင်းသားလူမျိုးစုအရေး တင်းမာမှုများရှိနေကြောင်း ဖော်ပြနေသည်။ ဤပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် နိုင်ငံထဲတွင် ဘက်စုံလွှမ်းခြုံမှုရှိသော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်နှင့် တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာရေးအုပ်စုများအားလုံး၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ကာကွယ် နိုင်ရေး ကတိပြုအားစိုက်ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်နေသည်။

# ဂျန်ဒါခွဲခြား ဆက်ဆံမှုများ

ဘက်ပြောင်းလာသော အမျိုးသမီးတစ်ချို့က မကြာသေးမီကပြောကြားခဲ့သော ထွက်ဆိုချက်များအရ စစ်တပ်အတွင်း ရာထူးအဆင့်ဆင့်တွင် ဂျန်ဒါခွဲခြားဆက်ဆံမှုများ အများအပြား ရှိနေကြောင်း သိရသည်။

- **အပြစ်လွှဲချခြင်းနှင့် နှုတ်အားဖြင့် အနိုင်ကျင့်စော်ကားခြင်း** - စစ်တပ်အတွင်း ဂျန်ဒါခွဲခြားဆက်ဆံမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည်ဟု အမျိုးသမီး CDM ဗိုလ်ကြီးတစ်ဦးက ရှင်းပြသည်။ အမျိုးသားအရာရှိများသည် ၎င်းတို့ အမှားလုပ်မိသောအခါ ၎င်းတို့ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးများကို အပြစ်လွှဲချလေ့ရှိသည်။ ဤအလေ့အကျင့်သည် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ထိခိုက်စေရုံသာမက နှုတ်ဖြင့်ဖြစ်စေ ကိုယ်ထိလက်ရောက်ဖြစ်စေ အနိုင်ကျင့်စော်ကားမှုများ ပေါ်များသည့် အဆိပ်အတောက်များသော ပတ်ဝန်းကျင်တစ်ခု ဖြစ်လာအောင်လည်း အားပေးမှု ဖြစ်စေသည်။
- **မညှာမတာခိုင်းစေခြင်းနှင့် အနိုင်ကျင့်စော်ကားခြင်း** - အမျိုးသမီးများသည် ရုပ်ပိုင်းဆိုင်ရာ အားစိုက်မှု လိုအပ်ချက်ကြီးမားသော တာဝန်များ မကြာခဏ ပေးခံရလေ့ရှိသည်။ ၎င်းတို့က ထိုတာဝန်များကို မဖြည့်ဆည်းနိုင်သောအခါ ၎င်းတို့အပေါ် ထပ်မံအနိုင်ကျင့်ရန် အခွင့်အလမ်း ဖြစ်ပေါ်လာသည်။ ဤအလေ့အကျင့်သည် အမျိုးသမီးများကို မျက်နှာသာမရဖြစ်စေသည့် အနေအထားသို့ ရောက်စေရုံသာမက ဂျန်ဒါအခြေပြု အစွဲများနှင့် ခွဲခြားဆက်ဆံမှုများကိုလည်း သက်ဆိုးရှည်စေရန် အထောက်အကူ ဖြစ်စေသည်။
- **အမျိုးသမီးဓမ္မတာလာခြင်းနှင့် ပတ်သက်သော ခွဲခြားဆက်ဆံမှုများ** - အမျိုးသမီးစစ်သည်များသည် ဓမ္မတာ လာချိန်တွင်လည်း ခွဲခြားဆက်ဆံမှုများ ထပ်မံကြုံတွေ့ရသည်။ ၎င်းတို့သည် အနားမယူနိုင်အောင် သန့်ရှင်းရေး တာဝန်ကဲ့သို့ ခက်ခဲသောတာဝန်များ ပေးခံရသည်။ ဤအလေ့အကျင့်သည် အမျိုးသမီးများ၏ ကျန်းမာရေးလိုအပ်ချက်များကို နားလည်မှုနှင့်လေးစားမှု မရှိကြောင်း ဖော်ပြနေပြီး အမျိုးသမီးများအပေါ် မညှာမတာဆက်ဆံသည့် လုပ်ရပ်များထဲမှ တစ်ခုဖြစ်သည်။
- **အမျိုးသမီး ဘက်ပြောင်းသူများကို ကဲ့ရဲ့နှိမ့်ချခြင်း** - CDM တွင် ပါဝင်လာသော အမျိုးသမီးများသည် စွပ်စွဲခံရကာ အသရေဖျက်ခံရလေ့ရှိသည်။ ၎င်းတို့သည် အိမ်ထောင်ရေးဖောက်ပြန်သူများအဖြစ် တံဆိပ်ကပ်ခြင်း သို့မဟုတ် လူမှုရေးတာဝန်များကို ခေါင်းရှောင်သွားသူများအဖြစ် စွပ်စွဲခြင်းခံရလေ့ရှိသည်။ ဤသို့ အခြေအမြစ်မရှိသော စွပ်စွဲချက်များသည် ၎င်းတို့၏ ဘက်ပြောင်းရန် ဆုံးဖြတ်ချက်အပေါ် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စေပြီး စစ်တပ်အတွင်းတွင်လည်း အမျိုးသမီးများကို ကဲ့ရဲ့နှိမ့်ချမှုများနှင့် ပိုမိုကြုံတွေ့ရစေသည်။[100]

### "ဘယ်လိုအကြမ်းဖက်မှုမျိုးမဆို ကြုံတွေ့နိုင်တယ်"

အမျိုးသမီးစစ်မှုထမ်းများကို မည်သို့သော ခွဲခြားဆက်ဆံမှုများ ကြုံတွေ့ရနိုင်ကြောင်း မေးမြန်းသောအခါ အမျိုးသမီး ဗိုလ်ကြီးဟောင်းတစ်ဦးက အောက်ပါအတိုင်း ရှင်းပြသည်။

> "လိင်ပိုင်းဆိုင်ရာအပါအဝင် ဘယ်လိုအကြမ်းဖက်မှုပုံစံမျိုးမဆို ကြုံတွေ့နိုင်တယ်။ သင်တန်းနည်းပြတွေက အမျိုးသားရော အမျိုးသမီးရော ဖြစ်နိုင်တယ်။ ဒါပေမယ့် အခြေအနေတစ်ခုလုံးကိုကြည့်ရင် လိင်ပိုင်းဆိုင်ရာခွဲခြားဆက်ဆံမှုတွေနဲ့ ပြည့်နေလိမ့်မယ်။ အမျိုးသမီး စစ်မှုထမ်းတွေဟာ လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှုတွေနဲ့ နှုတ်အားဖြင့်ဖြစ်စေ စိတ်ပိုင်းဆိုင်ရာဖြစ်စေ အနိုင်ကျင့်တာတွေ ကြုံရမှာဖြစ်ပြီး ဒါတွေက ရှောင်လွှဲလို့မရနိုင်ပါဘူး။ သူတို့မှာ သွားတိုင်စရာနေရာလည်း ရှိမှာမဟုတ်ပါဘူး။"[၁၀၁]

CDM တွင် ပါဝင်လာသည့် အမျိုးသမီးများ ပြောပြသော ထွက်ဆိုချက်များက မြန်မာစစ်တပ်အတွင်း နက်ရှိုင်းစွာ အမြစ်တွယ်နေသော ဂျန်ဒါခွဲခြားဆက်ဆက်မှုများကို ပေါ်လွင်စေလျက်ရှိသည်။ စစ်သည်များအားလုံးအတွက် သာတူညီမျှမှုနှင့် လေးစားမှု ပိုရှိသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ရန် ဤပြဿနာများကို မဖြစ်မနေ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။ ဂျန်ဒါအခြေပြု ခွဲခြားဆက်ဆံမှုများနှင့် မဖွယ်မရာပြုမှုများကို ဖယ်ရှားကာ စစ်သည်များအားလုံးကို ဂျန်ဒါမခွဲခြားပဲ ဂုဏ်သိက္ခာရှိစွာနှင့် လေးစားမှုရှိစွာ ဆက်ဆံမှုရှိစေရန် အလုံးစုံပြုပြင်ပြောင်းလဲမှုများ မဖြစ်မနေ ပြုလုပ်ရန်လိုအပ်သည်။

## ရက်စက်ကြမ်းကြုတ်မှုများ နှင့်ရာဇဝတ်မှုများ

စစ်အုပ်စုသည် အကြမ်းဖက်ရက်စက်ကြမ်းကြုတ်မှုများ ပိုမိုအရှိန်မြှင့်တင် ကျူးလွန်လာနေသောကြောင့် စစ်အုပ်စုအကြောင်း အမြင်မှန်ရလာမှုများ အများအပြားရှိလာနေကြောင်း မကြာသေးမီက ပြုလုပ်ခဲ့သော စကားဝိုင်းဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးသူများက တင်ပြခဲ့ကြသည်။ ဤအစီရင်ခံစာထဲတွင် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများအကြောင်း ပေါ်လွင်စေသည့် ဖြစ်စဉ်တစ်ခုချင်းစီကိုငှင်း၊ စနစ်တစ်ခုလုံးနှင့် ပတ်သက်သော ပြဿနာများကိုငှင်း ဆက်လက်ဖော်ပြထားပါသည်။

### "ကြားဖူးသမျှထဲမှာ အဆိုးဆုံးဖြစ်ရပ်ပါပဲ"

၂၀၂၂ ခုနှစ် မတ်လ၊ ၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ကြောက်မက်ဖွယ်ကောင်းသော ကျေးရွာတစ်ရွာလုံး အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုအကြောင်းကို ဘက်ပြောင်းလာသူတစ်ဦးက အောက်ပါအတိုင်း ပြန်လည်ပြောပြခဲ့သည်။

> "အရင်ကသူတို့တစ်ခါ မီးရှို့ဖူးတယ်၊ နောက်တစ်ခါပြန်သွားပြီး လူ (၁၅) ယောက်ကို ကြိုးတုတ်ပြီး သေတဲ့အထိ ဓါးနဲ့ဝိုင်းခုတ်ကြ၊ ရိုက်သတ်ကြတယ်။ အချို့ကိုလည်း

အပျော်သဘောနဲ့ ပစ်သတ်ကြတယ်။ အမျိုးသမီးတွေကို မသတ်ခင် မုဒိမ်းကျင့်ကြတယ်။ အမျိုးသမီးအင်္ဂါထဲ ကြက်သွန်နီ ထည့်ကြတယ်။"[၁၀၂]

## "ဘယ်ဟာကအမှန် ဘယ်ဟာကအမှား ဝေခွဲမရဖြစ်ခဲ့ရတယ်"

စစ်မြေပြင်ပေါ်က ဖရိုဖရဲအခြေအနေများနှင့် ကိုယ်ကျင့်တရားမဲ့သော အခြေအနေများအကြောင်းကို တပ်သားဟောင်း တစ်ဦးက အောက်ပါအတိုင်း ပြန်လည်ရှင်းပြသည်။

> "ကျွန်တော်တို့ တိုက်ပွဲတွေအများကြီး တိုက်ခဲ့ကြတယ်။ ထမင်းငတ်ရေပြတ် ဖြစ်ခဲ့တာလည်း ခဏခဏပဲ။ စစ်တပ်ထဲကို ကျွန်တော့ ညီ/အကိုနဲ့အတူ ဝင်ခဲ့တာပါ၊ ဒါပေမယ့် ကျွန်တော့ညီ/အကိုက တိုက်ပွဲထဲမှာ ကျသွားတယ်။ တိုက်ပွဲတွေက ရွာထဲမှာ ဖြစ်တာများတယ်။ ကျွန်တော်တို့ကို ရွာတွေကို မီးရှို့ဖို့နဲ့ လူတွေကိုသတ်ဖို့ မှာထားခဲ့တယ်။ တကယ်တော့ ဒီလူတွေက မသတ်သင့်တဲ့သူတွေပါ။ ဒါတွေအတော်များများက မမှန်ဘူးလို့ ခံစားခဲ့ရတယ်။ ဘယ်ဟာကအမှန် ဘယ်ဟာက အမှားလဲဆိုတာ ဝေခွဲရခက်နေခဲ့တယ်။ ဒါကြောင့် ကျွန်တော် CDM လုပ်လိုက်တာဖြစ်ပြီး ဒီမှာက ကျွန်တော်တပ်ထဲမှာ နေတုန်းကထက် ပံ့ပိုးကူညီမှုတွေ အများကြီးပိုရပါတယ်။"[၁၀၃]

ထောင်ချခံခဲ့ရဖူးသော စကားဝိုင်းဆွေးနွေးသူတစ်ဦးကလည်း ထောင်ထဲရှိစဉ်ကာလအတွင်း အသတ်ခံခဲ့ရသူ သို့မဟုတ် စစ်ကြောရေးမှ ခေါ်ထုတ်ခံသွားခဲ့ရပြီး ပျောက်ဆုံးသွားခဲ့သူ အနည်းဆုံး (၈) ဦးရှိသည်ဟု ပြန်လည်ပြောပြသည်။ စစ်အုပ်စုက အတိုက်အခံများကို နှိပ်ကွပ်ရန်နှင့် ပြည်သူများအကြား အကြောက်တရားသွတ်သွင်းရန် အစွန်းရောက်အကြမ်းဖက်မှုများနှင့် ညှင်းပန်းနှိပ်စက်သည့် နည်းလမ်းများကို စနစ်တကျအသုံးပြုနေအကြောင်း မှတ်တမ်းအထောက်အထားများ ပိုများလာလျက်ရှိပြီး ဤထွက်ဆိုချက်များကလည်း အလားတူသက်သေများဖြစ်သည်။[၁၀၄]

## နိုင်ငံတကာဥပဒေ စနစ်တကျချိုးဖောက်မှုများ

- **ဝိုင်းကြီးချုပ်တရားစီရင်ရေးနှင့် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၇(၁)** - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စစ်ကောင်စီ) သည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၇(၁)[၁၀၅] ကိုအကြောင်းပြကာ အရပ်သားပြည်သူလူထုများကို လေကြောင်းတိုက်ခိုက်ခြင်း၊ လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်း နှင့် အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းများ ပြုလုပ်လာခဲ့သည်။ ဤပုဒ်မသည် မတရားအသင်းအဖွဲ့တွင် အဖွဲ့ဝင်ထားသူများ သို့မဟုတ် ၎င်းတို့နှင့် ဆက်စပ်သည့် လုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်သူများကို အပစ်ပေးသည့် ပြဋ္ဌာန်းချက်တစ်ခုဖြစ်ပြီး ကျေးရွာများကို အရပ်သားစစ်သား မခွဲခြားပဲ ရွာလုံးကျွတ် ပစ်မှတ်ထားတိုက်ခိုက်မှုများ ဖြစ်လာစေခဲ့သည်။[၁၀၆]
- **ဂျနီဗာသဘောတူစာချုပ် ချိုးဖောက်ခြင်း** - စစ်ကောင်စီသည် ဂျနီဗာသဘောတူစာချုပ်ကို အကြိမ်ကြိမ် ချိုးဖောက်လာခဲ့ပြီး သီးသန့်စစ်ရေး ပစ်မှတ်များကိုသာ တိုက်ခိုက်ရန် ကန့်သတ်ချက်မထားပဲ စစ်ဆင်ရေးများ ပြုလုပ်လာခဲ့သည်။ စစ်ကောင်စီသည် နိုင်ငံတကာဥကပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ပြည်သူများကို ထွက်ခွာရန် အခွင့်အလမ်းမပေးပဲ ရပ်ရွာလူထုတစ်ခုလုံးကို မကြာခဏ ပစ်မှတ်ထားတိုက်ခိုက်လေ့ရှိသည်။[၁၀၇]

အခြားတွေ့ရများသော ချိုးဖောက်မှုများတွင် အောက်ပါတို့ ပါဝင်သည်။

- **ဆေးကုသခွင့်ငြင်းပယ်ခြင်း** - စစ်ကောင်စီသည် ဒဏ်ရာရသော ရန်သူ့တိုက်ခိုက်ရေး စစ်သည်များကိုငှင်း၊ ပဋိပက္ခကြောင့် ထိခိုက်သည့် ရပ်ရွာလူထုများကိုငှင်း ဆေးကုသခွင့်မပေးချေ။[၁၀၈]
- **ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ** - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်လက်နက်အဖြစ် အသုံးပြုနေသည်။[၁၀၉]
- **လူသားဒိုင်းအသုံးပြုခြင်း** - စစ်ဆင်ရေးများအတွင်း အရပ်သားပြည်သူများကို လူသားဒိုင်းများအဖြစ် အသုံးပြုနေသည်။[၁၁၀]
- **အရပ်သားများ၏ ပိုင်ဆိုင်မှုများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖျက်ဆီးခြင်း** - အရပ်သားပိုင်ဆိုင်မှုများနှင့် ယဉ်ကျေးမှုအမွေအနှစ်များရှိရာ နေရာများအတွက် အကာအကွယ်ပေးမှု ကင်းမဲ့နေသည်။ [၁၁၁]

စစ်အုပ်စုသည် အကြမ်းဖက် ရက်စက်ကြမ်းကြုတ်မှုများနှင့် နိုင်ငံတကာဥပဒေ စနစ်တကျ ချိုးဖောက်မှုများ ပိုမိုကျူးလွန် လာလျက်ရှိရာ ဘက်ပြောင်းလာသူများနှင့် သာမန်ပြည်သူလူထုများကြားတွင် စစ်တပ်၏ သရုပ်မှန်ကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိမြင်လာခဲ့ကြသည်။ ဤပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများ အနေဖြင့် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် ထိခိုက်နစ်နာခဲ့ရသူများအတွက် တာဝန်ခံမှုနှင့် တရားမျှတမှု ဖော်ဆောင်ပေးရန် အလွန်အရေးကြီးသည်။ တရားမျှတမှုနှင့် ပြန်လည်သင့်မြတ်မှု ရှာဖွေရာတွင် ချိုးဖောက်မှုများကို မှတ်တမ်းတင်ရန်နှင့် ထိခိုက်နစ်နာခဲ့သော ရပ်ရွာလူထုများကို ပံ့ပိုးကူညီရန် ဘက်စုံလွှမ်းခြုံမှုရှိသော ကြိုးစားအားထုတ်မှုများ မဖြစ်မနေ ပြုလုပ်ရန်လိုအပ်သည်။[၁၁၂]

# ဒီဂျစ်တယ် ဖိနှိပ်မှု

စစ်ကောင်စီသည် စစ်မြေပြင်တွင် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့်တိုင် ဒီဂျစ်တယ်ကွန်ရက်များအပေါ် တိုးမြှင့်ထိန်းချုပ်မှုများ၊ ဝါဒဖြန့်မှုများနှင့် တော်လှန်ရေးအဖွဲ့များ ပေါင်းစည်းမှု မပြုလုပ်နိုင်အောင် ဟန့်တားမှုများ မည်သို့ဆက်လက်ပြုလုပ်လာခဲ့ကြောင်းကို ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးသူများက ရှင်းပြကြသည်။ ထို့ပြင် စစ်သည်များနှင့် ၎င်းတို့၏ မိသားစုများအပေါ်လည်း ဒီဂျစ်တယ်ဖိနှိပ်မှုများ အလားတူ တင်းကျပ်စွာ ပြုလုပ်လာခဲ့သည်။[၁၁၃]

## စစ်မှုထမ်းများအပေါ် ဒီဂျစ်တယ်ဖိနှိပ်မှု

### "ယုံကြည်ရတဲ့အရာရှိတွေကိုပဲ ဖုန်းသုံးခွင့်ပေးတယ်"

ဒီဂျစ်တယ်ဖိနှိပ်မှုများသည် စစ်သားများအား အခြေခံဖုန်းသုံးခွင့် ကန့်သတ်ခြင်းမှစသည်။ ဤနည်းလမ်းသည် စစ်သားများ ဘက်ပြောင်းမှုမဖြစ်အောင် တားဆီးရာတွင်လည်း အထောက်ကူဖြစ်စေသည်။ ဒုတပ်ကြပ်ဟောင်းတစ်ဦးက ဤအခြေအနေကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

“သူတို့က ဘက်ပြောင်းဖို့ ဒါမှမဟုတ် လက်နက်ချဖို့ အခွင့်အရေး လိုချင်ကြတယ်။ ဒါပေမယ့် သူတို့မှာ ကိုယ်ပိုင်လက်ကိုင်ဖုန်းတွေ မရှိဘူး။ ယုံကြည်ရတဲ့ အရာရှိတွေပဲ ဖုန်းသုံးခွင့်ရတယ်။ အပြင်နဲ့ အဆက်အသွယ်မရှိတာကြောင့် သူတို့အတွက် ခက်ခဲတယ်။ သူတို့ဘက်ပြောင်းဖို့ ဒါမှမဟုတ် လက်နက်ချဖို့ ဘာတွေလုပ်ရမလဲဆိုတာကို ရှင်းပြထားတဲ့ လက်ကမ်းစာစောင်တွေ ချပေးနိုင်ရင် အထောက်ကူဖြစ်နိုင်တယ်။”[၁၁၄]

## “ပိုပြီး ခက်ခဲလာဖို့ပဲရှိတယ်။”

စစ်အုပ်စုသည် စစ်သည်များ၏ လှုပ်ရှားမှုကို ခြေရာခံရန် ဇီဝအချက်အလက် ထောက်လှမ်းမှု နည်းပညာများကိုလည်း အသုံးပြုလာနေသည်။ တပ်ကြပ်ကြီးဟောင်းတစ်ဦးက ဤအခြေအနေကို အောက်ပါအတိုင်း ပြန်လည်ပြောပြခဲ့သည်။

“ခုနောက်ပိုင်းမှာ စစ်သားအားလုံး ဇီဝအချက်အလက်ပါတဲ့ မှတ်ပုံတင်တွေ ရဖို့ရှိတယ်။ လက်ရှိအချိန် အထိတော့ စစ်သားအများစုက အရပ်သားမှတ်ပုံတင်နဲ့ စစ်သားမှတ်ပုံတင် တစ်ခုစီရှိကြတယ်။ အရပ်သား မှတ်ပုံတင်နဲ့ဆိုရင် သူတို့ တစ်နိုင်ငံလုံး သွားလာလို့ရတယ်။ ဒါပေမယ့် ခုတော့ တရုတ်နိုင်ငံရဲ့ ငွေကြေးထောက်ပံ့မှုနဲ့ သူတို့က စစ်သားတွေကို ဇီဝအချက်အလက်နဲ့တွဲပြီး အားလုံးကို ဒီဂျစ်တယ်စနစ်ပြောင်းမှာမို့ အဲ့ဒီအချိန်ကျရင် စစ်သားတွေက စစ်ဆေးရေးဂိတ်တွေကို မသိမသာခိုးဖြတ်လို့ ရတော့မှာမဟုတ်ဘူး။ သိပ်မကြာခင်ကာလမှာ သူတို့အတွက် ပိုပြီးခက်ခဲလာဖို့ပဲ ရှိတော့တယ်။”[၁၁၅]

## “ဆက်နေလို့မဖြစ်တော့ဘူးဆိုတာ သိလိုက်တယ်”

အွန်လိုင်းပေါ်တွင် ရေးသားပြောဆိုမှုများ ပြုလုပ်ခဲ့ကြောင်း စွပ်စွဲချက်ဖြင့် ထိပါးနှောက်ယှက်မှုနှင့် အခြားအနိုင်ကျင့် စော်ကားမှုများ ကြုံတွေ့ခဲ့ရပုံကို စစ်သူနာပြုဟောင်းတစ်ဦးက အောက်ပါအတိုင်း ပြန်လည်ပြောပြသည်။

“ဆေးရုံဆိုတာ အများပြည်သူအတွက် အလုပ်လုပ်တဲ့နေရာတစ်ခုလို့ ကျွန်မအမြဲ ထင်ထားခဲ့တယ်။ ဒါပေမယ့် အဲဒီမှာလုပ်တာ နည်းနည်းကြာလာတဲ့အခါ လျှပ်စစ်မီးလည်း မရှိဘူး။ ပစ္စည်းကိရိယာတွေလည်း မရှိဘူးဆိုတာ တွေ့ခဲ့ရတယ်။ သူတို့က အများပြည်သူကို ပြုစုစောင့်ရှောက်ဖို့တောင် ကြိုးစားကြတာ မဟုတ်ဘူး။ စားဖို့ ကိုယ့်ဘာသာရှာရတယ်။ သန့်ရှင်းတဲ့သောက်သုံးရေ ဖြန့်ဖြူးပေးတာလည်း မရှိတာကြောင့် ကလေးတွေ အရေပြားရောဂါ အများကြီးရကြတယ်။ ဆေးရုံးပတ်ပတ်လည်မှာ စစ်သားတွေ စောင့်တယ်။ အဖျက်အမှောင့်ဆန်တာတွေ အင်တာနက်ပေါ်တင်တယ်လို့ စွပ်စွဲပြီး ကျွန်မတို့အားလုံးကို ခံဝန်လက်မှတ်ထိုးခိုင်းပြီး အချုပ်ထဲထည့်ထားခဲ့တယ်။ တကယ်တမ်း ကျွန်မဘာမှ မတင်ခဲ့ဘူး။ အဲ့ဒီမှာနေတုန်းက ကျွန်မ ကိုဗစ်ကူးခံရတယ်။ ကျွန်မ အချုပ်ထဲကနေ ပြန်လွတ်လာတာနဲ့ ဆေးရုံကို ပြန်လာခဲ့တယ်။ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေကတောင် ကျွန်မကိုရှောင်ကြတယ်။ ဒါနဲ့ ဆက်နေလို့ မဖြစ်တော့ဘူးဆိုတာ ကျွန်မသိလိုက်တယ်။ CDM လုပ်ဖို့ အဆက်အသွယ် တစ်ခုရတော့ ကျွန်မမိသားစုနဲ့ရော အခြားဘယ်သူနဲ့မှရောမတိုင်ပင်ပဲ CDM လုပ်ခဲ့တယ်။”[၁၁၆]

## ပြည်သူများအပေါ် ဒီဂျစ်တယ်ဖိနှိပ်မှုများ

- **ထောက်လှမ်းရေးနည်းပညာများ ရယူခြင်း** - စစ်တပ်သည် တရုတ်နိုင်ငံနှင့် အစ္စရေးနိုင်ငံအပါအဝင် အခြားနိုင်ငံတကာ အရင်းအမြစ်များထံမှ အဆင့်မြင့် ခြေရာခံမှုနှင့် ကြားဖြတ်ဖမ်းယူမှု ဆော့ဝဲများ၊ ဒရုန်းများနှင့် အခြားသော ထောက်လှမ်းရေးကိရိယာများကို လက်ဝယ်ရရှိလာအောင် ပိုမိုဆောင်ရွက်လာနေလျက်ရှိသည်။ ဤရင်းနှီးမြှုပ်နှံမှုသည် အတိုက်အခံများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ခြင်းနှင့် ထိန်းချုပ်ခြင်းပြုလုပ်သည့် ၎င်းတို့၏စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်လာစေလျက်ရှိသည်။[၁၁၇]
- **ကန့်သတ်သော ဆိုက်ဘာဥပဒေများ** - ဆိုက်ဘာဥပဒေသစ်များကို အကောင်အထည်ဖော်လာခြင်းကြောင့် အင်တာနက် သုံးစွဲနိုင်စွမ်းအပေါ် ခြိမ်းခြောက်မှုများ ထပ်မံဖြစ်လာစေလျက်ရှိသည်။ လက်ရှိတွင် စစ်တပ်အာဏာပိုင်များက SIM ကဒ်များကို မဖြစ်မနေ မှတ်ပုံတင်ခိုင်းပြီး VPN အသုံးပြုရန်လည်း ခွင့်ပြုချက်ရယူရန်လိုအပ်သည်။ ဤအစီအမံများသည် ဒီဂျစ်တယ်ဆက်သွယ်ရေးအပေါ် ပိုမိုထိရောက်စွာ စောင့်ကြည့် ထိန်းချုပ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ထားသည့် အရာများဖြစ်သည်။[၁၁၈]
- **အင်တာနက်ဖြတ်တောက်မှုများ** - စစ်ကောင်စီသည် နိုင်ငံတစ်ဝှမ်းတွင် အင်တာနက် ဖြတ်တောက်မှုများ ပြုလုပ်ရန် မကြာခဏ အမိန့်ပေးညွှန်ကြားလေ့ရှိပြီး ထို့အတွက် ဆက်သွယ်ရေးအဆောက်အအုံ ထိခိုက်ပျက်စီးမှုကို အကြောင်းပြလေ့ရှိသည်။ ထိုသို့ဖြတ်တောက်မှုများအပေါ် အထူးသဖြင့် ချင်းပြည်နယ်ကဲ့သို့ ပဋိပက္ခအဖြစ်များသော နေရာများတွင် ပြုလုပ်လေ့ရှိပြီး ထိုနေရာများတွင် 2G အင်တာနက်သာ ရနိုင်သောကြောင့် ဆက်သွယ်ဆောင်ရွက် နိုင်စွမ်းအပေါ် ဆိုးရွားစွာကန့်သတ်မှုများ ဖြစ်စေခဲ့သည်။[၁၁၉]
- **ဖုန်းအင်တာနက်အသုံးပြုခ အဆမတန်မြင့်တက်လာခြင်း** - တစ်နိုင်ငံလုံးတွင် မိုဘိုင်းအင်တာနက် အသုံးပြုခများ ၆၀% ခန့် မြင့်တက်လာခဲ့ပြီး ပြည်သူများကို ငွေကြေးအရ ဝန်ထုတ်ဝန်ပိုး ပိုဖြစ်လာစေခဲ့ကာ အခြေခံဆက်သွယ်ရေး ဝန်ဆောင်မှု ရရှိနိုင်စွမ်းအပေါ် ကန့်သတ်မှုများ ဖြစ်စေခဲ့သည်။[၁၂၀]
- **အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း လက်ဝါးကြီးအုပ်ခြင်း** - လွတ်လပ်သော မိုဘိုင်းဆက်သွယ်ရေး ကုမ္ပဏီများသည် အင်တာနက်ဝန်ဆောင်မှုများ ဆက်မပေးတော့ပဲ ကြိုးသွယ်စနစ် (ကေဘယ်) ဖြင့်သာ အင်တာနက်များ အသုံးပြုနိုင်သည်။ ဤအပြောင်းအလဲသည် အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီများနှင့် စစ်တပ်ပိုင် Mytel[၁၂၁] တို့အတွက် စောင့်ကြည့်မှုများ ပြုလုပ်ရန် ပိုမိုလွယ်ကူစေခဲ့သည်။ စစ်တပ်က ဝင်ရောက်နှောက်ယှက်မှုများနှင့် ဝန်ဆောင်မှု အသုံးပြုသူများ၏ အချက်အလက်များအား အတင်းအကျပ်တောင်းဆိုမှုများ ပြုလုပ်လာသည့်အခါ ပုဂ္ဂလိကကုမ္ပဏီများ အနေဖြင့် ပြန်လည်ငြင်းဆန်ရန် အလွန်ခက်ခဲသည်။
- **လူမှုကွန်ရက်ပေါ်တွင် ထင်ပေါ်သူများကို ပစ်မှတ်ထားခြင်း** - စစ်ကောင်စီသည် ပြည်သူများကြား အကြောက်တရား သွတ်သွင်းရန်နှင့် အတိုက်အခံများကို ဟန့်တားမှုပြုရန် လူမှုကွန်ရက်ပေါ်တွင် ထင်ပေါ်သူများကို ပစ်မှတ်ထားခဲ့သည်။ ဤနည်းစနစ်သည် စစ်အုပ်စုအပေါ် အများပြည်သူက ဆန့်ကျင်လာအောင် စည်းရုံးနိုင်သော အသံများကို နှိပ်ကွပ်ရန်ရည်ရွယ်သည်။[၁၂၂]

စစ်ကောင်စီသည် ၎င်း၏ စစ်သားများက ပြင်ပကမ္ဘာနှင့် ဆက်သွယ်မှုပြုလုပ်ခြင်းကို အပြည့်အဝ ထိန်းချုပ်နိုင်ရန် အပါအဝင် ခုခံတွန်းလှန်မှုများကို နှိပ်ကွပ်ကာ အာဏာဆက်လက်ဆုတ်ကိုင်ထားနိုင်ရန် ဘက်ပေါင်းစုံမှ ကြိုးစားနေကြောင်း ဒီဂျစ်တယ်ကွန်ရက်များကို ထိန်းချုပ်သည့် စစ်ကောင်စီ၏ဗျူဟာကို ကြည့်လျှင် သိနိုင်သည်။ ဤအစီအမံများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နှင့် သတင်းရယူခွင့်အပေါ်သာမက မြန်မာနိုင်ငံအတွင်းရှိ ယေဘုယျ ဒီဂျစ်တယ်အခင်းအကျင်း တစ်ခုလုံးအပေါ် ကြီးမားသော သက်ရောက်မှုများ ဖြစ်စေသည်။ ၎င်းတို့သည် စစ်တပ်အတွင်း စိတ်ဓာတ်ပိုင်းဆိုင်ရာ ယိုယွင်းမှုများ ဖြစ်အောင်လည်း တစ်စိတ်တစ်ပိုင်းတွန်းပို့မှု ဖြစ်စေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများ အနေဖြင့် ဤဖြစ်ပေါ်ပြောင်းလဲမှုများကို မဖြစ်မနေ ဆက်လက်စောင့်ကြည့်ရန်လိုအပ်ပြီး မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေး လွတ်လပ်ခွင့် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် စည်းရုံးတိုက်တွန်းမှုများ ပြုလုပ်ပေးရန် လိုအပ်သည်။

## ကြိုတင်အကွက်ချထားသော
# ရွေးကောက်ပွဲ

ရွေးကောက်ပွဲတစ်ခု ကျင်းပသွားရန်ရှိကြောင်း စစ်အုပ်စု၏ ဖန်တီးပြောဆိုမှုများသည် တော်လှန်ရေး အခြေယိုင်၍ အရှိန်ကျစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်သူများက သတိပေးခဲ့သည်။

- လူငယ်များထံမှ ထောက်ခံမှုအနည်းဆုံးသာ ရလိမ့်မည်ဟု ရှုမြင်ထားသောကြောင့်[၁၂၃] စစ်ကောင်စီသည် မဲစာရင်းမှတစ်ဆင့် လူငယ်များကို ပစ်မှတ်ထားဖမ်းဆီးမှုများ ပြုလုပ်သော မဟာဗျူဟာကို အသုံးပြုနိုင်ကြောင်း သမိုင်းအတွေ့အကြုံများက ဖော်ပြနေသည်။
- စစ်အုပ်စုသည် လူငယ်မဲပေးသူများကို ဖမ်းဆီးထိန်းသိမ်းပြီး တပ်သားသစ်အဖြစ် စုဆောင်းကာ အတိုက်အခံပါတီများကို ပိတ်ပင်ခြင်းဖြင့်[၁၂၄] ကြိုတင်အကွက်ချထားသော ရွေးကောက်ပွဲအသစ်[၁၂၅] တစ်ခုမှတစ်ဆင့် နိုင်ငံရေးတွင် ဆက်လက်ကြီးစိုးနိုင်အောင် ဆောင်ရွက်ရန်ရည်ရွယ်သည်။

ဤသို့သော နည်းစနစ်ကို ကြည့်ခြင်းအားဖြင့် လက်ရှိအခြေအနေအတွင်း ကျင်းပသော ရွေးကောက်ပွဲများသည် တရားဝင်မှု နှင့် ဒီမိုကရေစီနည်းလမ်းကျမှု လုံးဝမရှိနိုင်ဟု စကားဝိုင်းဆွေးနွေးသူများက ထောက်ပြကြသည်။ အောက်ပါအကြောင်းများကြောင့် ထိုသို့သော ရွေးကောက်ပွဲများကို ဆန့်ကျင်ကြရန်လည်း ၎င်းတို့က စည်းရုံးတိုက်တွန်းထားကြသည်။

- ထိုရွေးကောက်ပွဲများတွင် ပူးပေါင်းပါဝင်ခြင်းသည် စစ်ကောင်စီ၏ ရာဇဝတ်မှုများတွင် ကြံရာပါအဖြစ် ပါဝင်သည့် သဘောသက်ရောက်သည်။[၁၂၆]

- ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ခံသမ္မတကသာ ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခွင့်ရှိသည်။ သက်သေမခိုင်လုံပဲ ယခင်ရွေးကောက်ပွဲတွင် မသမာမှုများရှိခဲ့သည်ဟုစွတ်စွဲကာ[၁၂၇] အာဏာသိမ်းယူခဲ့သည့် တရားမဝင်စစ်အုပ်စုက ဖွဲ့စည်းခွင့်မရှိပါ။ အလားတူ ရွေးကောက်ခံသမ္မတကသာ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာရန် လုပ်ပိုင်ခွင့်အာဏာရှိသည်။[၁၂၈]

## "ထုတ်သုံးစရာ ဘုရင်မပဲရှိတော့တယ်"

ဒေါ်အောင်ဆန်းစုကြည် အမည်ခံအဖြစ် ပါဝင်နိုင်ခြေများသည့် အနာဂတ်တွင်ပြုလုပ်မည့် ဟန်ပြရွေးကောက်ပွဲကို ၎င်းအနေဖြင့် သိပ်ပြီးအရေးမစိုက်ကြောင်း ၎င်း၏သဘောထားကို တပ်သားဟောင်းတစ်ဦးက အောက်ပါအတိုင်း ရှင်းပြသည်။

> "ကျွန်တော်တို့ ပြောနေကျစကားတစ်ခုရှိတယ်၊ တပ်သားတွေ၊ ဘုန်းကြီးတွေမရှိတော့ဘူး၊ ထုတ်သုံးစရာ ဘုရင်မပဲ ကျန်တော့တယ်။ သူတို့မှာ ပွန်း (နယ်) နဲ့တူတဲ့ စစ်သားတွေကိုလည်း သုံးပြီးသွားပြီ။ ရထားတို့ ဘစ်ရှော့တို့နဲ့တူတဲ့ ဘုန်းကြီးတွေကိုလည်း သုံးပြီးသွားပြီ။ ခုသူတို့ ဒေါ်အောင်ဆန်းစုကြည်ကို သုံးရမယ်။ သူ့ကိုလွှတ်ပေးပြီး ပြည်သူတွေကို သိမ်းသွင်းနိုင်မလား ကြိုးစားကြည့်ရမယ်။ ဒါပေမယ့် ကျွန်တော်တို့က ဒေါ်အောင်ဆန်းစုကြည် တစ်ယောက်ထဲအတွက် CDM ဝင်ခဲ့တာမဟုတ်ဘူး။ မင်းအောင်လှိုင်ရဲ့ အုပ်ချုပ်မှုကို လက်မခံလို့ ဝင်ခဲ့တာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည် ဖဲချက်ကို ထုတ်သုံးတာဟာ သူတို့ဘက်က နောက်ဆုံးကြံရာမရဖြစ်နေပြီဆိုတဲ့ လက္ခဏာတစ်ခုဖြစ်တယ်။"[၁၂၉]

တော်လှန်ရေးခေါင်းဆောင်ပိုင်းများအနေဖြင့် ပြည်သူများနှင့် ထိတွေ့ဆံရာတွင် ဖက်ဒရယ်ပြုပြင်ပြောင်းလဲရေး မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရေးနှင့် နှင့် တရားမဝင် ၂၀၀၈ အခြေခံဥပဒေ[၁၃၀] အောက်တွင် စစ်ကောင်စီ၏ သတ်မှတ်ချက်များအတိုင်း ကျင်းပသော ရွေးကောက်ပွဲကို လက်မခံရေးအပေါ်အခြေခံပြီး ဦးစားပေး ဆောင်ရွက်သင့်ကြောင်း ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးသူများ၏ ထွက်ဆိုချက်များက ညွှန်ပြနေသည်။ ၂၀၂၀ ခုနှစ်တွင် ရွေးကောက်ခံခဲ့ရသော ခေါင်းဆောင်များသည် CRPH တွင် တာဝန်ထမ်းဆောင်နေကြပြီး ၎င်းတို့အား ထောက်ခံမဲပေးခဲ့သည့် ပြည်သူများနှင့် ထိတွေ့ဆက်ဆံမှုများ ဆက်ရှိနေသည်။ NUG အနေဖြင့်လည်း ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ရေးဆွဲပြီး အမျိုးသားညီလာခံ အသစ်ကိုလည်း[၁၃၁] ဖွဲ့စည်းထားပြီးဖြစ်သည်။

# နိဂုံး

စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် အများစုမဟုတ်သည့်တိုင် အတော်များများက ဘက်ပြောင်းရန်စဉ်းစားနေကြကြောင်း အထက်တွင်ဖော်ပြထားသည့် စနစ်တကျကျူးလွန်သော ချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများအကြောင်း သက်သေပြုထွက်ဆိုချက်များက ညွှန်ပြနေသည်။ ထို့ပြင် ဘက်ပြောင်းမှုသည် အထူးသဖြင့်လက်ရှိအခြေအနေများနှင့် ကိုက်ညီမှုရှိသောကြောင့် ဤအချက်ကို စစ်ရေးနှင့်နိုင်ငံရေး မဟာဗျူဟာတစ်ခုအဖြစ် အရှိန်မြင့်တင်အကောင်အထည်ဖော်ရန် ဒီမိုကရေစီအရေးလှုပ်ရှားသူများဘက်မှ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများလည်းရှိနေကြောင်း ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးသူများ၏ ပြောဆိုချက်များက ညွှန်ပြနေသည်။

ယေဘုယျဆိုရလျှင် မြန်မာစစ်တပ်အတွင်း ဘက်ပြောင်းမှုများသည် ယခုအချိန်မှ ဖြစ်လာခြင်း မဟုတ်ပေ။ ၁၉၆၂ ခုနှစ် ဦးနေဝင်းလက်ထက် စစ်အုပ်ချုပ်ရေး ကာလကတည်းကပင် စစ်မှုထမ်းများသည် လူထုထောက်ခံမှု အားကောင်းသော လှုပ်ရှားမှုများနှင့် ပူးပေါင်းခဲ့ကြသည်။ ၁၉၈၈ ခုနှစ် နှင့် ၂၀၀၇ ခုနှစ် လူထုအုံကြွမှုများသည်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ အများအပြား ဘက်ပြောင်းလာအောင် စေ့ဆော်ပေးခဲ့သည်။[၁၃၂] လူသိများသော သာဓကတစ်ခုမှာ ကာကွယ်ရေး ဦးစီးချုပ်တစ်ဦး ဖြစ်ခဲ့ဖူးသည့် NLD ပါတီတည်ထောင်သူ ဝါရင့်ခေါင်းဆောင် ဦးတင်ဦးဖြစ်သည်။[၁၃၃]

သို့သော် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနှင့်အတူ နောက်ဆက်တွဲ သုံးနှစ်ကြာ တော်လှန်ရေးတွင် ယခင် ခုခံတွန်းလှန်ရေး လှုပ်ရှားမှုများထက်စာလျှင် ဘက်ပြောင်းမှုများ၊ တပ်တွင်းစွန့်ခွာမှုများ၊ လက်နက်ချမှုများ ပိုရှိလာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။[၁၃၄] ဥပမာအားဖြင့် ၁၉၈၈ ခုနှစ် လူထုအုံကြွမှုတွင် ဘက်ပြောင်းမှုများသည် ရာဂဏန်းသာရှိခဲ့ပြီး ထောင်ချီ မရှိခဲ့ပေ။ ဘက်ပြောင်းခဲ့သူအများစုမှာလည်း လေတပ်နှင့် ရေတပ်မှ ရာထူးနိမ့်ပိုင်း တပ်သားများသာဖြစ်ပြီး အင်အားပိုကြီးပြီး နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုပိုများသည့် ကြည်းတပ်မှ စစ်သည်များ မဟုတ်ကြပေ။[၁၃၅] ထို့ပြင် ၁၉၈၈ ခုနှစ်တွင် စစ်တပ်သည် ဗမာဆန္ဒပြပွဲများဖြိုခွင်းရန် ဗမာမဟုတ်သော တပ်ဖွဲ့များကို အသုံးပြုခဲ့သည်။[၁၃၆] သို့သော် လက်ရှိအချိန်တွင် ဗမာမဟုတ်သူများကို တပ်သားသစ်အဖြစ်ခေါ်ယူမှုများ မရှိတော့သလောက် နည်းပါးလာသည့်အပြင်[၁၃၇] စစ်တပ်ထဲတွင် ကျန်ရှိနေသည့် ဗမာအများစုပါဝင်သော တပ်ဖွဲ့များကလည်း ဗမာအချင်းချင်း ပြန်လည်သတ်ဖြတ်ရန် ပို၍ဝန်လေးလာကြသည်။[၁၃၈]

လက်ရှိပုံစံအတိုင်း ဆက်သွားပါက စစ်အုပ်စု၏ လုံခြုံရေးတပ်ဖွဲ့များမှ ဘက်ပြောင်းမှုများ၊ တပ်တွင်းစွန့်ခွာမှုများနှင့် လက်နက်ချမှုများသည် လာမည့်နှစ်အတွင်းတွင် အရေအတွက်အားဖြင့် ၂၀,၀၀၀ ကျော်လာလိမ့်မည်ဟု ခန့်မှန်းရသည်။ သို့သော် မနိုင်သည့် တိုက်ပွဲများထဲသို့ အကြိမ်ကြိမ် အပို့ခံရခြင်းကြောင့် ဘက်ပြောင်းမှုများ ပိုမိုအရှိန်ကောင်းလာနိုင်ခြေများသည်။ ထိုသို့ ဘက်ပြောင်းလာသူများသည် မတူညီသော နောက်ခံသမိုင်း အမျိုးမျိုးရှိကြသောကြောင့် စစ်အုပ်စု၏ အတွင်းပိုင်းတွင် မည်သို့လည်ပတ်လျက်ရှိကြောင်း အလွန်အရေးပါသည့် အချက်အလက်များ ယူဆောင်လာပေးနိုင်သည်။ ဤအချက်အလက်များသည် NUG ၊ NUCC နှင့် ERO များ ကဲ့သို့ ဒီမိုကရေစီဘက်တော်သား နိုင်ငံရေးအစုအဖွဲ့များ၊ နိုင်ငံတကာ အလှူရှင်များနှင့် လေ့လာသုံးသပ်သူများအတွက် အလွန်တရာမှ တန်ဖိုးရှိလှသည်။

အပိုင်း - ၂

# တော်လှန်ရေး၏ သရုပ်သကန်



# တော်လှန်ရေး၏ သရုပ်သကန်

ဤအခန်းတွင် ပြည်သူ့ပန်းတိုင်သို့ ဘက်ပြောင်းလာသူများနှင့် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားမှုတွင် နောက်ခံနယ်ပယ်အသီးသီးမှ ပါဝင်ဆွေးနွေးသူများအကြား ဆွေးနွေးချက်များကို ပေါင်းစပ် သုံးသပ်တင်ပြထားသည်။ အဆိုပါဆွေးနွေးပွဲများသည် အများအားဖြင့် သတင်းအချက်အလက်မျှဝေခြင်းနှင့် ခေါင်းချင်းဆိုင် ဆွေးနွေးအဖြေရှာခြင်း ပြုလုပ်သည့်သဘောပိုဆန်ပြီး စာတမ်း သတ်မှတ်အတိုင်းအတာထက်ပိုသော အချက်အလက်များလည်းပါဝင်သောကြောင့် ဤအစီရင်ခံစာထဲတွင် ဘက်ပြောင်းခြင်းနှင့် သီးသန့်သက်ဆိုင်သည့် ကိစ္စရပ်များကိုသာ သုံးသပ်တင်ပြထားသည်။

ဒီမိုကရေစီကို ဆန့်ကျင်သော စစ်တပ်တွင် တစ်ချိန်ကပါဝင်ခဲ့ဖူးသည့် ဘက်ပြောင်းလာသူများသည် မြေပြင်အဆင့်တွင်ပင် နိုင်ငံရေးအဖွဲ့အစည်းနှင့် ထိတွေ့မှုနည်းပါးသူများဖြစ်ပြီး NUCC နှင့် NUCC ကဲ့သို့ ဩဇာရှိသော အဖွဲ့အစည်းများနှင့် ထိတွေ့နိုင်ရန်မှာ ၎င်းတို့အတွက် ပို၍ပင်အလှမ်းဝေးသောကိစ္စတစ်ခုကြောင့် ဤဆွေးနွေးမှုများသည် အလွန်တန်ဖိုးရှိသည်။ ဤဆွေးနွေးပွဲများသည် ဒီမိုကရေစီ၊ ဖက်ဒရယ်နှင့် လူ့အခွင့်အရေးအပေါ် အခြေခံသော မြန်မာနိုင်ငံကို ထူထောင်ရန်အတွက် ကြိုးပမ်းနေကြသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အခြားသော တော်လှန်ရေးအဖွဲ့များ ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ထင်ဟပ်ဖော်ပြနေသည်။

ဒီမိုကရေစီအရေး လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်လာသည့် တဖြေးဖြေး ပိုများလာနေသော လုံခြုံရေးတပ်ဖွဲ့ဝင်ဟောင်းများကို ဖယ်ကြဉ်မည့်အစား ၎င်းတို့ကို တော်လှန်ရေးနှင့်ပေါင်းစည်းစေကာ တော်လှန်ရေး၏ လက်နက်ကိုင်လှုပ်ရှားမှုကို အားဖြည့်ရာတွင်၎င်း၊ အာဏာရှင်စနစ်ကို အတွင်းစည်းမှ မတည်မငြိမ်ဖြစ်အောင် ပြုလုပ်ရာတွင်၎င်း၊ စစ်အုပ်စု အလွန်ကာလ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မူဝါဒများကို ချမှတ်ရာတွင်၎င်း ပါဝင်ဆောင်ရွက်စေပါက တော်လှန်ရေးအတွက် အကျိုးရှိနိုင်သည်။

## "NUG ဘက်က အားနည်းနေတယ်"

ဤကိစ္စနှင့် ပတ်သက်၍ ခေါင်းဆောင်မှုပိုင်းက ဆောင်ရွက်မှုများ အားနည်းနေသေးသည်ကို တွေ့ရကြောင်း ထင်ရှားသော ဘက်ပြောင်းလာသူတစ်ဦးက ညည်းတွားခဲ့သည်။

> "ဘက်ပြောင်းရေးလှုပ်ရှားမှု ထိရောက်မှုအားနည်းနေရတဲ့ အဓိကအကြောင်းရင်း တစ်ခုက ထွက်ပြေးလာသူတွေရဲ့ အရေးပါမှုနဲ့ ဒီလူတွေကို ဘာကြောင့်ပံ့ပိုးကူညီသင့်တယ် ဆိုတဲ့အချက်ကို တော်လှန်ရေးဘက်က သိမြင်နားလည်မှုနည်းနေခြင်း ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစုတော်လှန်ရေးအဖွဲ့တွေက ဒီကိစ္စကို ကောင်းကောင်းလုပ်နိုင်ပေမယ့် NUG ဘက်ကတော့ အားနည်းနေတယ်။"[၁၃၉]

# ဘက်ပြောင်းလာသူများ၏ မတူညီသောဇတ်ကြောင်းများ

ပထမဦးစွာနားလည်ထားရမည့်အချက်မှာ ဘက်ပြောင်းလာသူများလုံးက တစ်ပုံစံတည်း မဟုတ်ကြပါ။ ပြည်သူ့ပန်းတိုင်ဆွေးနွေးပွဲများတွင် ပါဝင်သော ဘက်ပြောင်းသူများကိုလေ့လာကြည့်လျှင်ပင် အချို့က တစ်ဦးတည်းဘက်ပြောင်းလာပြီး အချို့မှာမိသားစုနှင့်အတူ ဘက်ပြောင်းစွန့်ခွာလာကြသူများဖြစ်သည်။ အချို့က ခံယူချက်ကြောင့် ဘက်ပြောင်းလာကြပြီး အချို့မှာမူ အကြမ်းဖက်မှုများကြားတွင် ပင်ပန်းနွမ်းနယ်လာသောကြောင့် သို့မဟုတ် လူအများ၏ စက်ဆုပ်အထင်အမြင်သေးခြင်း မခံလိုတော့သည့်အတွက်ကြောင့် ဘက်ပြောင်းလာကြခြင်းဖြစ်သည်။[၄၀]

၂၀၂၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည် ပြည်သူ့ပန်းတိုင်၏ ဘက်ပြောင်းမှုနှင့် နိုင်ငံရေးအန်တုလှုပ်ရှားမှုအကြောင်း ဆွေးနွေးပွဲတစ်ခုတွင် သုတေသနအဖွဲ့တစ်ခုက စစ်သား ၇၃ % ဘက်ပြောင်းလိုကြသည်ဟု ခန့်မှန်းခဲ့ပြီး ထိုသို့ဖြစ်ရခြင်းမှာ အောက်ပါ အဓိကစေ့ဆော်မှုလေးခုကြောင့် အဓိကဖြစ်သည်ဟုလည်း တင်ပြခဲ့ကြသည်။

(၁) CDM ဝင်ထားပြီးဖြစ်သည့် လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းခြင်းဖြင့် ရည်ရွယ်ချက်များ ပြည့်ဝလာရန်နှင့် အသိုင်းအဝိုင်းတစ်ခု ရရှိလာရန် ဆန္ဒရှိခြင်း။

(၂) စစ်တပ်၏လုပ်ရပ်များအပေါ် ရက်ရွံ့လာခြင်းနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ ခံယူချက်။

(၃) မိသားစုဝင်များ၊ အိမ်ထောင်ဖက်နှင့် မိတ်ဆွေများ၏ ဖိအားများ။

(၄) စစ်တပ်အတွင်း ခေါင်းပုံဖြတ်မှုများ၊ မမျှတမှုများနှင့် မတရားမှုများကို စိတ်ကုန်လာခြင်း။

ပထမစေ့ဆော်ချက် နှစ်ချက်သည် ဘက်ပြောင်းမှု ပထမလှိုင်းအတွင်းတွင် ပိုမိုသိသာသည်။ ဒုတိယနှစ်ချက်မှာမူ နောက်ပိုင်း ဘက်ပြောင်းလာသူများကြားတွင် ပိုတွေ့ရသည်။[၄၁]

## "လူကောင်းတစ်ယောက်က စစ်တပ်ထဲမှာ ဘယ်လိုမှမနေနိုင်ဘူး"

ပြည်သူ့ပန်းတိုင်သို့ ဘက်ပြောင်းလာသူတစ်ဦးက စစ်တပ်အတွင်းရှိ ကိုယ်ကျင့်တရားပျက်ပြားမှုများနှင့် ဘာသာတရားကို အသုံးချမှုများက ဘက်ပြောင်းရန်စေ့ဆော်မှုဖြစ်စေသည့် အကြောင်းတရားများဖြစ်ကြောင်း အောက်ပါအတိုင်း ရှင်းပြသည်။

> "ခုအချိန်ဟာ အာဏာရှင်စနစ်ကို အမြစ်ဖြတ်ချေမှုန်းပစ်ရမယ့်အချိန် ဖြစ်ပါတယ်။ ရန်သူက အားနည်းနေတယ်ဆိုတာ သတင်းအချက်အလက်တွေက ဖော်ပြနေတယ်။ လူကောင်းတစ်ယောက်က ဒီစစ်တပ်ထဲမှာ ဘယ်လိုမှ မနေနိုင်ဘူးဆိုတာ စစ်သားတွေကို ပြန်စဉ်းစားကြည့်စေချင်ပါတယ်။ ပြည်သူကိုသာ ကာကွယ်ပေးကြပါ၊ စစ်တပ်လုပ်နေတာတွေဟာ နည်းလမ်းမမှန်ဘူးဆိုတာကို မြင်အောင်ကြည့်ကြပါ။ စစ်တပ်ထဲကအများစုက ဗုဒ္ဓဘာသာတွေပါလို့ ပြောကြပေမယ့် နှစ် ၇၀ ကြာ စစ်အာဏာရှင်စနစ်ဟာ ဗုဒ္ဓဘာသာအတွက်ရှက်စရာပါ။ လူတွေဟာ ဆေးရုံအပြင်ဘက်မှာ ကုကယ်ရာမဲ့ သေဆုံးနေရပါတယ်။"[၄၂]

## "ကျွန်မရှက်မိတယ်"

တပ်ကြပ်ကြီးဟောင်းတစ်ဦးဖြစ်သည့် ဘက်ပြောင်းလာသူအမျိုးသမီးကလည်း စစ်တပ်အပေါ် သူမ၏ သဘောထား ပြောင်းလဲလာရပုံကို ဤသို့ ပြန်လည်ပြောပြသည်။

> "ကျွန်မက တပ်ထဲမှာနေပြီး တက္ကသိုလ်တက်တယ်။ ဘွဲ့ရပြီးရင် နောက်ထပ်ဘာသာစကားတစ်ခု ထပ်သင်ပြီး နိုင်ငံခြားသံရုံးမှာ တွဲဖက်အရာရှိတစ်ယောက်ဖြစ်လာနိုင်မယ်လို့ တွေးခဲ့တယ်။ စစ်တပ်နဲ့ပတ်သတ်ပြီး မကြိုက်တဲ့အရာတွေ ရှိပေမယ့် ကျွန်မရည်မှန်းချက်တွေ ပြည့်ဝအောင်တော့ အထောက်အကူဖြစ်လိမ့်မယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမယ့် အာဏာသိမ်းပြီး နောက်ပိုင်းမှာတော့ ကျွန်မစစ်တပ်ထဲမှာ ဆက်မနေနိုင်တော့ဘူးဆိုတာ နားလည်လိုက်တယ်။ ၁၉၈၈ နဲ့ အတိတ်က တော်လှန်ရေးတွေအကြောင်း စတင်လေ့လာခဲ့ပြီး စစ်တပ်က သူတို့ရဲ့အာဏာကို လက်လွှတ်မှာ မဟုတ်မှန်း ယုံကြည်ခဲ့တယ်။ စစ်တပ်ထဲရောက်နေခဲ့တာကို ရှက်ခဲ့မိပေမယ့်၊ တော်လှန်ရေးမှာ ပါဝင်လာတဲ့အခါမှာတော့ အပြစ်ရှိတယ်လို့ မခံစားရတော့ပါဘူး။"[၁၄၃]

## "ဘာသိက္ခာမှ မရှိတော့ဘူး"

နောက်ထပ် တပ်ကြပ်ကြီးဟောင်း တစ်ဦးကလည်း ၎င်းအနေဖြင့် အလားတူ အမြင်မှန်ရလာပုံကို ဤသို့ ပြန်လည်ရှင်းပြခဲ့သည်။

> "၁၉၄၈ မှာစစ်တပ်ကို စတင်ဖွဲ့စည်းစဉ်က ဗိုလ်ချုပ်အောင်ဆန်းက အားလုံးတန်းတူ ပါဝင်နိုင်ဖို့ တည်ထောင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မကြုံတွေ့ခဲ့ရတဲ့ စစ်တပ်ကတော့ အနိုင်ကျင့်ဖိနှိပ်မှုနဲ့ ပြည့်နေတဲ့ မိန်းမမုန်းတီးရေး ဖက်ဆစ်စစ်တပ်ဖြစ်ပြီး ဂုဏ်သိက္ခာနဲ့ ယဉ်ကျေးမှုလည်း မရှိတော့တဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်နေပါပြီ။ မင်းအောင်လှိုင် ဦးဆောင်မှုအောက်မှာ စစ်တပ်က ဘာသိက္ခာမှမရှိတော့ပါဘူး။ အာဏာမသိမ်းခင်ကဆိုရင် မြန်မာနိုင်ငံမှာ အဆင်ပြေပြီး တိုးတက်မှုတွေလည်း ရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ ဗိုလ်ချုပ်တွေရဲ့ ကိုယ်ကျိုးရှာမှုကြောင့် နိုင်ထက်စီးနင်းပြဿနာတွေနဲ့ ရှင်းမရတော့လောက်အောင် ရှုပ်ထွေးနေပါပြီ။ စစ်တပ်ထဲမှာ လူကောင်းတွေရှိပါတယ်၊ ဒါပေမယ့် အခုအချိန်မှာ တပ်ထဲမှာ နေတဲ့သူတွေမှန်သမျှ ဘယ်လိုမှ သိက္ခာမရှိနိုင်တော့ပါဘူး။ စစ်သားတွေက ရွာကအမျိုးသမီးတွေရဲ့ အဝတ်အစားတွေကို သူတို့မိသားစုတွေကိုပြန်ပေးဖို့ ခိုးယူကြတဲ့အထိ ဖြစ်လာကြပါပြီ။"[၁၄၄]

# ဘက်ပြောင်းရေး မဟာဗျူဟာ

ထင်ရှားသည့် သုတေသီတစ်ဦးက တော်လှန်ရေးအောင်မြင်ရန် အခြေခံကျသည့် အချက်သုံးချက်ရှိသည်ဟု ဆိုထားသည်။

(၁) လူထုထောက်ခံမှုရှိခြင်း

(၂) နိုင်ငံတကာ၏ ထောက်ခံအားပေးမှုရှိခြင်း

(၃) စစ်တပ်ကိုဖြိုချခြင်း[၁၄၅]

လုံခြုံရေးတပ်ဖွဲ့များ ဘက်ပြောင်းလာအောင် အားပေးခြင်းသည် တတိယအချက်ဖြစ်သည့် စစ်တပ်ကိုဖြိုချခြင်း ရည်ရွယ်ချက် အောင်မြင်မှုရစေရန် သိသိသာသာ အထောက်အကူဖြစ်စေနိုင်သည်။ ဤအစီရင်ခံစာ နိဒါန်းတွင် ဖော်ပြခဲ့သည့်အတိုင်း အရေအတွက်ကြီးများသော ဘက်ပြောင်းမှုများရှိသည့် တော်လှန်ရေးလှုပ်ရှားမှုများသည် အောင်မြင်နိုင်ချေ ၄၆ ဆ ပိုများကြောင်း[၁၄၆] နှင့်၊ ၁၉၈၈ ခုနှစ်အရေးအခင်း မအောင်မြင်ခဲ့ရသည့် အကြောင်းကို ခြေရာခံကြည့်ပါကလည်း ဘက်ပြောင်းမှု အများအပြားရှိလာအောင် အစမပျိုးပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း[၁၄၇] သုတေသနလေ့လာမှု အများအပြားတွင် ထောက်ပြထားသည်ကို တွေ့နိုင်သည်။ ဤတွေ့ရှိချက်များကို ကြည့်ခြင်းအားဖြင့် NUG နှင့် NUCC တို့သည် ဘက်ပြောင်းမှု အားပေးမြှင့်တင်ရေးနှင့် ဘက်ပြောင်းလာသူများကို နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပေါင်းစပ်ထည့်သွင်းရေးဆိုင်ရာ မူဝါဒများ ရေးဆွဲချမှတ်နိုင်ပါက ကြီးမားသော အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း တွေ့နိုင်သည်။

## ဘက်ပြောင်းမှုအတွက် အတားအဆီးများ

ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ခဲ့သော သုတေသီများသည် ဘက်ပြောင်းခြင်းအတွက် အဓိကအတားအဆီးဖြစ်စေသောအရာ (၄) ခုကိုလည်း ထုတ်ဖော်တင်ပြခဲ့သည်။

(၁) ဆက်သွယ်ဆောင်ရွက်မှုများအား ထောက်လှမ်းခြင်း

(၂) လူမှုစီးပွားအခက်အခဲ

(၃) မိသားစုလုံခြုံရေးအတွက်စိုးရိမ်မှု

(၄) မျိုးချစ်စိတ် (သတင်းအမှားများအပေါ်တွင် အခြေခံလေ့ရှိသည်)

ထို့ပြင် စစ်တပ်မှ ထွက်ခွာသွားပါက စုငွေ၊ အသိုင်းအဝိုင်း စသည့်တိုကို ဆုံးရှုံးနိုင်ခြင်း၊ တပ်ပြေးများအဖြစ် အပြစ်ပေးခံရနိုင်ခြင်း စသည့်စဉ်းစားချက်များကလည်း ဘက်ပြောင်းမှုအတွက် အတားအဆီးများဖြစ်စေသည်။ ပံ့ပိုးကူညီမှုများ ပိုမိုအားကောင်းလာလျှင် ဘက်ပြောင်းမည့် အလားအလာများ ပိုများလာလိမ့်မည်ဟု ၎င်းတို့အနေဖြင့် ယုံကြည်ကြကြောင်း ဘက်ပြောင်းလာသူများက ပြောသည်။ ၎င်းတို့ထဲမှ ၈၀% သည် လွတ်မြောက်နယ်မြေများတွင် အလုပ်လက်မဲ့ဖြစ်နေကြပြီး အများစုမှာ တော်လှန်ရေးတွင် တက်တက်ကြွကြွပါဝင်လိုသည်ဟု ဆိုကြသည်။[၁၄၈]

### "ပြည်သူများနှင့်ပူးပေါင်းရန် လမ်းစတစ်ခု"

ဤသုတေသနနှင့် ဆက်စပ်နေသော ထင်ရှားသည့် ပညာရှင်တစ်ဦးဖြစ်သည့် Helen Maria Kyed က မြန်မာနိုင်ငံ၏ လက်ရှိတော်လှန်ရေးအတွင်း ဘက်ပြောင်းခြင်း၏ နိုင်ငံရေးအရ သက်ရောက်ကြီးပုံကို အကြောင်းကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

> "တပ်တွင်းစွန့်ခွာမှုများသည် ဆယ်စုနှစ်များစွာ ရှိလာခဲ့သော်လည်း ကျွန်ုပ်တို့ယနေ့ တွေ့မြင်နေရသည့် စနစ်တကျ စုဖွဲ့ထားသော ဘက်ပြောင်းလာသူအုပ်စုများ ပေါ်ပေါက်လာသည့် အတိုင်းအတာအထိ ဖြစ်ပေါ်ခဲ့ခြင်းမရှိပေ။ ဤသို့သောအုပ်စုများသည် တော်လှန်ရေး လှုပ်ရှားမှုမှ ပေါ်ထွက်လာသော ရလဒ်တစ်ခုဖြစ်သည်။ တကယ်တမ်းတွင် တော်လှန်ရေးသည် မြန်မာနိုင်ငံ လူမှုအသိုင်းအဝိုင်းအတွင်းရှိ မတူညီသော တိုင်းရင်းသားလူမျိုးစုများ၊ ကိုးကွယ်ရာ ဘာသာများ၊ ပထဝီအနေအထားနှင့် လူမှုလူတန်းစားများအပေါ် အခြေခံသည့် သွေးကွဲမှုများကြောင့် စည်းလုံးမှုတည်ဆောက်နိုင်ရန် စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရသော်လည်း သမိုင်းကြောင်းအရ ကြီးမားကျယ်ပြန့်ပြီး မယုံနိုင်လောက်အောင် ခံနိုင်ရည်စွမ်းကောင်းသော လှုပ်ရှားမှုတစ်ခုဖြစ်ကြောင်း တွေ့နိုင်သည်။ ထုထည်ကြီးမားသည့်အပြင် အစိုးရဌာနအမျိုးမျိုး ပါဝင်ပြီး လူထုထောက်ခံမှုအားကောင်းသော လှုပ်ရှားမှုတစ်ခုဖြစ်သည့် CDM လှုပ်ရှားမှုသည် စစ်သားများအတွက် ကြီးမားသော ထွက်ပေါက်တစ်ခုဖြစ်ခဲ့ပြီး ၎င်းတို့အနေဖြင့် ပြည်သူနှင့်ပူးပေါင်း၍ ကိုယ်ကျင့်သိက္ခာ ပြန်လည်အဖတ်ဆယ်နိုင်သည့် လမ်းစတစ်ခု ဖြစ်လာခဲ့သည်။"[၁၄၉]

## ပူးပေါင်းပါဝင်မှု တိုးချဲ့ခြင်း

### "တက်နိုင်သလောက် လူများများပါလာအောင်လုပ်ပါ"

ဒီမိုကရေစီအရေးလှုပ်ရှားမှုကို လက်နက်ကိုင်လမ်းစဉ်တစ်ခုတည်းမဟုတ်ပဲ အခြားနည်းလမ်း အမျိုးမျိုး ဖြင့်လည်း ပူးပေါင်းပါဝင်နိုင်အောင် လမ်းဖွင့်ပေးထားရန် လိုအပ်ကြောင်း ဗိုလ်ကြီးဟောင်းတစ်ဦးက အလေးပေးပြောကြားခဲ့သည်။

> "NUG အနေနဲ့ PDFs ထဲဝင်ဖို့ ပြောတာမျိုးထက်ပိုတဲ့ ဆောင်ရွက်ချက်တွေ ရှိသင့်တယ်။ အဲ့လောက်ကြီး မရိုးရှင်းဘူးလေ။ အချို့လူတွေက လက်နက်ကိုင်လမ်းစဉ်မှာ မပါချင်ကြဘူး။ ဒါပေမယ့် သူတို့အနေနဲ့ လူတွေပါဝင်နိုင်မယ့် ကဏ္ဍအမျိုးမျိုး ဖန်တီးပေးလို့ရပါတယ်။ အချို့က စာသင်ချင်ကြတာရှိမယ်၊ အချို့ကျတော့လည်း ဆေးမှူးတွေအနေနဲ့ ကူပေးနိုင်တာမျိုးရှိမယ်။ တက်နိုင်သလောက် လူများများပါလာဖို့ တစ်နိုင်ငံလုံးအတိုင်းအတာ ကွန်ရက်တစ်ခု ရှိထားဖို့ လိုအပ်တယ်။"

အခြားသော ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးသူများကလည်း သုတေသီများထောက်ပြခဲ့သည့်အတိုင်း[၁၅၀] လူ့အရေးအတွက် တက်နိုင်သမျှအများဆုံးလက်ခံနိုင်အောင် တစ်နိုင်ငံလုံးအတိုင်းအတာ ကွန်ရက်တစ်ခု ရှိထားရန်လိုအပ်ကြောင်း အလေးထားထောက်ပြခဲ့ကြသည်။[၁၅၁]

## "သူတို့ လုံးဝပြိုကွဲနေပြီ"

ဘက်ပြောင်းလာနိုင်ခြေရှိသူများအား လက်ကမ်းချိတ်ဆက်ရေးကိစ္စကို ပေါ့ပေါ့တန်တန် သဘောမထားသင့်ကြောင်းနှင့် စိတ်ကူးယဉ်ဆန်ဆန်လုပ်၍မရကြောင်း၊ အရပ်ဘက်လူနေမှုဘဝနှင့် ပတ်သတ်၍ အသိအမြင်နည်းသည့် စစ်သည်များအတွက် ပြန်လည်ထူထောင်ရေးသည် ခက်ခဲသောအလုပ်ဖြစ်ပြီး အဖွဲ့အစည်းများအနေဖြင့် တာဝန်ယူပေးရန်လိုအပ်ကြောင်း ဘက်ပြောင်းလာသူတစ်ဦးက အောက်ပါအတိုင်း အလေးထား ထောက်ပြခဲ့သည်။

"သူတို့ထဲက တော်တော်များများက လက်တလောလိုအပ်ချက်တွေထက် ပိုပြီးမတွေးနိုင်ကြဘူး။ သူတို့အနေနဲ့ စိတ်ပိုင်းဆိုင်ရာလည်း လုံးဝပြိုလဲနေကြပြီ။ ကျွန်နေ့်အနေနဲ့ဆိုရင် ပညာနည်းနည်း ပိုတတ်ထားလို့ ကံကောင်းသွားတာ။ ပြီးတော့ ကိုယ့်ဘာသာရပ်တည်နိုင်လိမ့်မယ်လို့ ထင်ခဲ့ပေမယ့်လည်း လူအနည်းစုလောက်ပဲ ဒီလိုရပ်တည်နိုင်တဲ့ အခွင့်အလမ်းရှိတယ်။ ဒါကြောင့် ဒီလူတွေက ဘက်ပြောင်းဖို့ကိစ္စကို စပြီးစဉ်းစားနိုင်အောင် သူတို့ကို ကူညီပံ့ပိုးမှုတွေနဲ့ အာမခံချက်တွေ အများကြီးပေးဖို့ လိုအပ်တယ်။ သူတို့က ဘက်ပြောင်းဖို့ စိတ်မဝင်စားတာ မဟုတ်ဘူး၊ ဘက်ပြောင်းဖို့ကိစ္စကို တွေးကိုမတွေးတက်ကြတာပါ။"[၁၅၂]

## "သူတို့အားလုံးက ဆိုးဆိုးဝါးဝါးဖြစ်နေတာတော့မဟုတ်ဘူး"

တော်လှန်ရေးမူဝါဒများသည် စစ်တပ်ထဲတွင် ကျန်ရှိနေသေးသော မဟာမိတ်ဖြစ်ရန် အလားအလာရှိသူများ၏ တန်ဖိုးကို လျစ်လျူမရှုသင့်ကြောင်း အခြားတပ်ကြပ်ကြီးတစ်ဦးက အခိုင်အမာ ယူဆထားသည်။

"ဆိုးတဲ့စစ်သားတွေရှိပေမယ့် အားလုံးက ဆိုးဆိုးဝါးဝါး ဖြစ်နေတာတော့ မဟုတ်ပါဘူး။ 'စစ်ခွေး' ဆိုတဲ့ အသုံးအနှုန်းတွေ ကျွန်တော်တို့အတွက် အကျိုးထူးမှာမဟုတ်ပါဘူး။ အပြင်မှာ အသက်မွေးဝမ်းကြောင်းအတွက် လုပ်စားလို့မရနိုင်လောက်အောင် သူတို့ဘဝတွေကို စစ်တပ်ထဲမှာပဲ အများကြီး မြုပ်နှံထားတာကြောင့် ဒီထဲကနေ ထွက်မသွားကြတဲ့ 'ဖရဲသီး' တွေလည်း အများကြီးရှိပါတယ်။ သူတို့က ကျွန်တော်တို့ကို အဖိုးတန်သတင်းအချက်အလက်တွေ ပေးခဲ့ကြပါတယ်။ သူတို့ထဲမှာ တော်လှန်ရေးကို ကူညီဖို့ကြိုးစားရင်း အသတ်ခံခဲ့ရသူတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် သူတို့အကြောင်းကို လူတွေထုတ်ပြောကြတာ တစ်ခါမှမကြားရပါဘူး။ သူတို့ကိုလည်း အသိအမှတ်ပြု ချီးကျူးသင့်ပါတယ်။"[၁၅၄]

## "ဘက်ပြောင်းသစ္စာခံမှုတွေက ရှုပ်ထွေးပြီး အရောင်အသွေးစုံလင်ပါတယ်"

လက်ရှိပဋိပက္ခအတွင်း သစ္စာစောင့်သိမှု၏ သိမ်မွေ့ပုံကို သုတေသီတစ်ဦးကလည်း အလားတူ မီးမောင်းထိုးထောက်ပြခဲ့ပါတယ်။

"တရားသေ သတ်မှတ်ထားကြတဲ့ 'ဘက်ပြောင်းမှု' ပုံစံမျိုးကိုပဲ အလွန်အကျွံ အသားမပေးသင့်ပါဘူး။ 'ဖရဲသီး' တွေရဲ့ ဖီဆန်မှု၊ နှောက်ယှက်ဖျက်ဆီးမှုနဲ့ သတင်းပေးမှုတွေကလည်း အလွန်တန်ဖိုးရှိပါတယ်။ ဘက်ပြောင်းသစ္စာခံမှုတွေက မမြင်သာတဲ့ သိမ်မွေ့တဲ့ပုံစံမျိုးကနေ ပေါ်ပေါ်ထင်ထင် တော်လှန်အံတုကြတဲ့ ပုံစံမျိုးအထိ အမျိုးမျိုး ရှိကြပါတယ်။ ဘက်ပြောင်းမှုတွေဟာ သီးခြားတစ်မျိုးထဲ ရှိနေတဲ့ ဖြစ်ရပ်တွေမဟုတ်ပါဘူး။ ရှုပ်ထွေးပြီး အရောင်အသွေးစုံလင်ပါတယ်။"[၁၅၆]

## "ဘက်ပြောင်းလာသူတွေဟာ ဒီမိုကရေစီ ဘက်တော်သားအသစ်တွေဖြစ်တယ်"

မြန်မာနိုင်ငံတွင် ကုစားရေးနှင့် ပြန်လည်တည်ဆောက်ရေးလမ်းကို လျှောက်သည့်အခါ နာကျည်းချက်များကို တတ်နိုင်သမျှ ကျော်လွှားရန် အရေးကြီးကြောင်း မြန်မာနိုင်ငံအခြေစိုက် သုတေသနအဖွဲ့တစ်ခုက ထပ်လောင်း ပြောကြားခဲ့သည်။

> "စစ်တပ်ကို လူမဆန်တဲ့အသုံးအနှုန်းတွေ ခိုင်းနှိုင်းသုံးနှုန်းတာက အကျိုးရှိပါရဲ့လား။ စစ်တပ်ကတော့ ဒီလိုပြောဆိုနေတာတွေအပေါ် ကျိန်စာဝလေလူလှလေ ဖြစ်နေပုံရပါတယ်။ စစ်တပ်ဆိုရင် အားလုံးတစ်ပုံစံထဲ တစ်ခုထဲလို့မြင်တာ၊ စစ်တပ်နဲ့ တော်လှန်ရေးကြားမှာ သူ့ဘက်နဲ့ ကိုယ့်ဘက်လို့ ခွဲမြင်တာက အကျိုးရှိရဲ့လား။
>
> ကိုယ့်ဘက်က စစ်တပ်နဲ့ပတ်သတ်ပြီး ပြောဆိုနေတဲ့ပုံစံတွေကို ပြန်သုံးသပ်ကြည့်နိုင်ပါတယ်။ စစ်တပ်ဆိုတာ အတွင်းထဲမှာလည်း ကွဲပြားမှုတွေရှိပြီး ဒါတွေကို အသုံးချလို့ရတယ်ဆိုတာ တွေ့နိုင်ပါတယ်။ စစ်တပ်ထဲက မတရားမှုတွေနဲ့ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ကိစ္စတွေကို အလေးပေး ပြောဆိုဆွေးနွေးနိုင်ပါတယ်။ စစ်တပ်ထဲမှာလည်း စစ်အာဏာရှင်စနစ်ဒဏ်ကို ခံနေရတဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်တွေရှိပြီး သူတို့နဲ့ သွေးစည်းညီညွတ်မှု တည်ဆောက်နိုင်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေဆီမှာ တော်လှန်ရေးအတွက်လိုအပ်တဲ့ အသိပညာနဲ့ အတွေ့အကြုံတွေ ရှိပါတယ်။ လက်ရှိဘက်ပြောင်းခိုလှုံ လာကြသူတွေဟာ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး၊ အရပ်သားခေါင်းဆောင်မှု၊ ဒီမိုကရေစီစနစ် နဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရေး ဖော်ဆောင်ရာမှာ ပါဝင်အားဖြည့်ကြမယ့် ဒီမိုကရေစီ ဘက်တော်သားအသစ်တွေ ဖြစ်ကြပါတယ်။"[၁၅၅]

## ဘက်ပြောင်းရေးအစီအစဉ်၏ အားသာချက်များ

- **ကုန်ကျစရိတ်သက်သာပြီး အကြမ်းမဖက်ခြင်း** - လက်နက်ကိုင်တော်လှန်ရေးသည် ကုန်ကျစရိတ်ကြီးမားပြီး နိုင်ငံတကာထံမှ ငွေကြေးအထောက်အပံ့များလည်း မရရှိချေ။ ဤသို့သော အခြေအနေတွင် ဘက်ပြောင်းရေး အစီအစဉ်များသည် စစ်တပ်ချိနဲ့သွားအောင် ဆောင်ရွက်ရာတွင် ငွေကုန်ကြေးကျသက်သာပြီး သွေးထွက်သံယိုမှု မပါသည့် နည်းလမ်းတစ်ခုဖြစ်သည်။[၁၅၆]
- **ယုံကြည်မှုတည်ဆောက်ခြင်း** - ကာလရှည်ကြာ ဖြစ်လာခဲ့သော ပြည်တွင်းစစ်သည် အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများကြားတွင် စစ်တပ်အပေါ် နာကြည်းမုန်းတီးမှု ဖြစ်ပေါ်စေခဲ့သည်။ သို့သော်လည်း NUG နှင့် ပူးပေါင်းဆောင်ရွက်နေသော တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) အားလုံးသည် ဘက်ပြောင်းလာသူအားလုံးကို လက်ခံပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းဆိုင်ရာ မူဝါဒကို လက်ခံကျင့်သုံးလျက်ရှိသည်။ ဘက်ပြောင်းလာကြသူများ အနေဖြင့်မူ ကျင့်ဝတ်စည်းကမ်းများနှင့် နောက်ကြောင်းစစ်ဆေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို

လိုက်နာရန် လိုအပ်သည်။[၁၅၇]

## "သူတို့မှာအလံဖြူထောင်ဖို့ အခွင့်အရေးရှိပါတယ်"

ယုံကြည်မှုနှင့် ခွင့်လွှတ်ခြင်းနှင့် ပတ်သတ်၍ ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးသူတစ်ဦးက ဤသို့ဆိုသည်။

> "စစ်သားတွေ သတ်ဖြတ်ခံရတာတဲ့အခါ ပြည်သူတွေက ဝမ်းမြောက်ဝမ်းသာဖြစ်ကြတယ်ဆိုတာကတော့ စိတ်မကောင်းစရာပါပဲ။ လူမှုကွန်ရက်တွေပေါ်မှာ လူတွေက ကျဆုံးစစ်သားတွေရဲ့ ကျန်ရှိဇနီးသည် မုဆိုးမတွေနဲ့ မိသားစုတွေရဲ့ နာကျင်မှုကို လှောင်ပြောင်ကြတယ်။ ဒါဟာမမှန်ပါဘူး။ ဒီလိုလုပ်မယ့်အစား တော်လှန်ရေးကို အားကောင်းစေတဲ့ ဘက်ပြောင်းမှုနဲ့ လက်နက်ချလာမှုတွေကို ချီးကျူးကြိုဆိုသင့်ပါတယ်။ မကြာခင်မှာ သူတို့လုပ်ရပ်တွေအတွက် တာဝန်ပြန်ခံကြရတော့မှာ ဖြစ်ပေမယ့် အခုအချိန်မှာတော့ သူတို့ဘက်က အလံဖြူထောင်ဖို့ အခွင့်အရေးရှိပါတယ်။ စစ်တပ်ဟာ ကျွန်တော်တို့ ပြဿနာအားလုံးရဲ့ အဓိက အကြောင်းရင်းဖြစ်ပါတယ်။ သမိုင်းတရားခံမဖြစ်ဖို့နဲ့ ဘဝသစ်တစ်ခု စတင်နိုင်ဖို့ အရေးကြီးပါတယ်။"[၁၅၈]

## "တည်းခိုခန်းမှာ သောက်စားမူးရူးနေခဲ့တယ်"

အယူအဆပိုင်းဆိုင်ရာအရ ညီညွတ်ရေးကို လိုလားကြသည့်တိုင် တကယ်တမ်းကြုံတွေ့ရသည့် မြေပြင်ပကတိ အခြေအနေနှင့် ယုံကြည်မှုဆိုင်ရာကိစ္စများကို ERO ရဲဘော်တစ်ဦးက အောက်ပါအတိုင်းရှင်းပြသည်။

> "တစ်ခါတစ်လေ ကျွန်တော်တို့ (စေ့စပ်ညှိနှိုင်းရေးမှူးများ) နဲ့ CDM လုပ်မယ့်သူတွေကို သွားခေါ်ပေးမယ့် ကျွန်တော်တို့ရဲ့ ရဲဘော်တွေအကြား ညှိနှိုင်းဆောင်ရွက်မှု အားနည်းနေတတ်ပါတယ်။ တစ်ခါတစ်လေ စစ်ကောင်စီက အယောင်ဆောင်ဘက်ပြောင်းသူတွေနဲ့ မျှားခေါ်ပြီး ကျွန်တော်တို့ရဲ့ ရဲဘော်တွေကို လှည့်ဖျားဖို့ ကြိုးစားပါတယ်။ ဘက်ပြောင်းသူတဦးကို အပြင်ခေါ်ထုတ်နိုင်ဖို့ တစ်ခါတစ်လေမှာ လက်နက်ပါတဲ့ရဲဘော် ဆယ်ယောက်လောက်အထိ သုံးဖို့လိုအပ်ပါတယ်။ တစ်ခါတုန်းက ကျွန်တော်တို့ရဲဘော်တွေက ဘက်ပြောင်းမယ့်သူတစ်ဦးကို သွားခေါ်တဲ့အခါ တည်းခိုခန်းတစ်ခုမှာ မူးနေတာကို တွေ့ခဲ့ရတယ်။ ဒါက ကျွန်တော်တို့လူတွေအတွက် အန္တရာယ်လည်းရှိသလို အလွန်လည်းစိတ်ပျက်စရာကောင်းတယ်။ လုပ်ဆောင်ရတာတွေ အားလုံးက အလွန်ခက်ခဲပါတယ်။ ပြီးတော့ ရတဲ့နည်းနဲ့ ပါဝင်ကူညီမယ်ဆိုတဲ့စိတ်နဲ့ ပြင်ဆင်ထားတာမျိုးမရှိပဲ ဘက်ပြောင်းလာမယ့်သူမျိုးကို ကူညီဖို့ ကျွန်တော်တို့လူတွေကို အန္တရာယ်ထဲ မစွန့်စားခိုင်းနိုင်ပါဘူး။ သူတို့ထဲက တစ်ချို့ကလည်း ဘေးကင်းလုံခြုံပြီ၊ စစ်ဆေးအတည်ပြုပြီးပြီ ဆိုတာနဲ့ ဩစတြေးလျ ဒါမှမဟုတ် အခြားနိုင်ငံတစ်ခုခုကိုသွားဖို့ တောင်းဆိုကြပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့တွေဟာ ဘက်ပြောင်းစွန့်ခွာလာသူတွေအတွက် ယာယီဘေးကင်းလုံခြုံရေး စီမံပေးသူတွေသာ ဖြစ်သင့်ပါတယ်။ သူတို့ကို အမြဲတမ်း တောက်လျှောက် စောင့်ရှောက်ပေးနိုင်မှာတော့ မဟုတ်ပါဘူး။"[၁၅၉]

- **အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု** - ရာဇဝတ်မှုများကျူးလွန်ခဲ့ကြောင်း ဝန်ခံထားသည့် ဘက်ပြောင်းလာသူများအတွက် ၎င်းတို့၏ဝန်ခံချက်များကို နောက်ပိုင်းအသွင်ကူးပြောင်းရေး ကာလ အမှုစစ်ဆေးစီရင်မှုများ ပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားရန်အတွက် မှတ်တမ်းတင်ထား မည်ဖြစ်သည်။ စစ်သုံ့ပန်းများအတွက် အသက်ရှင်ခွင့်ရရန် အာမခံချက်ရှိပါသည်။[၁၆၀]

## ဘက်ပြောင်းမှုကို အထောက်အကူပေးသည့် ဒေသန္တရအဆင့် ကြိုးပမ်းမှုများ

ဒီမိုကရေစီလှုပ်ရှားမှု၏ ခေါင်းဆောင်ပိုင်းက တစ်ပြေးညီ ဘက်ပြောင်းရေးမူဝါဒများ ချမှတ်ပေး ထားခြင်း မရှိသော်လည်း လွတ်မြောက်နယ်မြေများရှိ အုပ်ချုပ်ရေးအဖွဲ့များက လူထောင်ပေါင်းများစွာကို အကျိုးရှိစေသည့် ယာယီဘက်ပြောင်းရေးအစီအစဉ်များကို လေးစားဖွယ်ရာ ဖော်ဆောင်နိုင်ခဲ့ကြသည်။

### "အောင်ပွဲက ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုအပေါ် မူတည်တယ်"

ငွေကြေးအရင်းအမြစ်များ နည်းပါးနေသော်လည်း ဘက်ပြောင်းလာကြသူများအား ကချင်ပြည်နယ်တွင် နွေးထွေးစွာ လက်ခံပေးထားပုံကို တော်လှန်ရေးခေါင်းဆောင်တစ်ဦးက ဤသို့ပြန်လည်ပြောပြသည်။

> "ကချင်ပြည်နယ်မှာ ခိုလှုံနေကြသူတွေ အများကြီးပဲ။ သူတို့အနေနဲ့ အခက်အခဲတွေ အများကြီး ကြုံတွေ့ကြရတယ်။ ဒါပေမယ့် သူတို့ကို လိုလိုလားလား ဆက်ပြီး လက်ခံထားဖို့ အရေးကြီးပါတယ်။ တော်လှန်ရေးရဲ့အောင်ပွဲအရှိန်က လူထုပူးပေါင်းပါဝင်မှု အပေါ်မှာ မူတည်ပါတယ်။
>
> ပထမဆုံးအခက်အခဲက ငွေရေးကြေးရေးပါ။ ဘက်ပြောင်းရေး အစီအစဉ်တွေရဲ့ စိတ်ကူးကို လူတိုင်းနီးပါး စာနာနားလည်ကြပေမယ့် ပစ္စည်းအထောက်အပံ့နဲ့ ပတ်သတ်လာရင်တော့ မရှိ သလောက်ပဲဖြစ်ပါတယ်။ ကချင်ပြည်နယ်က သီးခြားဖြစ်နေပြီး ပထဝီအနေအထားအရ လုံခြုံ မှုရှိတာကြောင့် စစ်သားတစ်ဦးချင်းအတွက် ဘက်ပြောင်းလာဖို့ လွယ်ကူစေတယ်လို့ ယူဆပါ တယ်။ ဒါပေမယ့် မိသားစုရှိတဲ့ စစ်သားတွေအတွက်တော့ ခက်ခဲပါလိမ့်မယ်။ ဘက်ပြောင်းခိုလှုံ လာပြီဆိုတာနဲ့ အလုပ်အကိုင်ရှာဖွေဖို့ကိစ္စက သူတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါတယ်။ ကျွန်တော်တို့ဟာ ရာထူးကြီးပိုင်းက ဘက်ပြောင်းလာသူတွေနဲ့ နိုင်ငံခြားသင်တန်း တက်ရောက် ထားခဲ့တဲ့ ဘက်ပြောင်းလာသူတွေကိုလည်း ဆက်ပြီးလက်ခံပေးနေပါတယ်။ ဒါက အားရစရာ ကောင်းတယ်လို့ မြင်တယ်။"[၁၆၁]

### "သူ့လိုလူတောင် အသက်ရှင်ခွင့်ရခဲ့တယ်"

ဘက်ပြောင်းလာသူများအပေါ် ဒေသခံလူထု၏ သဘောထားကြီးခွင့်လွှတ်ပုံနှင့် ဤအပြုအမူများသည် NUG က ချမှတ်ထားသည့် ဗဟိုမူဝါဒမရှိသည့် အခြေအနေတွင် ဘက်ပြောင်းရေးမူဝါဒ ပေါ်ပေါက်လာ ရေးအတွက် ပထမဆုံး ခြေလှမ်းဖြစ်ကြောင်း ကရင်နီခေါင်းဆောင်တစ်ဦးက အလားတူရှင်းပြသည်။

> "ကရင်နီဒေသမှာ ဘက်ပြောင်းစစ်သားတွေ ပိုပိုပြီးတော့ များလာတယ်။ အနာဂတ်မှာ မုန်းတီးမှုနဲ့ ခွဲခြားဆက်ဆံမှုတွေကြောင့် စိတ်ဒဏ်ရာဖြစ်တာတွေ ကျွန်မတို့ မလိုချင်တော့ပါဘူး။ လူ့အဖွဲ့အစည်းကို ပြန်လည်ကုစားပေးဖို့ လိုတဲ့အတွက် အနာဂတ်မှာ ပြည်သူတွေနဲ့အတူရပ်တည်နိုင်မယ့် စစ်သားတွေ လိုအပ်ပါတယ်။ ဒီလိုဖြစ်လာဖို့အတွက်

> စစ်သားတစ်ယောက်ချင်းစီကို ဘဝလမ်းကြောင်းအသစ် တစ်ခုဆီ တတ်နိုင်သမျှ မြန်မြန်ဆန်ဆန်ထူထောင်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ အခြားဒေသတွေမှာလည်း ဒီလိုအစီအစဉ်မျိုးလုပ်ပေးနိုင်ဖို့ တိုက်တွန်းပါတယ်။ ပြန်လည်သင့်မြတ်ရေးလုပ်နိုင်ဖို့အတွက် စစ်သားတွေဘက်က သူတို့အနေနဲ့အသက်ရှင်ဖို့ အခွင့်အရေးရှိတယ်လို့ ခံစားရဖို့လိုအပ်ပါတယ်။ ခွင့်လွှတ်ကြေအေးပေးမှုမှာ အတိုင်းအတာတစ်ခုတော့ ရှိရမှာဖြစ်ပါတယ်။ မနေ့တနေ့ကပဲ သူတို့က အရပ်သားတွေကို ဗုံးကြဲတယ်။ တော်လှန်ရေးတပ်ဖွဲ့တွေက ဂျက်လေယာဉ်တစ်စီးကို ပစ်ချပြီး လေယာဉ်မှူးကို ဖမ်းမိခဲ့တယ်။ လူတွေပေါ်ကို ဗုံးကြဲခဲ့တဲ့ သူ့လိုလူတောင် အသက်ရှင်ခွင့်ရခဲ့တယ်။”[၁၆၂]

## တပြေးညီဘက်ပြောင်းရေးမူဝါဒ အရေးတကြီးလိုအပ်နေခြင်း

တပြေးညီဘက်ပြောင်းရေးမူဝါဒတစ်ခု အရေးတကြီးလိုအပ်နေကြောင်းနှင့် သို့မှသာ ERO များနှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များက ဘက်ပြောင်းလာသူများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အကောင်းဆုံး ပါဝင်ကူညီနိုင်အောင် အစီအစဉ်ရေးဆွဲ နေရာချနိုင်မည်ဖြစ်ကြောင်း ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူများက ဆက်လက်ရှင်းပြသည်။[၁၆၃]

### “ညှိနှိုင်းပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်နေပါတယ်”

ဘက်ပြောင်းလာသူများကို ပေါင်းစည်းနိုင်ရန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်နေကြောင်း ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူတွေ အများအပြားက လက်ခံယုံကြည်ထားပြီး အလားတူ ဗိုလ်ကြီးဟောင်းတစ်ဦးကလည်း အောက်ပါအတိုင်းပြောသည်။

> “ဘက်ပြောင်းမယ့်သူ တစ်ယောက်အနေနဲ့ အနီးဆုံးတော်လှန်ရေးတပ်ဖွဲ့ဆီမှာ သွားပြီးခိုလှုံတာက အသင့်တော်ဆုံးဖြစ်ပါတယ်။ ဒါပေမယ့် အနီးဆုံးမှာရှိတဲ့ တပ်ဖွဲ့က ဘက်ပြောင်းလာသူတွေကို လက်ခံနိုင်မယ့် အကောင်းဆုံးအနေအထား မရှိသေးတာလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ညှိနှိုင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဘက်ပြောင်းလာသူတွေကို အလွယ်ကူဆုံး စုစည်းဆက်သွယ်ပေးနိုင်မယ့် စနစ်တစ်ခုလည်း ရှိသင့်ပါတယ်။ NUCC အနေနဲ့ တပြေးညီမူဝါဒတစ်ခု ချမှတ်နိုင်ဖို့ လုပ်ဆောင်သင့်ပြီး စနစ်တစ်ခုကိုလည်း အကောင်အထည် ဖော်ဆောင်သင့်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့ ကော်မတီတစ်ရပ်လည်း ဖွဲ့စည်းသင့်ပါတယ်။ မကြာခင်မှာ ကျွန်ုပ်တို့လက်ထဲ ထောင်၊သောင်းချီတဲ့ စစ်မှုထမ်းဟောင်းတွေ အများကြီး ရောက်လာနိုင်ပါတယ်။ သူတို့ကိစ္စကို ကိုင်တွယ်ဆောင်ရွက်ပေးနိုင်ဖို့ ညှိနှိုင်းပေါင်းစပ်ထားတဲ့ စနစ်တစ်ခုလိုအပ်ပါတယ်။ စစ်မြေပြင်မှာ သုတ်သင်ရှင်းလင်းရတာက အရင်းအနှီးအရမ်းကြီးပါတယ်။ ဘက်ပြောင်းလာသူတွေကို လက်ခံပေးတာက အများကြီးပိုပြီး သက်သာပါတယ်။”[၁၆၄]

### “သူတို့ကို ဘယ်လိုကူညီနိုင်မလဲ”

ဗိုလ်မှူးဟောင်းတစ်ဦးက ဘက်ပြောင်းခြင်းဖြစ်စဉ်နှင့် ပတ်သတ်၍ မှတ်တမ်းရုပ်ရှင်ရိုက်ကူးရန် အကြံပြုခဲ့သည်။ ဤမှတ်တမ်းရုပ်ရှင်သည် ဘက်ပြောင်းရန် အလားအလာရှိသူများကို အသိပညာပေးရန်နှင့် ဘက်ပြောင်းရေး အစီအစဉ်နှင့်ပတ်သတ်၍ ပြင်ပအလှူရှင်နှင့် မဟာမိတ်များက ပိုမိုအာရုံစိုက် လာစေရန် ရည်ရွယ်သည်။

“စစ်သားအများစုက ‘ငါ CDM ဝင်ရင် ငါ့မိသားစုကို ဘယ်လိုထောက်ပံ့ရမလဲ’ လို့တွေးကြတယ်။ သူတို့က မီဒီယာ နဲ့ လူမှုကွန်ရက်တွေကိုလည်း အယုံလွယ်ကြတာကြောင့် ကျွန်တော်တို့အနေနဲ့ သူတို့နဲ့ အကောင်းဆုံး ဘယ်လိုချိတ်ဆက်မလဲ။ သူတို့ရဲ့ စိုးရိမ်သောကတွေကို ဖြေရှင်းပေးဖို့ အရမ်းအရေးကြီး ပါတယ်။ သူတို့ကို ဘယ်လိုကြိုဆိုကြမလဲ။ သူတို့ CDM မှာ ပါဝင်လာတဲ့အခါ ဘယ်လိုပိုးကူညီကြမလဲ။ သူတို့နဲ့ကိုက်ညီတဲ့ အရည်အချင်းအလိုက် အလုပ်အကိုင် ရှာဖွေနိုင်ဖို့ ကျွန်တော်တို့က ကူညီပေးရပါမယ်။ ဒီဖြစ်စဉ်တွေကို သူတို့ဘက်က လေ့လာနိုင်အောင် မှတ်တမ်းရုပ်ရှင်တစ်ခု ရိုက်ကူးနိုင်ရင် ကောင်းပါတယ်။ ဘီဘီစီ ဒါမှမဟုတ် အခြားလက်လှမ်းမှီတဲ့ ဘယ်သတင်းဌာနကမဆို ထုတ်လွှင့်လို့ ရပါတယ်။”[၁၆၅]

## “နည်းနည်းများများ အထောက်အကူဖြစ်တယ်”

ဗိုလ်ကြီးဟောင်းတစ်ဦးက ဘက်ပြောင်းရေးအစီအစဉ်များအတွက် ရန်ပုံငွေပိုမိုရှာဖွေရန် လိုအပ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

“အဖွဲ့လိုက်ဘက်ပြောင်းလာတဲ့ကိစ္စကို ကိုင်တွယ်ဖို့ရာ ပေါင်းစပ်ညှိနှိုင်းမှုတွေ ပိုလုပ်ဖို့ လိုအပ်ပါတယ်။ လူတွေခေါ်ထုတ်ဖို့ နည်းလမ်းတွေရှိပါတယ်။ ဒါပေမယ့် သူတို့ကို တွေ့ဆုံမေးမြန်းပြီး သူတို့ရဲ့ စိတ်အားထက်သန်မှု၊ သဘောထားအမြင်၊ စိတ်ပိုင်းဆိုင်ရာ အခြေအနေ စတာတွေကို မေးမြန်းအကဲဖြတ်ဖို့ကတော့ နောက်ထပ်အရေးကြီးတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ တော်လှန်ရေး အဖွဲ့အစည်းတွေက အစိုးရမဟုတ်ကြပါဘူး။ သူတို့တတ်နိုင်သမျှ အရင်းအမြစ်တွေနဲ့ အကောင်းဆုံး လုပ်နေကြတာပဲ ဖြစ်ပါတယ်။ NUG နဲ့ အစိုးရသစ်အနေနဲ့ ဘက်ပြောင်းရေးအစီအစဉ်ကို ကြားဝင်ဆောင်ရွက်ပေးပြီး ဦးဆောင်မှုနဲ့ အရင်းအမြစ်တွေ ပံ့ပိုးပေးမယ်ဆိုရင် ပိုပြီးအထောက်အကူဖြစ်စေနိုင်ပါတယ်။ အရင်းအမြစ်တွေက ရနိုင်သလောက် နည်းနည်းများများ အထောက်အကူဖြစ်ပါတယ်။”[၁၆၆]

## စစ်တပ်၏ ဘက်ပြောင်းမှုတားဆီးရေးကြိုးပမ်းချက်များအား တန်ပြန်ခြေဖျက်ခြင်း

- **ကြောက်စိတ်ဖျောက်ပေးခြင်း** - စစ်တပ်သည် တက်ကြွလှုပ်ရှားသူများကိုဖြစ်စေ[၁၆၇] တာဝန်မကြေသည့် စစ်သည်များကိုဖြစ်စေ၊[၁၆၈] စစ်မြေပြင်မှရန်သူများကိုဖြစ်စေ[၁၆၉] သတ်ဖြတ်မှုများ လိုလိုလားလား လုပ်ဆောင်ကြသည်။ ထို့ပြင် အောက်ခြေစစ်သည်များသည် ထွက်ပြေးပါက မိမိရဲဘော်အချင်းချင်း ပြန်လည်သတ်ဖြတ်ခြင်း မခံရလျှင်လည်း တိုင်းရင်းသား လက်နက်ကိုင်များနှင့် PDF များ၏ တွေ့သည့်နေရာ၌သတ်ဖြတ်ခြင်း ခံရလိမ့်မည်ဟု အယုံသွင်းခံထားရသောကြောင့် ဘက်ပြောင်းမှုအတွက် ကြီးမားသော အတားအဆီးတစ်ခု ဖြစ်လာစေခဲ့သည်။ NUG နှင့် EAOs များအနေဖြင့် ဘက်ပြောင်းလာသူများကို လက်ခံပေးပြီး အကာအကွယ်ပေးသည်ဟု စစ်သားများဘက်က ယုံကြည်လာအောင် ဆောင်ရွက်ခြင်းဖြင့် တုန့်ပြန်ခြေဖျက်ရန်လိုအပ်သည်ဟု ပြည်သူ့ပန်းတိုင်သို့ ဘက်ပြောင်းသူများက ဆိုကြသည်။[၁၇၀]

## "ကိုယ့်သေတွင်းကိုယ်တူးဖို့ပြောတယ်"

ဘက်ပြောင်းလာသော တပ်သားတစ်ဦးက စစ်မြေပြင်တွင် ၎င်းပထမဦးဆုံး တွေ့ကြုံခဲ့ရသော ဆိုးရွားလှသည့် သတ်ဖြတ်မှုဖြစ်စဉ်တစ်ခု အကြောင်းကို ဤသို့ ပြန်လည်ပြောပြခဲ့သည်။

> "ထွက်ပြေးတဲ့ ဆယ်ကျော်သက်စစ်သည်တွေကို တရားလက်လွတ်သတ်ဖြတ်တာ ကျွန်တော်မြင်ခဲ့တယ်။ ကျွန်တော်တွေ့ခဲ့တဲ့အဖွဲ့မှာ ကလေးတွေပါဝင်ပြီး သူတို့ကို မိသားစုဆီ ပြန်ပို့ခဲ့ကြတယ်။ အဲ့ဒီထဲက ငါးယောက်ကိုတော့ တောထဲလိုက်ခိုင်းပြီး ပေါ်တာထမ်းခိုင်းပါတယ်။ ငါးရက်လောက်ကြာတော့ သူတို့ကို ကိုယ့်သေတွင်းကိုယ်တူးခိုင်းပြီး သတ်လိုက်ကြပါတယ်။ တခြားစစ်သားတစ်ယောက်က အဲ့ဒီလို ဗီဒီယိုဖိုင်တစ်ခု လာပြတာကိုလည်း ကြည့်ခဲ့ဖူးပါတယ်။ ထွက်ပြေးတုန်းက ကျွန်တော့မှာ ဘာအစီအစဉ်မှမရှိပါဘူး။ သေရင်သေ မသေရင်လွတ်ဆိုပြီး လုပ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်ငါးရက်လောက် ပုန်းနေခဲ့ရတယ်။ ပြောင်းဖူးတွေတွေ့လို့ ချိုးစားခဲ့တယ်။ ဒီနောက်မှာတော့ ကျွန်တော် PDF စစ်သားတွေနဲ့ အမှတ်မထင်တွေ့ဆုံခဲ့တယ်။ ကျွန်တော် သူတို့စကားကို မပြောတတ်ပါဘူး။ ကျွန်တော်သူတို့ကို မြန်မာလိုပဲပြောတယ်။ သူတို့က ကျွန်တော့်ကို အစားအစာနဲ့ နေစရာပေးကြတယ်။ ကျွန်တော့ကို ထိခိုက်နာကျင်အောင် လုပ်တာမျိုး လုံးဝမရှိခဲ့ပါဘူး။"[၁၇၁]

## ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများအား ပံ့ပိုးကူညီခြင်း

- **အမည်ပျက်စာရင်းသွင်းခံထားရသော ကျွမ်းကျင်ပညာရှင်များ** - စစ်တပ်မှပုဂ္ဂိုလ်များ အပါအဝင် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများသည်လည်း NUCC နှင့် NUG တို့မှ ပံ့ပိုးကူညီမှုများ ရရှိသင့်သည်ဟု ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူများက ထောက်ပြကြသည်။ အချို့ ဆေးဘက်ဆိုင်ရာပညာရှင်များမှာ အသက်မွေးဝမ်းကြောင်းပြုရန် တိုင်းပြည်မှထွက်လာနိုင်ကြသော်လည်း အများစုမှာ ပြည်တွင်းထဲတွင် အမည်ပျက်စာရင်းသွင်းခံထားရပြီး လုပ်ကိုင်၍ မရကြပေ။[၁၇၂]

## ဘက်ပြောင်းလာသူများ၏ မိသားစုအရေး

ဘက်ပြောင်းလာသူများ၏ ဇနီးသည်များသည် ၎င်းတို့အနေဖြင့် သခင်ပွန်းသည်၏ ဆုံးဖြတ်ချက်ကို လိုလိုလားလားထောက်ခံကြောင်းနှင့် မိသားစုထောက်ပံ့ရေးကိစ္စ စိုးရိမ်ချက်ကြောင့် စစ်တပ်ထဲတွင် ဆက်နေနေရသည့် စစ်သားအများအပြားရှိကြောင်း ရှင်းပြကြသည်။ စကားဝိုင်းဆွေးနွေးပွဲ တစ်ခုတွင် ဗိုလ်ကြီးတစ်ဦး၏ ဇနီးက ဤသို့ဆိုသည်။

> "လက်ရှိအချိန်မှာ တပ်ထဲကလူတွေဟာ သူတို့သားသမီးတွေအတွက်တောင် ပညာရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းကောင်း မရကြပါဘူး။ သူတို့နဲ့ လက်ကမ်းချိတ်ဆက်ပြီး တပ်ထဲကထွက်လာအောင် အားပေးဖို့ အရေးကြီးပါတယ်။"[၁၇၃]

## "သူတို့ပြောခဲ့သမျှက အလိမ်အညာတွေချည်းပဲ"

တပ်ကြပ်တစ်ဦး၏ ဇနီးသည်ကလည်း သူမ၏မိသားစုသည် စစ်တပ်ထဲတွင် လမ်းမှားပေါ် ရောက်နေခဲ့ရကြောင်း သိလာခဲ့ပုံကို ဤသို့ပြန်ပြောပြခဲ့သည်။

"လွတ်မြောက်နယ်မြေကလူတွေက အခွင့်အရေးရတာနဲ့ ကျွန်မတို့ကို သတ်ပစ်မှာ၊ သူတို့ ဆီကို ထွက်ပြေးရင် ကျွန်မတို့တွေ မုဒိန်းကျင့်ခံရပြီး အသတ်ခံရလိမ့်မယ်လို့ သူတို့က အသဲအသန် ပြောခဲ့ကြတယ်။ ကျွန်မအမျိုးသားက ကျွန်မ,မပါဘဲ ထွက်ပြေးသွားတဲ့အခါ သူ့ကိုအားပေးအားမြှောက်ပြုမှုနဲ့ ကျွန်မကို ခုံရုံးတင်စစ်ဆေးမယ်လို့ ခြိမ်းခြောက်ခဲ့ကြတယ်။ အခုကျွန်မတို့ လွတ်မြောက်လာတဲ့အခါ သူတို့ပြောခဲ့သမျှ အလိမ်အညာတွေချည်းပဲဆိုတာ သိလာရတယ်။"[၁၇၄]

## "သူတို့က မိသားစုကိုသတ်ပစ်မှာ"

တပ်သားဟောင်းတစ်ဦးကလည်း စစ်တပ်အတွင်းနေထိုင်ခဲ့စဉ်က မိသားစုဘဝအကြောင်းကို ပြန်လည်ပြောပြခဲ့သည်။ ဤဖြစ်စဉ်သည် စနစ်တကျမတရားအနိုင်ကျင့်ခံရသော အောက်ခြေအဆင့်စစ်သည်များ၏ ဘဝကို ထင်ဟပ်ဖော်ပြနေသည်။

"တပ်ထဲမှာဆိုရင် ကျွန်တော်တို့ သားသမီးနဲ့ အရာရှိ သားသမီးတွေနဲ့ ရန်ဖြစ်ရင် ကျွန်တော်တို့ကလေးတွေပဲ အမြဲအပြစ်ပေးခံတယ်။ စစ်သားဖြစ်လို့ အကာအကွယ်ရတာမျိုး မရှိပါဘူး။ တာဝန်နဲ့ အပြင်ထွက်ရပြီဆိုတာနဲ့ ကျန်ခဲ့တဲ့မိသားစုက အနိုင်ကျင့်ခံရဖို့ များပါတယ်။ ကိုယ်တိုင် တပ်ထဲမှာရှိနေရင်လည်း အရာရှိတွေ မတရားခိုင်းပြီး အနိုင်ကျင့်သမျှ ခံရတာပါပဲ။ သူတို့က ကိုယ့်ဇနီးသည်ကို ပြောဆိုအနိုင်ကျင့်တာ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်တာ လုပ်တဲ့အခါ ကိုယ်က သူ့ဘက်က ရပ်တည်ကာကွယ်ပေးပြန်ရင်လည်း ကိုယ့်ကို ဝိုင်းရိုက်တာ၊ ဝိုင်းကြဉ်တာမျိုး လုပ်ကြတယ်။ ကျွန်တော်တို့ CDM ဝင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ မိသားစုတွေကို သတ်ပစ်မယ်လို့ သူတို့ အမြဲပြောကြတယ်။"[၁၇၅]

## "ကျွန်မတို့ စိတ်အေးချမ်းမှုအများကြီး ရှိလာတယ်"

CDM ဝင်ပြီးနောက် စစ်တပ်ထဲတွင် မျှော်လင့်ချက်မဲ့ ဖြစ်ခဲ့ရသည့် အခြေအနေများနှင့် မတူတော့ကြောင်း တပ်ကြပ်ကြီးတစ်ဦး၏ ဇနီးက သူမ၏အတွေ့အကြုံများကို ပြန်လည်ပြောပြပြီး ဆုံးဖြတ်ချက်ချရန် ခက်ခဲနေသော အခြားမိသားစုများအတွက် အားပေးစကားလည်း ပြောကြားခဲ့သည်။

"ကျွန်မခင်ပွန်းကို CDM ဝင်ဖို့ ဘယ်တုန်းကမှ ဖိအားမပေးခဲ့ဘူး။ သူက သူ့သဘောနဲ့သူ ဝင်ခဲ့တာဖြစ်ပြီး ကျွန်မတို့မိသားစုအပေါ် ဒုက္ခကျရောက်လာနိုင်တဲ့ ကိစ္စဖြစ်တာမို့ စစချင်းကတော့ ကျွန်မဒေါသထွက်ခဲ့မိတယ်။ ဒါပေမယ့် ဒီနောက်ပိုင်းမှာ သူလုပ်တာမှန်တယ်လို့ ကျွန်မနားလည်လာတယ်။ Safe House ကလူတွေကလည်း ကျွန်မတို့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံကြတယ်။ စစ်တပ်ထဲမှနေတုန်းက တခါမှမကြားခဲ့ဖူးတဲ့ စစ်တပ်ကကျူးလွန်တဲ့ ရာဇဝတ်မှုတွေ ကိုလည်း အများကြီးကြားသိခဲ့ရတယ်။ အချိန်တစ်ခုအထိတော့ ကျွန်မတို့ အလုပ်ရှာဖို့ ရုန်းကန်ခဲ့ရပြီး ခရတွေကောက်ပြီးတော့လည်း ရောင်းခဲ့ရပါတယ်။ နောက်ဆုံးမှာ ပြည်သူ့ပန်းတိုင်နဲ့ အခြားအဖွဲ့တွေက ကျွန်မတို့ကို ကူညီပေးခဲ့ကြပါတယ်။ လက်ရှိမှာတော့ ကျွန်မတို့ အွန်လိုင်းကနေ အစားအသောက်တွေ ရောင်းနေပါတယ်။ ကျွန်မခင်ပွန်းကလည်း ပန်းရန်လုပ်နေပါတယ်။

တပ်ထဲမှာနေရင် ကိုယ့်လုံခြုံရေးအတွက်တောင် စိုးရိမ်ကြောက်လန့်နေရပါတယ်။ ဈေးသွားဖို့ကိုတောင် စိတ်ဖိစီးရပါတယ်။ ခုလိုအပြင်ကို ရောက်လာတဲ့အခါ ကျွန်မတို့ စိတ်အေးချမ်းမှု အများကြီးရှိလာတယ်။ လူအားလုံးဟာ တန်းတူညီတူဖြစ်ပြီး ရာထူးကြီးငယ်တွေကို အမြဲတွေးတောနေရစရာ မလိုတော့ဘူး။

ကလေးတွေရဲ့ပညာရေးနဲ့ ပတ်သတ်ရင်လည်း စစ်တပ်ထဲမှာဆို ခွဲခြားဆက်ဆံတာ၊ အနိုင်ကျင့်တာ အများကြီးရှိတယ်။ အပြင်မှာအများကြီး ပိုအဆင်ပြေပါတယ်။ ကျွန်မတို့မှာ သားလေးတစ်ယောက်ပဲရှိတော့ သူ့အနာဂတ်ထိခိုက်မှာကို စိုးရိမ်မိတယ်။ ဒါပေမယ့် အခု စစ်တပ်ကထွက်လာတော့ သူ့အနာဂတ် အရင်ကထက် ပိုကောင်းလာတယ်လို့ ခံစားရပါတယ်။ စစ်တပ်ထဲက ကလေးမိခင်တိုင်း CDM ဝင်ဖို့ကို စိတ်မပူကြဖို့ အားပေးချင်ပါတယ်။ ဒါကပိုကောင်းပါတယ်။ ထွက်လာရင်ထမင်းငတ်လိမ့်မယ်လို့ တွေးမပူကြပါနဲ့။"

## "ကျွန်မတို့ စိုးရိမ်စရာမလိုဘူး"

အလားတူ တပ်ကြပ်ကြီးတစ်ဦး၏ ဇနီးကလည်း ဘက်ပြောင်းခိုလှုံလာပြီးနောက်ပိုင်း သူမ၏မိသားစုဘဝကို အခြေအနေကို ယခုလို ရှင်းပြသည်။

"ခုဆိုရင် အရင်က ကျွန်မတို့ကိုယ်တိုင် တာဝန်ထမ်းဆောင်ခဲ့တဲ့ အဖွဲ့အစည်းက ကျွန်မတို့ကို ပြန်သတ်မှာ စိုးရိမ်နေစရာ မလိုတော့ဘူး။ ကရင်ပြည်နယ်ကိုရောက်တာနဲ့ ကျွန်မတို့ကို နွေးနွေးထွေးထွေး ကြိုဆိုကြပြီးတော့ အခြေခံလိုအပ်တဲ့ပစ္စည်းအားလုံး ပေးကြတယ်။ စစ်တပ်ရဲ့ အကြမ်းဖက်တာ ခံခဲ့ရတဲ့ ဒီအသိုက်အဝန်းက ကျွန်မတို့ကို ကြိုဆိုခဲ့ကြတာပါ။ လူ့အခွင့်အရေးလို အကြောင်းအရာတွေကို ခုချိန်မှာ ကျွန်မတို့ အများကြီး ပိုသိလာရပါပြီ။ ဒီလိုအကြောင်းအရာတွေကို ကျွန်မတို့အရင်က တစ်ခါမှမကြားခဲ့ဖူးပါဘူး။"[၁၇၆]

## "ပြန်လည်ပေါင်းစည်းဖို့ လိုအပ်တယ်"

အခြားသော စစ်သားဟောင်း ဇနီးသည်တစ်ဦးကလည်း စစ်တပ်နှင့် ဝေးရာအရပ်၌ လွတ်လပ်မှုကို ခံစားနေရသည့်တိုင် အခက်အခဲများ ဆက်ရှိနေကြောင်း ယခုလိုသတိပေးခဲ့သည်။

"လွတ်မြောက်နယ်မြေတွေမှာ နေထိုင်ရတာဟာ လွယ်ကူတယ်တော့ မဟုတ်ပါဘူး။ အခြေတကျ တည်ငြိမ်တဲ့အလုပ်ကို ရှာလို့မရနိုင်ဘူး။ အလုပ်ရှင်ရဲ့ ခေါင်းပုံဖြတ်ခံခဲ့ရတာ ရှိတယ်။ မိတ်ဆွေတွေက သူတို့လည်း CDM ဝင်သင့်လားလို့ ကျွန်မကို မေးတဲ့အခါ သူတို့ အဆင်ပြေမယ်လို့ သေချာမပြော နိုင်တာကြောင့် ကျွန်မအနေနဲ့ သူတို့ကို အားပေးဖို့ အဆင်မပြေခဲ့ပါဘူး။ ကျွန်မတို့အနေနဲ့ အထောက်အပံ့တွေမရဘဲ ဖယ်ထုတ်ခံထားရသလို စခန်းတွေမှာဆိုရင်လည်း ခွဲခြားဆက်ဆံခံရတယ်လို့ ခံစားမိပါတယ်။ ကျွန်မတို့အတွက် သင်တန်းတွေ လိုအပ်ပါတယ်၊ လူ့အခွင့်အရေးလို ပညာရပ်တွေအတွက် သင်တန်းတွေလည်း လိုပါတယ်။ ကျွန်မတို့ လူ့အသိုက်အဝန်းနဲ့ ပြန်လည်ပေါင်းစည်းနိုင်ဖို့လည်း လိုအပ်ပါတယ်။"[၁၇၇]

# စစ်မှုထမ်းဥပဒေနှင့်
## ယင်းဥပဒေအပေါ်တုံ့ပြန်မှုများ

စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူများသည် စစ်မှုထမ်းအန္တရာယ်ကို ရှောင်ရှားခြင်းနှင့် တော်လှန်ရေးထဲသို့ ဝင်ရောက်ခြင်းနှင့် ပတ်သက်ပြီး ၎င်းတို့၏ အတွေးအမြင်များနှင့် နည်းနာများကို အောက်ပါအတိုင်း အကြံပြုတင်ပြခဲ့သည်။[၁၇၈]

- **အင်အားလျော့နည်းလာခြင်း၏ လက္ခဏာတစ်ခုဖြစ်သည့် စစ်မှုထမ်းဥပဒေ** - စစ်ကောင်စီသည် စစ်မှုထမ်းဥပဒေကို ကြံရာမရတော့သည့်သဘောမျိုးဖြင့် အသက်သွင်းခဲ့ ခြင်းဖြစ်ပြီး ဤသည်မှာ တော်လှန်ရေးထဲသို့ ဘက်ပြောင်းမှု လှိုင်းအသစ် ထပ်ဖြစ်လာအောင် အစပျိုးပေးလိုက်သကဲ့သို့ ဖြစ်စေနိုင်သည်ဟု ပြည်သူ့ပန်းတိုင် ဆွေးနွေးပွဲတွင် ပါဝင်သူများက လက်ခံယုံကြည်ထားကြသည်။
- **ရွေးချယ်စရာများအကြောင်း ဆက်သွယ်အသိပေးခြင်း** - တော်လှန်ရေးအဖွဲ့အစည်းများသည် ပြည်သူများအနေဖြင့် စစ်မှုထမ်းဥပဒေနှင့် ကြုံတွေ့ရပါက မည်သို့အဆင့်ဆင့်ဆောင်ရွက်နိုင်ကြောင်း တိကျရှင်းလင်းသော လမ်းညွှန်မှုများ မဖြစ်မနေ ပေးထားရန်လိုအပ်သည်။ ပြည်သူများသည် လက်တွေ့တွင် မည်သည့်သည့်အရာများ ဆောင်ရွက်နိုင်ကြောင်း အပြည့်အဝ နားလည်သဘော ပေါက်ထားရန် လိုအပ်သည်။[၁၇၉]

## စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရနိုင်သူများအတွက် လမ်းညွှန်ချက်

- **စစ်မှုထမ်းခြင်းကို ရှောင်တိမ်းခြင်း** - စစ်တပ်၏ထိန်းချုပ်မှုအောက်ရောက်သွားပါက ထွက်ပြေး လွတ်မြောက်ရန် အလွန်ခက်ခဲသောကြောင့် စစ်မှုထမ်းရန် ခေါ်ဆောင်ခြင်းမခံရအောင် ရှောင်တိမ်း ခြင်းသည် လူငယ်များအတွက် အရေးအကြီးဆုံး လုပ်ဆောင်ရမည့် အချက်တစ်ခုဖြစ်ကြောင်း စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်သူများက အထူးအလေးပေး ထောက်ပြကြသည်။
- **တိုက်ပွဲဝင်နေသည့် အဖွဲ့များထံသို့ ဝင်ရောက်ခြင်းမဟုတ်သည့် အခြားနည်းလမ်းများ** - လူငယ်များ အနေဖြင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF) သို့မဟုတ် အခြားသော တိုက်ပွဲဝင်နေသည့် အဖွဲ့ များထံသို့ ဝင်ရောက်ရန်တစ်ခုတည်းသာ ရွေးချယ်စရာ ရှိနေခြင်းမဟုတ်ပါ။ လွတ်မြောက် နယ်မြေများတွင် ပညာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ရန် အခွင့်အလမ်းများစွာရှိ ပါသည်။[၁၈၀]
- **တော်လှန်ရေးတွင် ပါဝင်အားဖြည့်ခြင်း** - ပြည်သူများအနေဖြင့် လက်နက်ကိုင်လမ်းစဉ်တွင်ဖြစ်စေ အကြမ်းမဖက်သောနည်းလမ်းဖြင့်ဖြစ်စေ ပါဝင်နိုင်ကြပါသည်။ လွတ်မြောက်နယ်မြေအားလုံးတွင် ပညာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း အဖွဲ့အစည်းများရှိပြီး တော်လှန်ရေးကို နည်းလမ်း ပေါင်းစုံဖြင့် အထောက်အပံ့ပေးနေကြသည်။[၁၈၁]

## စစ်မှုထမ်းရန် ဆင့်ခေါ်ခံထားရသူများအတွက် လမ်းညွှန်ချက်

- **စစ်တပ်၏စာချုပ်များသည် ယုံကြည်မရနိုင်ပါ** - ဆွေးနွေးပွဲပါဝင်သူများက စစ်တပ်နှင့် ပတ်သတ်သည့် မည်သည့် ကတိကဝတ်ကိုမှ မယုံကြည်ကြရန် လူငယ်များအား အကြံပြုထားသည်။ ယင်းစာချုပ်များသည် အဓိပ္ပါယ်မဲ့ပြီး ဖောက်ဖျက်ခံရသည့်အခါ တရားဥပဒေအရ အားကိုးအားထားပြုစရာလည်း မရှိပေ။
- **မျှော်လင့်ချက်အမှားများ** - စစ်မှုထမ်းခေါ်ယူခြင်းခံရသူများအနေဖြင့် စစ်တပ်ကို အတွင်းထဲမှပြန်ပြီး ဆန့်ကျင်ခုခံနိုင်လိမ့်မည်ဟူသော မှားယွင်းသော အပြုသဘောစဉ်းစားမှုများ မလုပ်ကြရန် CDM ဗိုလ်ကြီးတစ်ဦးက သတိပေးခဲ့သည်။ တပ်တွင်းသို့ ရောက်သွားသည်နှင့် တပ်တွင်းပုန်ကန်ရန် သို့မဟုတ် ပြန်လည်ခုခံရန် ဖြစ်နိုင်ခြေမရှိသလောက် နည်းသွားပြီဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် မဖြစ်မနေ တိုင်းပြည်မှ ထွက်ခွာရန် သို့မဟုတ် လွတ်မြောက်နယ်မြေသို့ ရောက်အောင် သွားရန် လိုအပ်ကြောင်းနှင့် ပထမအကြိမ် စစ်မှုထမ်းခေါ်ယူခြင်းမှ ကင်းလွတ်လိမ့်မည်ဟုပင် မယူဆထားသင့်ကြောင်း ပြောကြားခဲ့သည်။
- **တစ်ဦးတည်း နေတက်ရန် ပြင်ဆင်ထားပြီး အချက်အလက်များ မျှဝေပါ။**

### "သူတို့က ကိုယ်အဆက်အသွယ်မလုပ်နိုင်အောင် ဖြတ်တောက်ထားလိမ့်မယ်"

ဗိုလ်ကြီးဟောင်းတစ်ဦးက စစ်မှုထမ်းရန် အကျုံးဝင်သော လူငယ်များကို အောက်ပါအတိုင်း သတိပေးခဲ့သည်။

> "တစ်ချို့က စစ်မှုထမ်းရင်း 'ဖရဲသီး' ဖြစ်လာနိုင်တယ်လို့ တွေးကောင်းတွေးနိုင်ကြပါတယ်။ ဒါပေမယ့် ဝမ်းနည်းဖို့ကောင်းတာက ဒါက လုံးဝမဖြစ်နိုင်သလောက်ပါပဲ။ ကိုယ့်အနေနဲ့ တပ်ထဲရောက်သွားပြီဆိုတာနဲ့ သူတို့ကိုပြန်တိုက်ဖို့၊ တပ်တွင်းပုန်ကန်ဖို့၊ ပြန်ခုခံဖို့ ဆိုတာတွေဟာ မဖြစ်နိုင်သလောက်ပါပဲ။ သဘောတရားအားဖြင့် စဉ်းစားကြည့်ရင်တော့ ကိုယ်ကမယုံနိုင်လောက်အောင် သတ္တိရှိပြီး စိတ်ဓတ်ခိုင်မာမယ် အထူးသဖြင့် သူတို့ရဲ့ ဝါဒဖြန့်မှုတွေကို တွန်းလှန်နိုင်လောက်အောင် စိတ်ဓတ်ခိုင်မာမယ် ဆိုရင်တော့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကိုယ့်အနေနဲ့ ပြင်ပကမ္ဘာနဲ့ အဆက်အသွယ် မပြတ်စေမယ့် နည်းလမ်းတစ်ခုကိုလည်း မဖြစ်မနေ ရှာဖွေထားဖို့ လိုပါလိမ့်မယ်။ သူတို့က ကိုယ့်ဖုန်းကို သိမ်းထားမှာဖြစ်တယ်၊ ကိုယ်အဆက်အသွယ် မလုပ်နိုင်အောင် ဖြတ်တောက်ထားမှာဖြစ်တယ်။ ကိုယ့်အနေနဲ့ အရေးကြီးတဲ့သူတွေရဲ့ ဖုန်းနံပါတ်နဲ့ အဆက်အသွယ်တွေကို အလွတ်မှတ်ထားဖို့ ဒါမှမဟုတ် စကားဝှက်နဲ့မှတ်ပြီး သိမ်းထားဖို့ လိုပါလိမ့်မယ်။ ဒါမှ တကယ်လို့ ကိုယ်က လူတွေနဲ့ဆက်သွယ်လို့ရမယ့် နည်းလမ်းကို တွေ့ခဲ့ရင် သတင်းအချက်အလက်တွေ မျှဝေပေးနိုင်မှာဖြစ်တယ်။"[၁၈၂]

# အနာဂတ်ပြုပြင် ပြောင်းလဲမှုများ

အကြောင်းအရာစုံလင်သော ပြည်သူ့ပန်းတိုင် စကားဝိုင်းဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ ဖက်ဒရယ် ဒီမိုကရေစီ အခြေခံဥပဒေသစ် ရေးဆွဲရေးအပါအဝင် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးတွင် ဘက်ပြောင်းလာသူများ ပါဝင်ကူညီနိုင်သည့် နည်းလမ်းအများအပြား အကြောင်း ကိုလည်း ဖော်ထုတ်ခဲ့ကြသည်။ ထိုကဲ့သို့ရှုပ်ထွေးသော နိုင်ငံရေးလုပ်ငန်းစဉ်များ၏ အသေးစိတ် အချက်အလက်များသည် ဤအစီရင်ခံစာ၏ နယ်ပယ်အတိုင်းအတာထက် ကျော်လွန်နေသည်။ သို့သော်လည်း ပြုပြင်ပြောင်းလဲရေးကဏ္ဍနှစ်ခုသည် လုံခြုံရေး တပ်ဖွဲ့ဝင်ဟောင်းများ၏ ပူးပေါင်းပါဝင် အကြံပြုမှုများ မဖြစ်မနေလိုအပ်သည်။ ယင်းတို့မှာ (၁) စစ်တပ်ပြုပြောင်းလဲရေးနှင့် (၂) ရဲတပ်ဖွဲ့ ပြုပြင် ပြောင်းလဲရေးတို့ ဖြစ်သည်။

## ၁။ စစ်တပ်ပြုပြင်ပြောင်းလဲရေး

### "စွမ်းရည်ပြည့်ဝမှုနှင့် ဂုဏ်သိက္ခာ"

မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွင် စစ်တပ်ဖွဲ့စည်းပုံနှင့် စစ်တပ်နှင့်ပြည်သူကြား ဆက်ဆံရေးကို မြေလှန်ပြောင်းလဲပစ်သည့် လုပ်ငန်းစဉ် ပါဝင်ရမည်ဟု ဘက်ပြောင်းလာသူများက အတိအလင်း ထုတ်ဖော်ပြောကြားကြသည်။ ဘက်ပြောင်းလာသူတစ်ဦးက ဤသို့ဆိုသည်။

> "စစ်တပ်ဟာ စွမ်းရည်နဲ့ ဂုဏ်သိက္ခာ ပြည့်ဝသင့်တယ်။ ဒေါ်အောင်ဆန်းစုကြည် ယူကေ (အင်္ဂလန်) ကိုသွားတုန်းက စစ်သင်တန်းကျောင်းမှာ မိန့်ခွန်းပြောခဲ့တယ်။ ဗြိတိသျှ ပြည်သူတွေက ဘာကြောင့်ဗြိတိသျှစစ်တပ်ကို ချစ်မြတ်နိုးကြတာလဲလို့ ဗိုလ်ချုပ်ကို သူမ ကမေးခဲ့တယ်။ ဗြိတိသျှစစ်တပ်ဟာ နိုင်ငံရေးနဲ့ လုံးဝကင်းအောင်နေတာကြောင့် လူတွေက စစ်တပ်ဟာ ပြည်သူကို အလုပ်အကျွေးပြုဖို့ပဲ ရှိနေတယ်လို့ ခံစားကြရတာကြောင့် ဖြစ်တယ်လို့ သူကပြန်ဖြေပါတယ်။ မှန်ကန်ကောင်းမွန်တဲ့ စနစ်တစ်ခုအတွင်းမှာဆိုရင် စစ်တပ်ဟာ ပြည် သူက ရွေးကောက်တင်မြှောက်ထားတဲ့ အရပ်သား အစိုးရအတွက် တာဝန်ထမ်းဆောင်ပါတယ်။ စစ်တပ်မှာ ခွဲထားတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ် တစ်ခုချင်းစီမှာ အစိုးရနဲ့ ပြောဆိုနိုင်တဲ့ ကိုယ်ပိုင်စစ်ဦးစီးချုပ်တွေ ရှိသင့်ပါတယ်။ စစ်ရေးနဲ့ စီမံအုပ်ချုပ်ရေးကို သီးခြားစီ ခွဲထားသင့် ပါတယ်။ ဒီလိုဟန်ချက်ညီအောင် ထိန်းထားနိုင်တဲ့ နိုင်ငံတွေကို လေ့လာပြီး လေးစားကြရ ပါမယ်။ မြန်မာနိုင်ငံရဲ့ ကြည်း၊ ရေ၊ လေ တပ်တွေကိုလည်း ဦးနေဝင်းက အားလုံးကို မပေါင်း လိုက်ခင် အချိန်တုန်းကလိုပဲ သီးခြားစီ ခွဲထားသင့်တယ်။"[၁၈၃]

## "စစ်ဥပဒေက ပွင့်လင်းမြင်သာမှု ရှိရမယ်"

နောက်ထပ် ဗိုလ်ကြီးဟောင်းတစ်ဦးကလည်း ဤသို့ပြောသည်။

> "စစ်တပ်ရဲ့ ရာဇဝတ်မှု စီရင်ဆုံးဖြတ်တာတွေနဲ့ ပြစ်ဒဏ်ချမှတ်တာတွေလုပ်တဲ့ အမိန့်ကွပ်ကဲမှုစနစ်နဲ့ ယန္တရားတွေ အကြောင်းကို နားလည်ထားဖို့လိုပါတယ်။ များသောအားဖြင့် စစ်တပ်အတွင်းက ပဋိပက္ခတွေကို ပွင့်လင်းမြင်သာမှုမရှိဘဲ အကျဉ်းရုံးကိုင်တွယ်နေပုံရပါတယ်။ အနာဂတ် မြန်မာနိုင်ငံမှာတော့ စစ်ဘက်ဆိုင်ရာ ဥပဒေတွေဟာ ပွင့်လင်းမြင်သာမှုရှိပြီး အရပ်ဘက်ဥပဒေတွေလိုပဲ မျှတမှုရှိရမှာ ဖြစ်ပါတယ်။ စနစ်တကျတည်ဆောက်ထားတဲ့ စစ်တပ်တစ်ခုမှာ စစ်ခုံရုံးတွေကို စနစ်တကျဖွဲ့စည်းထားပြီး မှတ်တမ်းပြုစုထားမှာဖြစ်တာကြောင့် နောက်ပိုင်းမှာ နမူနာထားဖို့ လေ့လာနိုင်မှာဖြစ်ပါတယ်။ လောလောဆယ်တော့ မင်းအောင်လှိုင်လက်ထက်မှာ ဒါတွေ တစ်ခုမှမရှိပါဘူး။"[၁၈၄]

## ၁.၂။ စစ်တပ်အတွင်း ဂျန်ဒါဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

ဂျန်ဒါခွဲခြားဆက်ဆံမှုများသည် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်စွာ ဖြစ်ပေါ်နေပြီး ဤပြဿနာကို စနစ်အသစ်အောက်တွင် တက်ကြွစွာ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည်။ သမိုင်းအစဉ်အလာအရ ဂျန်ဒါကိုအခြေခံ၍ ရာထူးခန့်အပ်မှုများ မည်သို့ ပြုလုပ်လာခဲ့ကြောင်းနှင့် စစ်တပ်နှင့် အစိုးရဌာန နှစ်ခုလုံးက အမျိုးသမီးများကို ရုံးဝန်ထမ်း သို့မဟုတ် ဆေးဝန်ထမ်းများ အဖြစ်သာ တာဝန်ထမ်းဆောင်ရန် မည်သို့ ကန့်သတ်မှုများ ပြုလုပ်လာခဲ့ကြောင်း စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူများက ပြန်လည်ရှင်းပြသည်။[၁၈၅]

## "အမျိုးသားတွေက အမျိုးသမီးတွေလက်အောက်မှာ တာဝန်ထမ်းဆောင်ဖို့ ငြင်းဆန်ကြလိမ့်မယ်။"

ဆေးဘက်ဆိုင်ရာ အရာရှိဟောင်းတစ်ဦးဖြစ်သည့် နောက်ထပ်အမျိုးသမီးတစ်ဦးကလည်း သူမ၏ အမြင်များကို အောက်ပါအတိုင်း မျှဝေခဲ့သည်။

> "သမိုင်းတစ်လျှောက်မှာ အမျိုးသမီးသူနာပြုတွေနဲ့ ဆေးဘက်ဆိုင်ရာအရာရှိ အနည်းငယ်ပဲ ရှိပါတယ်။ ခုချိန်မှာတော့ တပ်သားသစ်စုဆောင်းနိုင်မှု နည်းလာကြောင့် စစ်တပ်က အမျိုးသမီး တပ်သားသစ်တွေ လိုလိုလားလား စုဆောင်းနေပါတယ်။ အောက်ခြေစစ်သည်တွေရဲ့ သမီးမိန်းကလေးတွေဟာ အလုပ်အရမ်းခိုင်းခံရတာကြောင့် ကျောင်းတောင်မတက်နိုင်ပါဘူး။ ဥပမာ သူတို့က အရာရှိတွေရဲ့အိမ်မှာ သန့်ရှင်းရေးလုပ်ပေးရပါတယ်။ ဒါပေမယ့် ခုချိန်မှာတော့ အမျိုးသမီးတွေလည်း ဗိုလ်လောင်းတွေ၊ အရာရှိတွေ ဖြစ်ခွင့်ရှိပြီး တက္ကသိုလ်က ဘွဲ့တခုခုရထားမယ်ဆိုရင် တပ်ကြပ်ကြီးအထိ ဖြစ်လာနိုင်ပါတယ်။ ဆေးဝန်ထမ်းအများစုက အမျိုးသမီးတွေဖြစ်ကြပေမယ့် စစ်တပ်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အနှစ် ၂၀ အတွင်း ဆေးရုံကိုကြီးကြပ်တဲ့သူတွေထဲမှာ အမျိုးသမီးလေးဦးပဲ တွေ့ခဲ့ဖူးပါတယ်။
>
> အမျိုးသားတွေဟာ အမျိုးသမီးတစ်ယောက်က သူတို့ထက် အရည်အချင်း အများကြီးပိုပြီး ပြည့်မီနေရင်တောင် ဒီအမျိုးသမီးရဲ့ လက်အောက်မှာ တာဝန်ထမ်းဆောင်ဖို့ ငြင်းဆန်ကြပါလိမ့်မယ်။ အမျိုးသမီးတွေအတွက် သီးသန့်နေရာထိုင်ခင်းလည်း မရှိပါဘူး။ အမျိုးသမီးတွေကို

အိမ်ထောင်သည် လိုင်းခန်းတွေမှာ ရောပြီးထားတာကြောင့် လူမှုရေးပြဿနာတွေလည်း ဖြစ်လေ့ရှိပါတယ်။”[၁၈၆]

**တော်လှန်ရေးအတွင်း ဂျန်ဒါပါဝင်မှု** - လွတ်မြောက်နယ်မြေများမှ အုပ်ချုပ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် တိုက်ခိုက်ရေးကဏ္ဍများတွင် အမျိုးသမီးများသည် အရေးပါသောအခန်းကဏ္ဍများ၌ မည်သို့ တာဝန်ထမ်းဆောင်နေကြကြောင်း ဘက်ပြောင်းလာသူများက အာဏာသိမ်းစစ်တပ်အတွင်းမှ ကွာခြားချက်များနှင့် နှိုင်းယှဉ်၍ ရှင်းပြကြသည်။ ယခင်တော်လှန်ရေးများတွင် အများပါဝင်မှုနည်းခဲ့ကြောင်း နှင့် လက်ရှိတော်လှန်ရေးလှုပ်ရှားမှုတွင် အမျိုးသမီးများက အခရာကျသော အခန်းကဏ္ဍမှ ပုံစံမျိုးစုံဖြင့် ပါဝင်နိုင်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းတို့က အလေးပေးပြောကြားခဲ့သည်။[၁၈၇]

### "အမျိုးသမီးတွေဟာ ကြီးမားတဲ့အစိတ်အပိုင်းတစ်ခု ဖြစ်လာမှာပါ"

တပ်ကြပ်ကြီးဟောင်းတစ်ဦးဖြစ်သည့် ဘက်ပြောင်းလာသူ အမျိုးသမီးတစ်ဦးက စစ်တပ်နှင့် တော်လှန်ရေးကြား ဂျန်ဒါကိစ္စအပေါ် သဘောထားကွာခြားပုံ နှင့်ပတ်သတ်ပြီး သူမ၏အမြင်များကို ဤသို့ပြန်လည်ပြောပြခဲ့သည်။

> “စစ်တပ်က အမျိုးသမီးတွေကို နှိမ့်ချဖိနှိပ်တယ်။ အမျိုးသမီးတွေက ဘာမှမလုပ်နိုင်ကြဘူးလို့ သူတို့က မှတ်ယူထားတယ်။ တစ်နိုင်ငံလုံးကိုလည်း ဒီအမြင်သွတ်သွင်းဖို့ ကြိုးစားကြတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တွေမှာဆို အမျိုးသမီးတွေကို လိုအပ်ကြတယ်။ အမျိုးသမီးတွေက စီမံအုပ်ချုပ်မှု၊ ဦးဆောင်မှု၊ ဆေးဘက်ဆိုင်ရာတာဝန်နဲ့ တိုက်ပွဲဝင်တဲ့ အလုပ်တွေကိုပါ လုပ်ဆောင်ကြတယ်။ အမျိုးသမီးတွေကို အနောက်မှာ ချန်ထားခဲ့လို့မရတော့ ပါဘူး။ အရင်ကတော်လှန်ရေးတွေ မအောင်မြင်ခဲ့ပါဘူး။ ဒါပေမယ့် နောက်ပိုင်းမှာ အယူဝါဒဆိုင်ရာ အပြောင်းအလဲတွေနဲ့ တိုင်းရင်းသားလူမျိုးစုအရေးနဲ့ ပတ်သက်တဲ့ သဘောထားပြောင်းလဲမှုတွေ ရှိလာခဲ့ပါတယ်။ ဒါကြောင့် နောက်ဆုံးမှာ အောင်ပွဲဆင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒီအောင်ပွဲမှာလည်း အမျိုးသမီးတွေဟာ ကြီးမားတဲ့အစိတ်အပိုင်းတစ်ခု ဖြစ်လာမှာပါ။”[၁၈၈]

## ၂။ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး

### "ပြည်သူတွေကို အလုပ်အကျွေးပြုဖို့ ကတိပြုထားတယ်"

လွတ်မြောက်နယ်မြေတစ်ခုတွင် အားကောင်းပြီး အောင်မြင်မှုရှိသော ရဲတပ်ဖွဲ့တစ်ခု ဖွဲ့စည်းတည်ထောင်သည့် အကြောင်းကို ရဲအရာရှိဟောင်းတစ်ဦးက ပြန်လည်ရှင်းပြသည်။ ဤသို့သော ဖြစ်ပေါ်တိုးတက်မှုများသည် လက်ရှိအချိန်တွင် အာရုံစိုက်ခံရမှု နည်းနေသေးသော်လည်း အနာဂတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့များကို ပြုပြင်ပြောင်းလဲရေး ပြုလုပ်ရာတွင် အရေးကြီးသော အသိအမြင်များ ပေးစွမ်းနိုင်သည်။

> “ပြည်သူ့ရဲတပ်ဖွဲ့အောက်မှာ ဌာနတွေအများကြီးရှိတယ်။ လောလောဆယ် ရုံး (၂) ခုရှိတယ်၊ ဘယ်မှာလဲလို့တော့ မပြောတော့ပါဘူး။ လစဉ် ဘက်ပြောင်းလာတဲ့ အဖွဲ့ဝင်သစ် ၅၀ နဲ့ ၆၀ ကြားရှိတယ်။ ဘက်ပြောင်းရေးကိစ္စဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေနဲ့လည်း အနီးကပ် လက်တွဲဆောင်ရွက် နေပါတယ်။ ခုလက်ရှိ ရဲတပ်သားတွေကို မြေပြင်မှာ

လူဖမ်းတဲ့နည်းတွေ အကြောင်း လေ့ကျင့်သင်ကြားပေးပြီး ခိုင်မာတဲ့မူဝါဒတွေကို လိုက်နာဖို့လည်း သင်ကြားပေး နေပါတယ်။ အပြောင်းအလဲတစ်ခု ဖြစ်လာဖို့ ဘဝတွေ ပေးဆပ်ပြီးလုပ်နေကြပါတယ်။ ဘက်ပြောင်းလာသူအများစုဟာ တန်ဖိုးရှိတဲ့ရဲဘော်တွေအဖြစ် တာဝန်ထမ်းဆောင် နေကြပါတယ်။ ပြည်သူကိုအလုပ်အကျွေးပြုပါမယ်လို့ ကတိပြုထားပေမယ့် ယုံကြည်မှုနဲ့ပတ်သက်တဲ့ အခက်အခဲတွေတော့ ဆက်ရှိနေပါတယ်။ ဘက်ပြောင်းရေး လှုပ်ရှားမှုဟာ ဒီထက်အများကြီး ပိုအားကောင်းလာနိုင်ပါတယ်။”[၁၈၉]

# နိုင်ငံတကာ

## အသိုင်းအဝိုင်း

မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုအတွက် အခိုင်အမာပံ့ပိုးကူညီနေသော နိုင်ငံတကာအလှူရှင်များ ယခုတိုင်မရှိသေးပါ။ EROs များသည် NUG နှင့် NUCC တို့ထံမှ ပံ့ပိုးမှုအချို့ရခဲ့သော်လည်း ၎င်းတို့အနေဖြင့် ပြည်ပရောက် မြန်မာများထံမှ အလှူငွေများနှင့် ယာယီရန်ပုံငွေရှာဖွေရေး အစီအစဉ်များအပေါ်သာ ဆက်လက်အမှီအခိုပြုနေရသည်။[၁၉၀] ဒီမိုကရေစီနိုင်ငံတော်အတွက် လုံခြုံရေးတပ်ဖွဲ့ ဝင်ဟောင်းများ၏ ပါဝင်ပံ့ပိုးကူညီမည့် အလားအလာကို ပိုမိုရှင်းလင်းစွာ မြင်လာရသည့်နှင့်အမျှ အိမ်နီးချင်းနိုင်ငံများသည်လည်း ဒုက္ခသည်များ အဖြစ်ထွက်ပြေးလာသော ဘက်ပြောင်းသူများအပေါ်ထားရှိသော ၎င်းတို့၏ ရပ်တည်ချက်ကို ပြန်လည်သုံးသပ်လာကြမည်ဖြစ်သည်။ ထို့ပြင် လက်နက်ကိုင်လမ်းစဉ်ကို တိုက်ရိုက်ပံ့ပိုးရန် ဝန်လေးနေကြသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် စာနာနားလည်ပေးကြသော နိုင်ငံများအနေဖြင့်လည်း ဘက်ပြောင်းရေး အစီအစဉ်များကဲ့သို့ အကြမ်းမဖက် လှုပ်ရှားမှုအစီအစဉ်များကို အကူအညီပေးနိုင်ခြေ ပိုများသည်။

### “ဘက်ပြောင်းဖို့ သတ္တိမွေးနိုင်တယ်”

တော်လှန်ရေး ဆက်လက်ရပ်တည်ရေးအတွက် နိုင်ငံတကာ ပံ့ပိုးကူညီမှုများ၏ အရေးကြီးပုံကို ဘက်ပြောင်းလာသူတစ်ဦးက အောက်ပါအတိုင်း ထုတ်ပြောခဲ့သည်။

“ဘက်ပြောင်းလာသူတွေရဲ့ အခြေခံလိုအပ်ချက်နဲ့ လုံခြုံရေးကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် အမေရိကန်နိုင်ငံရဲ့ အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့် အက်ဥပဒေ (NDAA) နဲ့ ဘားမားအက် (Burma Act) ကနေတစ်ဆင့်ပေးမယ့် အထောက်အပံ့တွေ ရှိလာနေပါပြီ။ ဒါက အတော်လေး အားရစရာ ကောင်းပါတယ်။ ဘက်ပြောင်းလာသူတွေကို ဂရုစိုက်ပေးကြတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိလာကြတဲ့အခါ ဘက်ပြောင်းဖို့အတွက် ပိုပြီးသတ္တိမွေးလာကြမှာဖြစ်ပါတယ်။”[၁၉၁]

## "ဘက်ပြောင်းလာသူတွေကို ကူညီခြင်းဟာ ကြီးမားတဲ့ အကျိုးသက်ရောက်မှုတွေ ရှိပါတယ်"

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ဘက်ပြောင်းလာသူများနှင့် ပတ်သတ်ပြီး စိုးရိမ်စရာမလိုကြောင်း အခြား စကားဝိုင်းဆွေးနွေးသူတစ်ဦးကလည်း အောက်ပါအတိုင်း အလေးပေးပြောခဲ့သည်။

> "ဘက်ပြောင်းလာသူတွေဟာ စစ်ရာဇဝတ်ကောင်တွေမဟုတ်ဘူးဆိုတာ နိုင်ငံတကာ အသိုင်းအဝိုင်းကို အာမခံချင်ပါတယ်။ သူတို့ဟာ မြန်မာစစ်တပ်ကို စွမ်းရည်ပြည့်မီလာအောင် ကူညီချင်ကြသူတွေ ဖြစ်ပါတယ်။ သူတို့ဟာ စစ်ရာဇဝတ်မှုတွေအတွက် တရားမျှတမှု လိုလားသူတွေဖြစ်ပြီး ပြည်သူလူထုကို အလုပ်အကျွေးပြုလိုသူတွေလည်း ဖြစ်ကြပါတယ်။ ဒါကြောင့် ဘက်ပြောင်းလာသူတွေကို ကူညီခြင်းဟာ ကြီးမားတဲ့အကျိုးသက်ရောက်မှုတွေ ရှိပါတယ်။ ဘက်ပြောင်းလာသူတွေကို ကူညီခြင်းဟာ စစ်အုပ်စုချိန်နဲ့သွားစေဖို့ အထိရောက်ဆုံးနည်းလမ်းတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ဘက်ပြောင်းရေးလှုပ်ရှားမှု ပိုမိုအားကောင်းလာပြီး စနစ်တကျ ရှိလာအောင် ကူညီပေးနိုင်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံ ဒီမိုကရေစီတည်ဆောက်ရေးအတွက် အလွန်အရေးကြီးပါတယ်။"[၁၉၂]

## "သူတို့လက်ခံယုံကြည်လာအောင်လုပ်ဖို့က ကိုယ့်အပေါ်ပဲမူတည်တယ်"

ဘက်ပြောင်းရေးကိစ္စများကို ဆောင်ရွက်ခဲ့သော NUG တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးက အခြားနိုင်ငံများနှင့် အကျိုးရှိရှိ ထိတွေ့ဆက်ဆံနိုင်ရေး ကြိုးစားရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများအကြောင်းကို ဤသို့ပြန်လည်ပြောပြသည်။

> "တကယ်တမ်းမှာ အိမ်ရှင်နိုင်ငံနဲ့သာ သက်ဆိုင်တဲ့အတွက် တပြေးညီ ခိုလှုံခွင့်မူဝါဒမျိုးတော့ မရနိုင်ပါဘူး။ လုပ်လို့ရနိုင်တာကတော့ စိတ်ပါဝင်စားတဲ့အဖွဲ့တွေကို သတင်းအချက်အလက်တွေ ပေးတာပဲဖြစ်ပါတယ်။ ဥပမာအားဖြင့် ချက်သမ္မတနိုင်ငံက ဒုက္ခသည် အနည်းငယ် လက်ခံပေးနိုင်ပေမယ့် သူတို့အတွက် ကုန်ကျစရိတ်တွေ ပေးမှာမဟုတ်ပါဘူး။ အခြားနိုင်ငံတွေကတော့ သူတို့မူဝါဒတွေကို လူသိရှင်ကြားထုတ်မပြောပဲ လျှို့ဝှက်တဲ့နည်းနဲ့သာ လုပ်ဆောင်ကြပါတယ်။ ဘက်ပြောင်းရေး အစီအစဉ်တွေဟာ တော်လှန်ရေးရေစီးကြောင်းကို ပြောင်းလဲစေနိုင်တယ်လို့ လက်ခံတဲ့နိုင်ငံတွေ ပိုများလာရင် သူတို့ဘက်က ထောက်ပံ့မှုတွေလည်း ပိုလုပ်လာနိုင်ပါတယ်။ သူတို့လက်ခံယုံကြည်လာအောင်လုပ်ဖို့က ကိုယ့်အပေါ်ပဲ မူတည်ပါတယ်။

တရုတ်နှင့် အိန္ဒိယတို့ကို မေတ္တာရပ်ခံနိုင်သည့်အလားအလာများနှင့် ပတ်သတ်၍ ပြည်သူ့ပန်းတိုင် ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည့် သုတေသီတစ်ဦးက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်။

> "နိုင်ငံတကာပံ့ပိုးကူညီမှုလို့ ဆိုရာမှာ အစိုးရတွေကိုပဲ ပြောတာမဟုတ်ပါဘူး။ အရပ်ဘက်အဖွဲ့အစည်းတွေကလည်း အရေးကြီးပါတယ်။ အရေးယူပိတ်ဆို့မှုတွေကို အစိုးရတွေကသာမက လူထုအင်အားနဲ့ပါ ပူးတွဲလုပ်ဆောင်သင့်ပါတယ်။ ကိုယ့်တစ်ယောက်ထဲအမြင်ပြောရရင် တရုတ်နိုင်ငံ နဲ့ အိန္ဒိယနိုင်ငံ ပြည်သူတွေနဲ့ ထိတွေ့ဆောင်ရွက်တာမျိုးကိုလည်း ပစ်ပယ်ထားမှာ မဟုတ်ပါဘူး။ ကိုယ့်ဘက်က အမြင်တစ်မျိုးရှိနိုင်ပေမယ့် တရုတ်နဲ့ အိန္ဒိယနိုင်ငံ အစိုးရတွေဟာလည်း သူ့လူထုသဘောထားဘက် လိုက်ယိမ်းရတာပါပဲ။ ဒီလိုလူထုသဘောထားဆိုတာကလည်း ဗျူဟာကျကျ ဆွဲဆောင်လို့ရနိုင်ပါတယ်။"

# နိဂုံး

အစီရင်ခံစာကို မြန်မာစစ်တပ်မှ ဘက်ပြောင်းစွန့်ခွာလာသူများ၏ ထွက်ဆိုချက်များအပေါ် အဓိကအခြေခံ၍ ရေးသားထားသည်။ ဘက်ပြောင်းလာသူများသည် အာဏာသိမ်းစစ်တပ်အတွင်းရှိ စနစ်ပိုင်းဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ရာတွင်၎င်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြန်လည်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လှမ်းမှ ပါဝင်ဆောင်ရွက်ရာတွင်၎င်း အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ဤအစီရင်ခံစာက မီးမောင်းထိုးပြနေသည်။

ဤအစီရင်ခံစာထဲတွင် ဒီမိုကရေစီအရေးလှုပ်ရှားမှုအတွင်း လူထု၏နိုင်ငံရေးပါဝင်မှုကို ပိုမိုကျယ်ပြန့်လာစေရန် NUG က အရေးတကြီးဆောင်ရွက်ရန် လိုအပ်သောအရာများကို အလေးပေးဖော်ပြထားသည်။ ဘက်ပြောင်းရေးအစီအစဉ်သည် စစ်တပ်ကို အင်အားချိနဲ့သွားအောင် ဆောင်ရွက်ရာတွင် အကြမ်းမဖက်သောနည်းလမ်းတစ်ခု ဖြစ်သည့်အပြင် ကုန်ကျစရိတ်လည်းနည်းသောကြောင့် NUG နှင့် NUCC တို့အနေဖြင့် ဘက်ပြောင်းလာသူများကို ပံ့ပိုးကူညီရေး တပြေးညီမူဝါဒတစ်ခု မဖြစ်မနေ ရေးဆွဲချမှတ်သင့်သည်။

NUG ၊ တော်လှန်ရေးအင်အားစုများနှင့် ၎င်းတို့၏ မဟာမိတ်များအနေဖြင့် ဘက်ပြောင်းလာသူများက ယူဆောင်လာသော အသိအမြင်များကို အကောင်းဆုံးအသုံးချကာ ဤအစီရင်ခံစာထဲတွင် တင်ပြထားသည့် စနစ်ပိုင်းဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းအားဖြင့် အများပါဝင်မှုရှိပြီး ဒီမိုကရေစီနည်းလမ်းကျပြီး သာယာဝပြောသော မြန်မာနိုင်ငံဖြစ်လာအောင် တည်ဆောက်ရန် စွမ်းရည်ပိုမိုပြည့်ဝလာမည်ဖြစ်သည်။



# မူဝါဒဆိုင်ရာ အကြံပြုချက်များ

သက်ဆိုင်ရာ ပြည်တွင်းပြည်ပ အင်အားစုများသည် ပြည်သူ့ပန်းတိုင် စတည်တည်ထောင်ချိန်မှစ၍ ဘက်ပြောင်းလာသူများနှင့် ထိတွေ့ဆောင်ရွက်မှုပြုလုပ်သည့် အတွေ့အကြုံများနှင့် ၎င်းတို့ကို ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံရေးဖြစ်စဉ်အတွင်း ပါဝင်လာအောင် ဆောင်ရွက်သည့် အတွေ့အကြုံများမှ မည်သည့် သင်ခန်းစာများရခဲ့ကြောင်း အဖွဲ့၏ကော်မတီဝင်များကို ပုံမှန်မေးမြန်းလာခဲ့ကြသည်။ နှစ်‚နှစ်ကျော်ကြာ စကားဝိုင်းဆွေးနွေးပွဲများနှင့် ဆက်စပ်သုတေသနများကို ဆန်းစစ်လေ့လာပြီးနောက် ပြည်သူ့ပန်းတိုင်သည် အဖွဲ့အစည်းတစ်ခုအနေဖြင့် အောက်ပါအချက်များကို အကြံပြုတင်ပြအပ်ပါသည်။

## အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အတွက် မူဝါဒအကြံပြုချက်များ

- **ဘက်ပြောင်းလာသူများအတွက် ပံ့ပိုးကူညီမှုများ ပိုမိုအားကောင်းအောင် ဆောင်ရွက်ပါ။** ပြည့်စုံလွှမ်းခြုံမှုရှိသော ဘက်ပြောင်းသူများပြန်လည်ပေါင်းစည်းအခြေချရေးဆိုင်ရာ အစီအစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်ပါ။ မြန်မာစစ်တပ်မှ ဘက်ပြောင်းလာသူများအတွက် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ၊ ကျွမ်းကျင်မှုသင်တန်းများ၊ ဒီမိုကရေစီအရေးလှုပ်ရှားမှုတွင် ပြန်လည်ပေါင်းစည်းအခြေချရေး အစီအစဉ်များ အပါအဝင် ခိုင်မာသော ပံ့ပိုးကူညီရေး အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ပါ။ ဤသို့ဆောင်ရွက်ခြင်းသည် စစ်တပ်၏ အတွင်းလူများဖြစ်ခဲ့သည့် ၎င်းတို့၏ အသိအမြင်များကို အကောင်းဆုံးအသုံးချမှု ဖြစ်စေကာ စစ်အုပ်စုဆန့်ကျင်ရေး လက်နက်ကိုင်လှုပ်ရှားမှုများကို မိုမို အောင်ကောင်းစေရန် အထောက်အကူဖြစ်စေနိုင်သည်။
- **ဂျန်ဒါပါဝင်မှုရှိအောင် ဆောင်ရွက်ပါ။** ဂျန်ဒါရေးရာမူဝါဒများကို အကောင်အထည်ဖော်ခြင်းနှင့် ဘက်ပြောင်းလာသူအမျိုးသမီးများကို ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် တာဝန်ယူနိုင်အောင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည့်နည်းလမ်းများဖြင့် ဘက်ပြောင်းရေး အစီအစဉ်တွင် ဂျန်ဒါ ခွဲခြားဆက်ဆံမှုများကို ကိုင်တွယ်ဖြေရှင်းပါ။

ဤအကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် NUG နှင့် NUCC အနေဖြင့် ဘက်ပြောင်းလာသူများက ထိရောက်စွာ အကောင်းဆုံး ပြန်လည်အကျိုးပြုနိုင်စေရန်၊ ဒီမိုကရေစီ လုပ်ငန်းစဉ်များကို မြှင့်တင်ရန်နှင့် နိုင်ငံတကာထံမှ အလွန်အရေးပါသော ပံ့ပိုးကူညီမှုများရရှိနိုင်ရန် ဆောင်ရွက်ကာ ထို့မှတစ်ဆင့် မြန်မာနိုင်ငံကို ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်အဖြစ်သို့ အသွင်ကူးပြောင်းနိုင်ရေး ကြိုးပမ်းမှုများကို ပိုမိုတိုးတက်အောင်မြင်လာအောင် ဆောင်ရွက်နိုင်သည်။

## နိုင်ငံတကာအစိုးရများ (အမေရိကန်၊ ဥရောပသမဂ္ဂ) နှင့် အာဆီယံအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များ

- **ဘက်ပြောင်းလာသူများအား ပံ့ပိုးကူညီပါ** - ဘက်ပြောင်းလာသူများ ပြန်လည်ပေါင်းစည်း အခြေချရေး အစီအစဉ်များအတွက် ငွေကြေးအကူအညီ၊ သင်တန်းအကူအညီနှင့် ပြန်လည်နေရာ ချထားရေး အကူအညီများ အပါအဝင် လိုအပ်သော ပံ့ပိုးကူညီမှုများပေးပါ။ ဤအစီအစဉ်များ ပိုမိုထိရောက်မှုရှိစေရန် အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု ရှိလာအောင် စီစဉ်ပံ့ပိုးပေးပါ။
- **ပစ်မှတ်ထား ဒဏ်ခတ်အရေးယူမှုများ တိုးမြှင့်ဆောင်ရွက်ပါ။** မြန်မာစစ်တပ်၏ အဓိကအဖွဲ့ဝင်များနှင့် ၎င်းတို့နှင့်ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများအား ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ ချမှတ် အကောင်အထည်ဖော်ပါ။ ဤဒဏ်ခတ် အရေးယူမှုများသည် စစ်အုပ်စု၏ ဘဏ္ဍာရေး အရင်းအမြစ်များကို ဘက်ပေါင်းစုံမှ ထိရောက်စွာ အဟန့်အတားဖြစ်စေရန် အခိုင်အမာဆောင်ရွက်ပါ။

ဤသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာအစိုးရများ၊ အထူးသဖြင့် အာဆီယံနှင့်အတူ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့သည် မြန်မာနိုင်ငံအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန်နှင့် ဒေသတွင်း တည်ငြိမ်ရေးကိုမြှင့်တင်ရန် တစ်ဖက်တစ်လမ်းမှ အခိုင်အမာ ပံ့ပိုးကူညီမှု ပေးနိုင်သည်။

# ကိုးကား


